# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်းချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ အတ္တဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday , 11 November 2016 (၈၇၄၂)


## အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ မစ္စတာဒေါ်နယ်ဂျွန်ထရန့်ထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အမေရိကန်ပြည်ထောင်စု၏ ၄၅ ဦးမြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ မစ္စတာဒေါ်နယ်ဂျွန်ထရန့် ထံသို့ နိုဝင်ဘာ ၉ ရက်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

## အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ မစ္စတာဒေါ်နယ်ဂျွန်ထရန့်ထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု၏ ၄၅ ဦးမြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ မစ္စတာဒေါ်နယ်ဂျွန်ထရန့် ထံသို့ နိုဝင်ဘာ ၉ ရက်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

# အတန်းပညာဆက်လက်မသင်ယူနိုင်သော်လည်း အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် မြင်းခြံမြို့မှ အမှတ်(၆) စက်မှုသင်တန်းကျောင်း

သတင်း-သီသီမင်း၊ ဓာတ်ပုံ-အိုင်တီစီ



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ) အဆောက်အအုံနှင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှု(ယာပုံ)ကို တွေ့ရစဉ်။



မြင်းခြံမြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာ မြင်းခြံ-နဘူးအိုင်-မန္တလေးသွားကားလမ်းမကြီး၏ အရှေ့ဘက် ကုက္ကဲကျေးရွာအနီး ကုက္ကဲတောင်ကြီး၏ တောင်ခြေတွင်တည်ရှိသည့် အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ)သည် စက်မှုလက်မှုအတတ်ပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာစေရန် စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကျောင်းကို ၂၀၁၁ ခုနှစ် ဇွန် ၂၁ ရက်က အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး နှစ်နှစ်နှင့် ရှစ်လအကြာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အတန်းပညာကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်သင်ယူနိုင်ခြင်းမရှိသည့် လူငယ်များကို အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးရည်ရွယ်ချက်နှင့် နိုင်ငံတော်က ဖွင့်လှစ်ခဲ့ကြောင်း သင်တန်းရေးရာဌာနမှူး ဒေါ်မျိုးမျိုးသက်၏ ပြောပြချက်အရ သိရသည်။

စက်မှုဝန်ကြီးဌာနလက်အောက်ရှိ အဆိုပါသင်တန်းကျောင်းတွင် တွင်ခုံ၊ ကြိတ်ခုံ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ မိုလ်နဲ့ ဒိုင်ပြုလုပ်မှုသင်တန်း၊ ကွန်ပျူတာသုံး စက်ခုတ်စားမှု စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**


KBZ BANK
STRENGTH OF MYANMAR
သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့ကြား ကျန်ရှိနေသည့် အဆိုပြုချက်များအား ဆက်လက်ဆွေးနွေး



**ရန်ကုန် နိုဝင်ဘာ ၁၀**

ငြိမ်းချမ်းရေးကော်မရှင် (Peace Commission) နှင့် NCA လက်မှတ်မရေးထိုးရသေးသော ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့အကြား ကျန်ရှိနေသော အဆိုပြုချက်များအပေါ် တတိယအကြိမ် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (ရန်ကုန်)၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်မှ ကိုယ်စားလှယ် ကိုးဦး၊ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) ဘက်မှ ကိုယ်စားလှယ် ၁၁ ဦးနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြပြီး ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) ခေါင်းဆောင် ခူဦးရယ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် အောက်တိုဘာ ၁၅ ရက်က နေပြည်တော်၌ ကျင်းပခဲ့သော ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN အဖွဲ့တို့ တွေ့ဆုံစဉ်က UNFC ၏ အဆိုပြုချက် ရှစ်ချက်အနက် လေးချက်ကို နှစ်ဖက်သဘောတူညီမှုရရှိထားပြီးဖြစ်သဖြင့် ယနေ့တွင် ကျန်ရှိနေသော အချက်များအပေါ် အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ သုံးသပ်ခြင်းတို့ကို ပြုလုပ်ကြသည်။

"ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က ယုံကြည်မှုတည်ဆောက်တဲ့ဖြစ်စဉ်ပါ။ အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေကို အကြိမ်ကြိမ်ပြုလုပ်ပြီး ရင်းနှီးမှုတွေ၊ နားလည်မှုတွေ၊ ယုံကြည်မှုတွေရဲ့ ရလဒ်ကောင်းတွေကနေ တစ်ဖက်နဲ့တစ်ဖက် အဖြေရှာကြရတာဖြစ်ပါတယ်။ အခု ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN အဖွဲ့တွေ တွေ့ဆုံမှုဟာ တတိယအကြိမ်ပါ။ ထပ်မံပြီး ဆွေးနွေးဖို့ကျန်သေးတဲ့ အဆိုပြုချက်တွေကို JMC မှာရော ငြိမ်းချမ်းရေးကော်မရှင်မှာပါ ဆွေးနွေးအဖြေရှာသွားမှာပါ။ ဒီနိုဝင်ဘာလထဲမှာပဲ ကျင်းပသွားဖို့ရှိပါတယ်။ နိုင်ငံရေးမူဘောင် ဆွေးနွေးမှုကိုလည်း အရင်က CT အဖွဲ့တွေနဲ့ အစိုးရကိုယ်စားလှယ်တွေဆွေးနွေးခဲ့ကြပြီး အခုနောက်ပိုင်းကာလတွေမှာ DPN ပါဝင်လာပြီး အချက်အတော်များများကို ညှိနှိုင်းဆွေးနွေးလာနိုင်ပါပြီ။ ဆက်လက်ပြီးတော့လည်း ကျန်ရှိနေသေးတဲ့ အဓိကအချက်တွေကို ထပ်မံဆွေးနွေးသွားဖို့၊ ပြင်ဆင်သွားဖို့ကို ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN တို့ နှစ်ဖက်သဘောတူထားတာတွေရှိပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နှစ်ဖက်ခေါင်းဆောင်တွေကတော့ အပြုသဘောဆောင်ပြီး အကောင်းဘက်ကို ဦးတည်သွားနေပါတယ်"ဟု ယနေ့ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူးဦးလှမောင်ရွှေက ပြောသည်။

ကျန်ရှိနေသည့် အချက်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် အများဆုံးပတ်သက်နေသဖြင့် ယင်းအချက်တို့အပေါ် နိုဝင်ဘာလလယ်ပိုင်းတွင် ကျင်းပသွားမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ ပုံမှန်အစည်းအဝေးများတွင် DPN ၏ ကျန်ရှိနေသော တောင်းဆိုချက်များအား ထည့်သွင်းဆွေးနွေးအဖြေရှာသွားမည်ဖြစ်ကြောင်း ယနေ့အစည်းအဝေးမှ သိရသည်။

ထို့အပြင် နိုဝင်ဘာလကုန်ပိုင်းခန့်တွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN အဖွဲ့တို့ ထပ်မံတွေ့ဆုံကာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး (Political Framework Review Meeting) တွင် ပါဝင်ဆွေးနွေးနိုင်ရေးနှင့် နှစ်ဖက်ပြင်ဆင်ညှိနှိုင်းမှုပြုနိုင်ရေးတို့အား ဆောင်ရွက်ရန် ယနေ့တွေ့ဆုံဆွေးနွေးမှုတွင် သဘောတူခဲ့ကြောင်း၊ UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)အနေဖြင့် NCA တွင် ပါဝင်သောအချက်များအား လက်ခံသဘောတူညီပြီးဖြစ်ရာ လက်မှတ်ရေးထိုးပြီးလျှင် ခိုင်မာသော သဘောတူညီချက်ဖြစ်ရန် လိုအပ်ကြောင်း၊ ခိုင်မာသောသဘောတူညီချက်များဖြစ်မှသာလျှင် မြေပြင်ပဋိပက္ခပြဿနာများ၊ ထိတွေ့မှုများ မဖြစ်ပွားစေရန် စနစ်တကျစောင့်ကြည့်ထိန်းသိမ်းစေလိုကြောင်း၊ ထို့မှတစ်ဆင့် နိုင်ငံရေးဆွေးနွေးမှုစတင်နိုင်ရန် ပါဝင်သင့်ပါဝင်ထိုက်သူများအား ပါဝင်စေပြီး ခိုင်မာသောနိုင်ငံရေးဆွေးနွေးပွဲများကို အဆင့်ဆင့်သွားနိုင်စေရန် ခိုင်မာသော နိုင်ငံရေးမူဘောင်တစ်ခုအား ပြဋ္ဌာန်းဆောင်ရွက်သွားစေလိုကြောင်း ထိုနေ့ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

"တွေ့ဆုံဆွေးနွေးပွဲတွေကတော့ တဖြည်းဖြည်းနဲ့အကောင်းဘက်ကို သွားနေတယ်လို့တော့ပြောရမှာပါ။ ဒီအပေါ်မှာ မြန်မြန်လေးသွားနိုင်ဖို့ အဆင့်တွေခွဲပြီး ဆွေးနွေးဖြစ်ပါတယ်။ အမြင်သဘောထားတွေတူညီပါတယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးနိုင်ဖို့ကို ငြိမ်းချမ်းရေးအခင်းအကျင်းက NCA လမ်းကြောင်းအတိုင်း သွားရမယ်ဆိုတာ အားလုံးသဘောတူထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NCA လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အဓိက ခက်ခဲနေတဲ့ပြဿနာက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နေတဲ့ EAOs တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တွေအားလုံး မပါဝင်လာနိုင်တဲ့ ပြဿနာက အဓိကကျနေပါတယ်။ ဒါကလည်း ကျွန်တော်တို့အနေနဲ့ အားလုံးပါဝင်မှုပဲ အားလုံးချုပ်ငြိမ်းမယ်လို့ ယုံကြည်ချက် ခံယူချက်တွေ ရှိနေလို့ပါ။ အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းအားဖြင့် ကြားထဲမှာလိုအပ်နေတဲ့ ယုံကြည်မှုကိုရရှိမယ်လို့ တစ်ထစ်ချယုံကြည်ထားလို့ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးပါဝင်လာနိုင်မယ့် လမ်းကြောင်းကို အဆင့်လိုက်သွားမလား၊ တစ်ကြိမ်တည်း တစ်ပြေးညီသွားရမလားဆိုတာတွေကို တွေ့ဆုံညှိနှိုင်းမှုတွေလုပ်နေရတော့ အချိန်ကြန့်ကြာမှုတွေဖြစ်နေရတာပါ။ နှစ်ပေါင်း ၇၀ ပြဿနာကို ပြည်သူတွေနဲ့အတူ ကျွန်တော်တို့ EAOs တွေလည်း ထပ်တူခံစားနေရပါတယ်။ ကျွန်တော်တို့လည်း အသက်တွေကြီးလာပြီဖြစ်လို့ နောင်လာမယ့် မျိုးဆက်သစ်တွေ လက်ထဲကို အမြန်ဆုံး ငြိမ်းချမ်းရေးအမွေ ထည့်ပေးချင်ပါပြီ"ဟု UNFC ၏နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) ခေါင်းဆောင် ခူဦးရယ်က ပြောသည်။

ယခုအခါတွင် UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) အနေဖြင့် အဆိုပြုချက် တင်သွင်းထားသော အချက် ရှစ်ချက်အား အစိုးရ၊ တပ်မတော်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသည့်အပြင် ယင်းအချိန်တွင် CT အဖွဲ့နှင့် အစိုးရကိုယ်စားလှယ်များအနေဖြင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကနဦး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများအား ကျင်းပရန် အဆင်သင့်ဖြစ်နေသော ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပြုလုပ်သွားမည်ဖြစ်သည့်အပြင် ကျန်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း တစ်ဆင့်ပြီးတစ်ဆင့် ကျင်းပသွားမည်ဖြစ်ပြီး ရရှိလာသော လူထုဆန္ဒသဘောထား အသံများအား အဆင့်ဆင့် စိစစ်ကာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တင်သွင်းသွားမည်ဖြစ်ကြောင်း ယနေ့ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲမှသိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ဖေဇော်**

❖

---

**❂ အတန်းပညာမှ**

သံထည်နှင့် ဂဟေဆက်လုပ်သား သင်တန်း၊ သံရည်ကြိုလုပ်သားသင်တန်း၊ စက်ရုံ လျှပ်စစ်ပညာသည်သင်တန်း၊ အီလက်ထရွန်နစ်စက်ပြင်သင်တန်းတို့ကို သင်ကြားပေးလျက်ရှိသည်။

သင်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအပါအဝင် ဝန်ထမ်းအင်အား ၅၅ ဦးရှိပြီး သင်တန်းနည်းပြ ဆရာ ဆရာမ ၂၇ ဦးရှိကြောင်းနှင့် သင်တန်းနည်းပြဆရာ ဆရာများသည် ဘာသာရပ်အလိုက် ကျွမ်းကျင်ဝန်ထမ်းများဖြစ်ကြသည့်အတွက် စာတွေ့လက်တွေ့ သင်ကြားပေးရာ၌ အခက်အခဲမရှိ သင်ကြားပေးနိုင်သူများဖြစ်ကြောင်း သင်တန်းရေးရာဌာနမှူးထံမှ သိရသည်။

မြင်းခြံစက်မှုသင်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားလိုသူများသည် တက္ကသိုလ်ဝင်တန်း သင်ယူဖြေဆိုဖူးသူ၊ မြန်မာနိုင်ငံသား ကျန်းမာရေးကောင်းမွန်သူ၊ အိမ်ထောင်မရှိဖူးသူ လူပျို၊အပျို ဖြစ်ရမည်ဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်၍ သင်တန်းတွင် ချုပ်ဆိုရမည့် ဝန်ခံကတိ၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်ဖြစ်သည်။ သင်တန်းကာလသတ်မှတ်ချက်မှာ တစ်နှစ်ဖြစ်ပြီး သင်ကြားမှုအနေဖြင့် စာတွေ့ ၃၀ ရာခိုင်နှုန်း သင်ကြားပေး၍ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးကာ သင်တန်းပြီးဆုံးပါက သင်တန်းလက်မှတ် ချီးမြှင့်ပေးသည်။

"သင်တန်းကျောင်းတက်ချင်တယ်ဆိုရင် အနည်းဆုံး ၁၀ တန်းဖြေဆိုဖူးရမယ်၊ မအောင်လည်းရတယ်။ သင်တန်းလျှောက်လွှာတင်ရမယ်။ ပညာရေးထောက်ခံချက် ၊ကျန်းမာရေးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်မိတ္တူပါရမယ်၊ ဒါတွေပြည့်စုံတယ်ဆိုမှ ပဏာမအဆင့် လျှောက်လွှာ စိစစ်ရွေးချယ်ပြီး နောက်တစ်ဆင့် လူတွေ့နှုတ်ဖြေစစ်ဆေးတယ်၊ ပြီးမှ အောင်မှ တက်ခွင့်ပြုတာ"ဟု သင်တန်းရေးရာဌာနမှူး ဒေါ်မျိုးမျိုးသက်က ပြောသည်။

သင်တန်းခေါ်စာများကို နှစ်စဉ် ဒီဇင်ဘာလတွင် ခေါ်ယူလေ့ရှိပြီး နိုင်ငံပိုင်သတင်းစာများ၊ စက်မှုဝန်ကြီးဌာနမှ ထုတ်ဝေသည့် ရွှေစက်မှုဂျာနယ်၊ စက်မှုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်နှင့် စက်မှုသင်တန်းကျောင်း၏ ဖေ့ဘွတ်စာမျက်နှာများတွင် ကြေညာလျက်ရှိပြီး ဖောင်များကို နီးစပ်ရာသင်တန်းကျောင်းများနှင့် စက်မှုဝန်ကြီးဌာနရုံးတို့တွင် ရယူနိုင်ကာ အင်တာနက်မှလည်း Download ဆွဲကာ ရယူနိုင်သည်။

သင်တန်းကျောင်းသို့ အနယ်နယ်အရပ်ရပ်မှ သင်တန်းတက်ခွင့် လျှောက်ထားသူ နှစ်စဉ် တစ်ထောင်ဝန်းကျင်ရှိသော်လည်း သင်တန်းကျောင်း၏ အဆောင်ကန့်သတ်ချက်အရ သင်တန်းအပတ်စဉ်တစ်ခုလျှင် ကျား/မ လူဦးရေစုစုပေါင်း ၁၈၀ ဝန်းကျင်သာ လက်ခံနိုင်ကြောင်း သိရသည်။

သင်တန်းအမှတ်စဉ်တိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား သင်တန်းသား စံပြဆုအပါအဝင် ဘာသာရပ်အလိုက် ထူးချွန်ဆုများကို ရွေးချယ်ချီးမြှင့်လျက်ရှိသည်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စ၍ သင်တန်းကျောင်းတက်ရောက်ခွင့်ရရှိသူများအား စားစရိတ်တစ်ရက်လျှင် ကျပ်၅၀၀ နှုန်းနှင့် လိုအပ်သည့် ယူနီဖောင်း၊ လေ့ကျင့်ရေးသုံးကုန်ကြမ်းပစ္စည်းများနှင့် အိပ်ဆောင်နေထိုင်မှု (ရေ/မီး)တို့ကို နိုင်ငံတော်က ထောက်ပံ့ပေးလျက်ရှိသည်။

"သင်တန်းတက်ဖို့ ရွေးချယ်ခံရတယ်ဆိုရင် နိုင်ငံတော်က စားစရိတ် တစ်ဦးကို တစ်နေ့ ၅၀၀ ထောက်ပံ့တဲ့အတွက် ထမင်းစရိတ်က တစ်လနှစ်သောင်းခွဲဆိုတော့ သင်တန်းသားက တစ်လ တစ်သောင်းကလွဲပြီး ကျန်တာဘာဖိုးမှ ထပ်ပေးရတာမရှိဘူး" ဟု သင်တန်းရေးရာဌာနမှူးက ပြောသည်။

သင်တန်းသား သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု၊ နှစ်သက်ရာ အားကစားပြုလုပ်နိုင်မှု၊ အပန်းဖြေအနားယူနိုင်မှု၊ ပတ်ဝန်းကျင်ဒေသများသို့ လည်ပတ်ခွင့်ပြုမှုများ စီစဉ်ထားကြောင်း သိရသည်။

စက်မှုသင်တန်းကျောင်းတွင် သင်တန်းရေးရာဌာန၊ ကျောင်းသားရေးရာဌာန၊ အုပ်ချုပ်ရေးဌာန၊ ဘဏ္ဍာရေးဌာနစသဖြင့် ဌာနကြီးလေးခုမှ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)မှ သင်တန်းပြီးမြောက်အောင်မြင်ပြီးသည့် သင်တန်းသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပုံကို "ကျောင်းပြီးတာနဲ့ အလုပ်ရှာပေးတယ်။ အလုပ်ရရှိမှုတွေလည်းရှိပါတယ်။ အမှတ်စဉ်(၁)က သင်တန်းသား ၁၆၈ ဦးမှာ ၉၃ ရာခိုင်နှုန်းအလုပ်ရတယ်။ အမှတ်စဉ်(၂)က ၁၆၁ ဦးမှာ ၉၇ ရာခိုင်နှုန်းအလုပ်ရတယ်။ အခုသင်တန်းက မပြီးသေးဘူး၊ လဝက်မှာတောင် အင်တာဗျူးခေါ်တာတွေရှိတယ်။ သင်တန်းကျောင်းကလည်း ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ထားတယ်။ နောက်ပိုင်းကျတော့ ဂျပန်နိုင်ငံမှာသွားအလုပ်လုပ်ဖို့အတွက် ဂျပန်ကုမ္ပဏီတစ်ခုက လာချိတ်ထားတာရှိတယ်။ ဒီကကျောင်းပြီးရင် အဲဒီကုမ္ပဏီက တစ်နှစ်ထပ်သင်တန်းပေးတယ်။ ဒီကျောင်းကနေ ဂျပန်မှာ အလုပ်သွားလုပ်တဲ့သူတောင်ရှိနေပါပြီ"ဟု သင်တန်းရေးရာဌာနမှူးက ပြောသည်။

အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ)ကို တည်ထောင်ရာတွင် အိန္ဒိယသမ္မတနိုင်ငံက နည်းပညာနှင့် သင်ထောက်ကူစက်ပစ္စည်းများကို ပံ့ပိုးပေးပြီး နိုင်ငံတော်အစိုးရက သင်တန်းကျောင်းမြေနေရာ၊ အဆောက်အအုံနှင့် အခြားလိုအပ်သည့်အပိုင်းများကို အဘက်ဘက်က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိသည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးရေးတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဖြည့်ဆည်းနိုင်မည့် နိုင်ငံ့သားကောင်းများစွာ ပေါ်ထွန်းနေဦးမည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

■

# ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်ရွေးကောက်ခံသမ္မတလောင်း ဒေါ်နယ်ထရန့်တို့ လာမည့်ရက်သတ္တပတ်တွင် တွေ့ဆုံဆွေးနွေးမည်

**ကျိုတို နိုဝင်ဘာ ၁၀**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် အမေရိကန်ရွေးကောက်ခံ သမ္မတလောင်း ဒေါ်နယ်ထရန့်တို့သည် လာမည့်ရက်သတ္တပတ်အတွင်း တွေ့ဆုံကာ နှစ်နိုင်ငံရှေ့ဆက်မည့် ကိစ္စရပ်များကို ဆွေးနွေးရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ရှင်ဇိုအာဘေးအနေဖြင့် အေပီအီးစီထိပ်သီးအစည်းအဝေးပွဲသို့ မတက်ရောက်မီ တစ်ပတ်အလိုတွင်ကျင်းပရန် ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦးတို့သည် နိုဝင်ဘာ ၁၀ ရက်တွင် မိနစ် ၂၀ ခန့်ကြာ တယ်လီဖုန်းပြောစဉ် အထက်ပါကိစ္စရပ်များကို သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဒေါ်နယ်ထရန့်၏ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခြင်းအတွက် ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် အမေရိကန်ပြည်ထောင်စုသည် ဒေါ်နယ်ထရန့်၏ ဦးဆောင်မှုဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာရှ-ပစိဖိတ်ဒေသသည် တစ်ကမ္ဘာလုံး၏ စီးပွားရေးအချက်အချာကျသော ဒေသတစ်ခုဖြစ်ကြောင်းနှင့် ယင်းဒေသ၏ တည်ငြိမ်အေးချမ်းမှုသည် အမေရိကန်ပြည်ထောင်စုပေါ်တွင် မူတည်ပါကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဆိုသည်။ ထိုသို့ တည်ငြိမ်အေးချမ်းရေးရရှိစေရန် အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံအကြား ခိုင်မာသော မဟာမိတ်ဖွဲ့စည်းမှုသည် အဓိကပင်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။ ထို့နောက် ဝန်ကြီးချုပ်က ဒေါ်နယ်ထရန့်အား နှစ်နိုင်ငံရှေ့ဆက်ရမည့် ကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးကြရန် ရက်သတ်မှတ်မှုကို တောင်းခံခဲ့သည်။

ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်တွေ့ဆုံကာ ရှေ့ဆက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးရန် ဆန္ဒရှိပါကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်အာဘေး ဦးဆောင်သော စီးပွားရေးမူဝါဒကိုလည်း အလွန်ပင် ကြိုက်နှစ်သက်ပါကြောင်းနှင့် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့၏ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့်အရေးကို မျှော်လင့်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဂျပန်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် လုပ်ဆောင်သွားမည်ဟု မျှော်လင့်ပါကြောင်း ဒေါ်နယ်ထရန့်က ဆိုသည်။





လာမည့် နိုဝင်ဘာ ၁၇ ရက်တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဒေါ်နယ်ထရန့်တို့သည် နယူးယောက်မြို့တွင် တွေ့ဆုံဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် အမေရိကန် အုပ်ချုပ်မှုအဖွဲ့အစည်းအသစ် စတင်တာဝန်ယူချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ချောမွေ့မှုရှိစေရန်ရည်ရွယ်ပြီး ရွေးကောက်ခံသမ္မတလောင်း ဒေါ်နယ်ထရန့် သမ္မတရာထူး မထမ်းရွက်မီ အချိန်ကပင် နှစ်ဦးနှစ်ဖက်အပြန်အလှန် ယုံကြည်သော ဆက်ဆံရေးရရှိရန် ကြိုးပမ်းလျက်ရှိသည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**



## ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက် ဩစတြေးလျနိုင်ငံ အတည်ပြု

**ကင်ဘာရာ နိုဝင်ဘာ ၁၀**

ဩစတြေးလျနိုင်ငံသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် မယ်ကွန်တန်းဘူလ်က နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် နိုင်ငံတကာသဘောတူညီချက်ဖြစ်သော ပါရီသဘောတူညီချက်အတိုင်း လေးစားလိုက်နာသွားရန် ကတိကဝတ်ပြုကြောင်း ဝန်ကြီးချုပ် တန်ဘူးလ်က ပြောကြားသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစီအစဉ်နှင့်အညီ ပါရီသဘောတူညီချက်ကို သမ္မတ ဘာရက်အိုဘားမား၏ အစိုးရအဖွဲ့က အတည်ပြုခဲ့ရာ ယင်းသဘောတူညီချက်ကို ပထမဆုံးအတည်ပြုသည့် နိုင်ငံများတွင် အမေရိကန်ပါဝင်ကြောင်း၊ သို့ရာတွင် ၄၅ ဦးမြောက် အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဒေါ်နယ်ထရန့်က ပါရီသဘောတူညီချက်မှ နုတ်ထွက်မည်၊ သို့မဟုတ် ယင်းသဘောတူညီချက်ကို ပြန်လည်ညှိနှိုင်းဆွေးနွေးမည်ဟု သန္နိဋ္ဌာန်ပြုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

## တရုတ်-ဗီယက်နမ် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့များ ပူးတွဲကင်းလှည့်မှုပြီးဆုံး

**ဟန်နွိုင်း နိုဝင်ဘာ ၁၀**

တရုတ်နှင့် ဗီယက်နမ်တို့၏ သုံးရက်ကြာ ပူးတွဲရေကြောင်းကင်းလှည့်မှုအစီအစဉ်မှာ နိုဝင်ဘာ ၉ ရက်တွင် ပြီးဆုံးသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လေပြင်းထန်စွာ တိုက်ခတ်ပြီး လှိုင်းလေများ ပြင်းထန်နေစဉ်အတွင်း တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့တို့၏ ရေယာဉ်များ ပူးတွဲကင်းလှည့်ခြင်းအစီအစဉ်ကို အပြီးတိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ပူးတွဲကင်းလှည့်ခြင်း၊ ပင်လယ်ရေကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်ခြင်း၊ ငါးဖမ်းစက်လှေများကို စစ်ဆေးခြင်း စသည့် လှုပ်ရှားမှုများဖြင့် ပူးတွဲလေ့ကျင့်ခဲ့ကြောင်း တရုတ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။

နှစ်နိုင်ငံကမ်းရိုးတန်းစောင့် တပ်ဖွဲ့များမှ ရေယာဉ်များ ပူးတွဲကင်းလှည့်ခြင်းအစီအစဉ်ကို ယခုနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် ပြုလုပ်ခြင်းဖြစ်သည်။ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၆ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သည်။ ယခု အစီအစဉ်တွင် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့များမှ စစ်ရေယာဉ်လေးစင်း ပါဝင်ခဲ့ကြသည်။

တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကမ်းရိုးတန်းစောင့် တပ်ဖွဲ့များသည် မြို့ဝေပိုင်ဆိုင်သော ငါးဖမ်းဇုန်အတွင်း ပူးတွဲကင်းလှည့်ခြင်းကို ၂၀၀၆ ခုနှစ်မှစ၍ လုပ်ဆောင်ခဲ့ရာ ယခုအကြိမ်အထိ ၁၂ ကြိမ် ရှိခဲ့ပြီဖြစ်သည်။ **ဆင်ဟွာ။**

# လုံခြုံရေးမဟာမိတ်ပြုမှုအရ တောင်ကိုရီးယားကို ကာကွယ်ပေးရန် ကတိကဝတ်အတိုင်း ထရန့် လိုက်နာမည်ဟုဆို

**ဆိုးလ် နိုဝင်ဘာ ၁၀**

တည်ရှိနေဆဲ လုံခြုံရေးမဟာမိတ်ဖွဲ့မှုအရ အမေရိကန်ပြည်ထောင်စု၏ ကတိကဝတ်ပြုမှုအတိုင်း တောင်ကိုရီးယားနိုင်ငံကို ကာကွယ်ပေးသွားမည်ဟု သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်က တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးထံသို့ တယ်လီဖုန်းဆက်ပြောကြားခဲ့ကြောင်း သမ္မတပတ်၏ လက်ထောက်များက နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားကြသည်။

တောင်ကိုရီးယားနိုင်ငံ၌ အခြေစိုက်သော အမေရိကန်တပ်ဖွဲ့အတွက် ကုန်ကျစရိတ်ကို တောင်ကိုရီးယားဘက်က ပိုမိုထည့်ဝင်ခြင်းမရှိပါက အမေရိကန်တပ်ဖွဲ့ကို ပြန်လည်ရုပ်သိမ်းရဖွယ်ရှိသည်ဟု ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလတွင် ထရန့်က ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ဆယ်စုနှစ် ခြောက်ခုတာကာလပတ်လုံး စိန်ခေါ်မှုအမျိုးမျိုး တွေ့ကြုံရချိန်တွင် မိမိတို့ နှစ်နိုင်ငံအကြား မဟာမိတ်များအဖြစ် ရပ်တည်လာခဲ့ကြကြောင်း၊ မိမိ၏ နိုင်ငံနှင့် အမေရိကန်အကြား ဆက်ဆံရေး ဆက်လက်တိုးတက်နေမည်ဟု မျှော်လင့်ကြောင်း သမ္မတပတ်က ထရန့်အား ပြောကြားခဲ့သည် ဆို၏။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ လွန်ခဲ့သည့်နှစ်နှစ်က ရရှိခဲ့သော ငါးနှစ်သက်တမ်းရှိ သဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်တပ်ဖွဲ့ ကုန်ကျစရိတ်အတွက် ဒေါ်လာ ၈၆၇ သန်း ထည့်ဝင်ရန် သဘောတူညီခဲ့သည်။ ယင်းငွေကြေးပမာဏမှာ စုစုပေါင်း ကုန်ကျစရိတ်၏ ၄၀ ရာခိုင်နှုန်းခန့်နှင့် ညီမျှသည်။

ထိုစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရပါတီဖြစ်သော အလုပ်သမားများပါတီက ထုတ်ဝေသည့် သတင်းစာတွင် အမေရိကန်အပေါ် ထားရှိသော သဘောထားအမြင်ကို ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်အစီအစဉ်ကို စွန့်လွှတ်ရန် အမေရိကန်က လိုလားခြင်းသည် ခေတ်ပေါင်းအတွေးအမြင်တစ်ရပ်သာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုမှာလည်း မအောင်မြင်ကြောင်း အဆိုပါသတင်းစာက ရေးသားသည်။ **ရိုက်တာ။**

# ကင်ညာက ၎င်း၏ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များအား တောင်ဆူဒန်မှ ရုပ်သိမ်း

**နိုင်ရိုဘီ နိုဝင်ဘာ ၁၀**

ကင်ညာနိုင်ငံအနေဖြင့် ၎င်း၏ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ တပ်မှူးအားရာထူးမှ ထုတ်ပယ်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် တောင်ဆူဒန်ရှိ ၎င်းတပ်ဖွဲ့ဝင်များအား နေရပ်သို့ပြန်လာရန် အမိန့်ပေးခဲ့ရာ နိုဝင်ဘာ ၉ ရက်က ပထမအသုတ် ရောက်ရှိလာခဲ့သည်။

ဇူလိုင်လအတွင်းက ဂျူဘာဟိုတယ်၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် တုံ့ပြန်တိုက်ခိုက်ရန် ပျက်ကွက်သည်ဟူသော ကုလသမဂ္ဂခုံရုံး၏ စွပ်စွဲချက်အပြီး ရက်သတ္တပတ်အကြာတွင် ပြန်လည်ခေါ်ယူမည်ဟု ၎င်း၏ တပ်ဖွဲ့များကို ကင်ညာက ပြောဆိုခဲ့သည်။ ၎င်းပြဿနာအတွက် ကုလသမဂ္ဂခုံရုံးက ဒုတိယဗိုလ်ချုပ်ကြီး ဂျွန်ဆင်မိုကာကမနီအား ရာထူးမှ ထုတ်ပယ်ခဲ့သည်။ “ဒီနေ့တော့ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့တွေကို တောင်ဆူဒန်ကနေ စတင်ဆုတ်ခွာနေပါပြီ”ဟု ဗိုလ်ချုပ်ဇန်ဂျမန်ဘီဝေါ့က သတင်းထောက်များအား နိုင်ရိုဘီလေဆိပ်တွင် ပြောကြားသည်။



၎င်းက ဆက်လက်ပြောကြားရာတွင် ကင်ညာကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များအနေဖြင့် နိုင်ငံပေါင်း ၄၄ နိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုများကို ပါဝင်ဆောင်ရွက်လျက်ရှိပြီး ၎င်းအရေးအတွက် ရှေ့တိုးလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဇူလိုင်လအတွင်းက ကင်ညာသမ္မတ ဆီဘာကားကို သစ္စာခံသော တပ်ဖွဲ့များနှင့် ဒုတိယသမ္မတ ရိဒ်မာဂျာကို သစ္စာခံသော တပ်ဖွဲ့များကြား တိုက်ပွဲများဖြစ်ပွားနေစဉ် ဂျူဘာဟိုတယ်တိုက်ခိုက်မှုဖြစ်ပေါ်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ငြိမ်းချမ်းရေးလက်မှတ်ထိုးနိုင်ခဲ့သော်လည်း နှစ်ဖက်စလုံးက လိုက်နာရန် ပျက်ကွက်ခဲ့သည်။ **ရိုက်တာ။**

# ဥပဒေများစိစစ်လေ့လာသုံးသပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၀**

ဥပဒေများ စိစစ်လေ့လာသုံးသပ်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် (I-11) ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးညီညီ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပနိုင်ရေးစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပွဲတော်ကို လာမည့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က တိုင်းရင်းသားများအကြား ယခင်ကထက် ချစ်ကြည်ရင်းနှီးမှု၊ လေးစားမြတ်နိုးမှုများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ ရေးသားထုတ်ဝေသည့် စာပေများကို ရောင်းချပေးသွားမည့်အပြင် အချို့မထုတ်လုပ်နိုင်သော တိုင်းရင်းသားစာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ရိုက်နှိပ် ပြန်လည်ထုတ်ဝေပေးမည့်အစီအစဉ်များလည်း ရှိကြောင်း၊ စာတမ်းဖတ်ပွဲများတွင် တိုင်းရင်းသားများ၏ စာပေနှင့် နှုတ်ပြောစာပေများကို မြန်မာဘာသာပြန်ဖြင့် ပြောကြားခြင်း၊ ဖတ်ကြားခြင်း အစီအစဉ်များလည်း ရှိကြောင်း၊ တိမ်မြုပ်ပျောက်ကွယ် နီးပါးဖြစ်နေသော တိုင်းရင်းသားများ၏ဂီတ၊ ရိုးရာအက၊ လက်လှမ်းမမီ မသိရှိသေးသော ရိုးရာဓလေ့များကိုပါ ပြသပေးနိုင်ရန် စီစဉ်ထားရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအဖွဲ့ဝင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လက်ရှိတွင် တိုင်းရင်းသားဘာသာစကားများကို ၁၇ မျိုး ထုတ်လွှင့်ပေးနေပြီး ယခုပွဲတော်တွင် ဒေသအလိုက် ထူးခြားသော ဓလေ့ထုံးစံများ၊ ခရီးသွားလာမှုများ၊ လှပသော သဘာဝပတ်ဝန်းကျင်များ၊ ဘာသာရေးဆိုင်ရာ ပွဲတော်များကိုပါ စုံလင်စွာပြသနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ ဌာနခွဲများထံ ဆက်သွယ်ပေးပို့နိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက စာပေအက္ခရာ မတင်သော်လည်း နှုတ်ပြောသည့် စကားပုံများ၊ ဆောင်ပုဒ်များ၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့ ထုံးစံများကို စုဆောင်းပြီး ဒေသအလိုက်ရှိ ဦးစီးဌာနရုံးခွဲများသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များက ပွဲတော်နှင့်စပ်လျဉ်းသည့် အကြံပြုသုံးသပ်ချက်များကို ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါပြပွဲတွင် တိုင်းရင်းသားများ၏ ရိုးရာပြခန်းများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအပြင် ရိုးရာယဉ်ကျေးမှု အက၊ အနုပညာ ဖျော်ဖြေပွဲများ၊ စာတမ်းဖတ်ပွဲများ၊ တိုင်းရင်းသားစာအုပ်စာပေ ရောင်းချမှုများနှင့် တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်း ပါဝင်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

## စီးပွားရေးအခြေခံ စီမံခန့်ခွဲရေးသင်တန်း မုံရွာမြို့၌ ဖွင့်လှစ်ပို့ချ

**မုံရွာ နိုဝင်ဘာ ၁၀**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းတို့ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ စတင်လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအား ASEAN- JAPAN ၏ COBLAS Method ဖြင့် မိမိတို့၏ SME လုပ်ငန်းများအတွက် Business Plan များ စနစ်တကျရေးဆွဲတတ်စေရန်နှင့် BMO Method ဖြင့် မိမိတို့လုပ်ငန်းများ အောင်မြင်နိုင်ခြေ ရှိ/မရှိကို ကြိုတင်ခန့်မှန်းတွက်ချက်တတ်စေပြီး ကြိုတင်ခန့်မှန်းသိရှိခြင်းဖြင့် ပိုမိုကောင်းမွန်သော မဟာဗျူဟာကို ပြောင်းလဲတတ်စေရန်ရည်ရွယ်၍ စီးပွားရေးအခြေခံ စီမံခန့်ခွဲရေးသင်တန်းကို နိုဝင်ဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီခန်းမတွင် စတင်ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ စီးပွားရေးအခြေခံစီမံခန့်ခွဲရေးသင်တန်း (Business Plan Creation and Strategy Development Training) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းထွဋ်ကိုနှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့က အမှာစကားများ အသီးသီးပြောကြားခဲ့ကြပြီး Association of ASEAN - JAPAN Entrepreneurship Education အဖွဲ့ဝင် သင်တန်းဆရာမ ဒေါ်သော်တာထွေးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ လေးရက်ကြာ နည်းပြဆရာနှစ်ဦးက စီးပွားရေးအခြေခံ စီမံခန့်ခွဲရေးဆိုင်ရာများကို ပို့ချပေးမည်ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ စတင်လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

■



## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၀ ဒသမ ၃၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၀ ဒသမ ၆၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၁ ဒသမ ၀၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၄ ဒသမ ၆၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၅၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၁၃ ဒသမ ၂၃ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၆၄ ဒသမ ၂၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ၂၃ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၂၈ ဒသမ ၃၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၆၅ ဒသမ ၀၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၉၃ ဒသမ ၄၈ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၃၂ ဒသမ ၈၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၄ ဒသမ ၆၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄၃၇ ဒသမ ၅၄ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၃၁၃၁ ဒသမ ၀၂ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၇၄၄ ဒသမ ၀၆ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

## စီမံကိန်းဝင်ကျေးရွာများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများက နိုဝင်ဘာ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ မြို့နယ်ဦးစီးမှူး ဦးသန်းလွင်တို့နှင့်အတူ ညောင်လေးပင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၂၁ ရွာတွင် ဆောင်ရွက်နေသည့် စီမံကိန်း ၁၈ ယူနစ် စာရင်းဇယားများ မှန်ကန်ရေး ကြည့်ရှုစစ်ဆေးခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

■

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အဓိကနဲ့ သာမည ခွဲခြားလုပ်နိုင်ကြပါစေ

## ထိုက်

**လိုက်နာရမယ့် စည်းကမ်းဥပဒေတွေ**

ကျွန်မ လုပ်ကိုင်နေတဲ့ ဝန်ထမ်းရေးရာ (Human Resources) ဌာနရဲ့ လုပ်ငန်းသဘာဝအကြောင်းကို ဒီရက်ထဲ ကျွန်မ အကျယ်ချဲ့ပြီး စဉ်းစားကြည့်နေမိတယ်။ နိုင်ငံတိုင်းမှာ အလုပ်သမားတွေအတွက် အလုပ်သမားဥပဒေဆိုတာ ရှိကြစမြဲပါ။ နိုင်ငံအပေါ် လိုက်ပြီး အနည်းအကျဉ်းလောက်သာ ကွာခြားရင် ကွာခြားမယ်၊ အခြေခံအချက်တွေဖြစ်တဲ့ အစမ်းခန့်ကာလ၊ ခံစားခွင့်၊ နားရက်၊ အခြေခံလစာ၊ အနည်းဆုံး အလုပ်ချိန်၊ အချိန်ပိုကြေးစတာတွေကတော့ မပါမဖြစ်လိုအပ်တဲ့ အချက်တွေပါ။ ဒါက နိုင်ငံက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အလုပ်ရှင်တိုင်း လိုက်နာရမယ့် ဥပဒေပါ။ အဲဒီအပြင် အလုပ်ရှင်တွေက ကိုယ့်ရဲ့ကုမ္ပဏီတွင်းမှာ ဝန်ထမ်းတွေ လိုက်နာဖို့ ထုတ်ပြန်ထားတဲ့ စည်းကမ်း၊ ပေါ်လစီဆိုတာ ထပ်ရှိပါသေးတယ်။ အဲဒါကျတော့ အလုပ်ရှင်ပေါ်မှာ မူတည်ပြီး ကွဲပြားလေ့ရှိပါတယ်။ ဝန်ထမ်းရဲ့ ရာထူး၊ တာဝန်၊ လစာစသဖြင့် အလုပ်ရှင်က ဆုံးဖြတ်ကြတာပါပဲ။ အလုပ်ခန့်စာပေါ်မှာ အလုပ်သမားက လက်မှတ်ထိုးပြီးတာနဲ့ သူ့ကို ဒီကုမ္ပဏီက ပိုင်သွားပါပြီ။ ပေါ်လစီတွေကို ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လိုက်နာဖို့ တာဝန်ရှိသွားသလို လစာကို ပြန်ပြင်ချင်တယ် ပြောလို့မရ၊ အလုပ်တာဝန်ကိုလည်း နည်းတယ်၊ များတယ် ပြောလို့မရတော့ပါဘူး။

**အားနည်းချက် အနည်းဆုံးရှိတယ်လို့ ထင်ရသူကို ရွေးကြရတာပဲ**

ကျွန်မရဲ့ လုပ်ငန်းသဘောအရ ဝန်ထမ်းအသစ်လိုအပ်ချက်ရှိတဲ့အခါ အင်တာဗျူး ခေါ်ရလေ့ရှိပါတယ်။ အင်တာဗျူးတဲ့အချိန်က အလွန်ဆုံး တစ်နာရီကြာတယ်ထားပါဦး။ လူတစ်ယောက်ကို အကဲခတ်ဆုံးဖြတ်ဖို့ဆိုတာ လုံလောက်တဲ့အချိန်လို့ ကျွန်မ ဘယ်တုန်းကမှ မထင်ပါဘူး။ လုပ်ငန်းအတွေ့အကြုံနဲ့ပဲ ရွေးချယ်ကြရတာပါပဲ။ ဒါ့အပြင် လူတိုင်းဟာ အလုံးစုံပြီးပြည့်စုံတဲ့ သူမဟုတ်တာမို့ အနည်းနဲ့အများတော့ ဟာကွက်၊ ပျော့ကွက် ရှိကြပါတယ်။ လာလျှောက်သူ အများကြီးထဲကမှ အားနည်းချက် အနည်းဆုံးရှိတယ်လို့ ထင်ရသူကို ရွေးကြရတာပါ။ ဒါကြောင့်လည်း ရာထူးကြီးတဲ့နေရာတွေအတွက်ဆိုရင် ဒုတိယအကြိမ်၊ တတိယအကြိမ်စသဖြင့် အင်တာဗျူးအကြိမ်ကြိမ်လုပ်ပြီး ရွေးကြလေ့ရှိပါတယ်။ ဒါပေမယ့် တစ်ခါတလေကျတော့ ကိုယ်က အင်မတန်ကြိုက်ပေမယ့်၊ တကယ်တော်မှန်းလည်း သိနေပေမယ့် ကိုယ့်လုပ်ငန်းရှင်ရဲ့ တတ်နိုင်တဲ့ ဘတ်ဂျက်ပေါ်မှာ မူတည်ပြီး တောင်းတဲ့လစာကို မပေးနိုင်လို့ လက်လွှတ်လိုက်ရတဲ့ သူတွေရှိဖူးပါတယ်။ အဲလိုပဲ အရည်အချင်းမပြည့်မီပေမယ့်လည်း လုပ်ငန်းအရ အရေးတကြီး လိုအပ်နေတဲ့ အချိန်မှာမစောင့်နိုင်တော့လို့ ရတာကိုပဲ ဆွဲခန့်လိုက်ရတဲ့ အချိန်တွေလည်း ရှိဖူးပါတယ်။ မှန်းချက်နဲ့ နှမ်းထွက်မကိုက်တာတွေလည်း ရှိခဲ့ပါတယ်။

**အရည်အချင်းကို အကဲဖြတ်အမှတ်ပေးဖို့**

ဝန်ထမ်းဖြစ်လာပြီဆိုရင် သူ့ရာထူးနဲ့ ကိုက်ညီတဲ့ အလုပ်တာဝန်တွေက အမြဲရှိပါတယ်။ အဲဒီတာဝန်တွေအတွက် နှစ်တစ်နှစ်ရဲ့ အစမှာ KPI (Key Performance Indicator) လို့ခေါ်တဲ့ စွမ်းဆောင်မှုကို တိုင်းတာအကဲဖြတ်ဖို့ အဓိကအလုပ်တာဝန်တွေ ချပေးထားပါတယ်။ မနိုင်ဝန်ကိုပေးတာမဟုတ်ဘဲ ရာထူးနဲ့အညီ လုပ်သင့်တဲ့ လုပ်နိုင်မယ့် တာဝန်တွေပေးတာပါ။ ပြီးရင်တော့ များသောအားဖြင့် တစ်နှစ်ကို တစ်ခါ appraisal ဆိုတဲ့ သုံးသပ်ချက်၊ ဆန်းစစ်ချက်စနစ်နဲ့ အကဲဖြတ်လေ့ရှိပါတယ်။ တချို့ကုမ္ပဏီတွေဆိုရင် နှစ်လည် တစ်ခါ၊ နှစ်ကုန်မှာ တစ်ခါ၊ တစ်နှစ်ကို နှစ်ကြိမ် လုပ်ကြပါတယ်။

နှစ်စတုန်းက ချပေးခဲ့တဲ့ KPI တွေကို ပြီးမြောက်အောင်လုပ်ခဲ့နိုင်လား၊ မလုပ်နိုင်ဘူးလား၊ ဘာအခက်အခဲကြောင့် မလုပ်နိုင်တာလဲ၊ ဘာတွေလုပ်ဖို့ကျန်သေးသလဲ၊ ကျန်သေးတာကို ဘယ်တော့ပြီးအောင် လုပ်မလဲစသဖြင့် အလုပ်ရှင်နဲ့အလုပ်သမား တွေ့ဆုံပြောဆိုကြရတဲ့ အချိန်ပါ။ အဲဒီရလဒ်ပေါ်မှာ မူတည်ပြီး လိုအပ်ချက်ရှိသေး၊ သင့်၊ ကောင်း၊ အလွန်ကောင်းဆိုတဲ့ မှတ်ချက်တွေ ပေးလေ့ရှိသလို အဲဒီမှတ်ချက်ပေါ်မှာ မူတည်ပြီးမှ လစာတိုး၊ ရာထူးတိုးတာတွေကို လုပ်လေ့ရှိတာမို့ ဝန်ထမ်းအများစု ရင်တုန်လေ့ရှိတဲ့ အချိန်ဖြစ်သလို အလုပ်ရှင်ဘက်ကလည်း ကိုယ့်လက်အောက်မှာ၊ ကိုယ်တာဝန်ယူအုပ်ချုပ်ရတဲ့ ဝန်ထမ်းများရင်များသလို အလုပ်များ၊ ဦးနှောက်ပူရတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ တချို့ကျတော့ ကိုယ်ကသာ ဘာမှမလုပ်နိုင်တယ်၊ လိုအပ်ချက်ရှိသေး (need to improve) ဆိုတဲ့ မှတ်ချက်ရရင် မကျေနပ်ဘဲ ပြဿနာလုပ်ချင် တတ်တာကိုး။

**စမ်းတဝါးဝါးဖြစ်နေဆဲ**

ကျွန်မက အစိုးရဌာနတွေမှာ အလုပ်မဝင်ဖူးသူမို့ အစိုးရရုံးတွေရဲ့ လုပ်ငန်းသဘာဝကို နားမလည်ပါဘူး။ ဒါပေမယ့် ကျွန်မဉာဏ်မီသလောက် တွေးမိတာတော့ အများကြီး ကွာခြားလှမယ် မဟုတ်ဘူးထင်ပါတယ်။ အခု အစိုးရသစ်ဟာ တာဝန်ယူတာ ခုနစ်လ ရှိပါပြီ။ ရွေးကောက်ပွဲအပြီး အစိုးရမဖွဲ့ခင်အချိန်က လေးလလောက်ရခဲ့ပါတယ်။ ကျွန်မတို့ ဝန်ထမ်းတွေခန့်ရင်တော့ အစမ်းခန့်ကာလက ပုံမှန်ဆို သုံးလနဲ့ အများဆုံး ခြောက်လအထိထားလေ့ရှိပါတယ်။ ထားပါတော့။ အခု ကျွန်မတို့က အကောင်းဆုံးလို့ ထင်ရသူတွေတော့ ရွေးလိုက်ပြီးပါပြီ။ ဒါပေမယ့် ဘယ်သူက ဘာတာဝန်တွေယူမယ်၊ ဘယ်အချက်တွေနဲ့ တိုင်းတာပြီး အရည်အချင်းကို အကဲဖြတ်ရမယ်၊ ဘယ်အချိန်မှာ ဆုံးဖြတ်ရမယ်ဆိုတာ ဘာမှမသိရသေးပါဘူး။

**သေချာပြီဆိုမှ အသိပေးထုတ်ပြန်တာ မကောင်းဘူးလား**

ဒီရက်ထဲ ရေပန်းစားနေတဲ့ သတင်းလေးတွေကို ဥပမာပေးချင်ပါတယ်၊ ရန်ကုန်မြို့နယ် အချို့မှာ ဆိုင်ကယ်စီးနင်းခွင့်ပေးဖို့အဆို လွှတ်တော်မှာ အနိုင်ရရှိကြောင်း သတင်းပါလာပေမယ့် အတည်မဖြစ်သေးပါဘူး။ ဘယ်မြို့နယ်တွေဆိုတာ နယ်နိမိတ် မသတ်မှတ်ရသေးတဲ့အပြင် ဥပဒေနဲ့ ညီညွတ်စွာအသုံးပြုရမယ်၊ ဥပဒေကို ချိုးဖောက်ရင် ထိရောက်စွာ အရေးယူမယ်ဆိုတာ ပြောပေမယ့်လည်း ဘယ်လိုအရေးယူမယ်ဆိုတာ မပြောပါဘူး။ ဒါ့အပြင် ဘယ်အချိန်မှာ စီးနင်းခွင့်ပြုမယ်ဆိုတာကိုလည်း မဖြေခဲ့ပါဘူး။ သိပ်မကြာခင်မှာပဲ စီးနင်းခွင့်မပြုကြောင်း သတင်းထပ်ပါလာပြန်ပါတယ်။ ပိုဆိုးတာက ဘယ်သတင်းကို အတည်ပြုရမယ်ဆိုတာ မသိသေးခင်မှာပဲ ကျွန်မတို့နေထိုင်ရာ (၃၃)လမ်းနားမှာ ရဲတပ်ဖွဲ့တံဆိပ်နဲ့ ဆိုင်ကယ်စီးသွားတာကို တွေ့လိုက်ရပါတယ်။ ဒါဆိုရင် အကန့်အသတ်နဲ့ စီးခွင့်ရှိတယ်ဆိုတဲ့ သဘောလား၊ သာမန်ပြည်သူတစ်ယောက်အနေနဲ့ ဘာကိုလိုက်နာရမှန်းမသိအောင် ရှုပ်ထွေးလှပါတယ်။

**မသိတာတွေ သိပ်များနေပြီ**

သိပ်မကြာခင်က အနော်ရထာလမ်းမတစ်လျှောက် လမ်းဘေးဈေးသည်တွေကို ဓာတ်ပုံတွေရိုက်ပြီး စာရင်းတွေ လိုက်ကောက်နေပါတယ်။ ကမ်းနားလမ်းမှာ ဈေးရောင်းဖို့ နေရာသတ်မှတ်ပေးဖို့လို့ ပြောတယ်တဲ့။ ဘယ်တော့ ရွှေ့ရမယ်ဆိုတာတော့ မသိပါဘူးတဲ့။ အခု အဲလို လိုက်ကောက်သွားတာ နှစ်လလောက်ကြာပြီးတဲ့အခုအချိန်မှာ ဈေးသည်အသစ်တွေလည်း ထပ်ရောက်လာပါတယ်။ အဲလို နောက်တိုးတွေကျတော့ရော ဘယ်လိုလုပ်မလဲ ဘယ်သူမှ မသိပြန်ပါဘူး။ ကဲ အဲဒီဈေးသည်တွေကို တစ်နေရာ ပို့နိုင်တယ်ပဲ ထားပါဦး၊ သူတို့ဆီမှာ ဝယ်နေကျ ဈေးဝယ်တွေအနေနဲ့ရော ဘယ်နေရာ လိုက်ရှာရမယ်ဆိုတာ သိဖို့မလိုပေဘူးလား။ ဈေးသည်တွေဘက်ကလည်း ဖောက်သည်အသစ်တွေ ရှာရမယ့်ကိစ္စ ရှိသေးတယ်လေ။ အားလုံးအတွက် စဉ်းစားပြီး ကြိုတင်အစီအစဉ်တွေ ဆွဲ၊ ချပြ၊ အသိပေးရမှာ။ ရွှေ့ဟဲ့ ရွှေ့ဟဲ့ဆိုပြီး ပြောလိုက်ရုံနဲ့ ပြီးသွားမယ့် သိပ်လွယ်တဲ့ ကိစ္စမဟုတ်တာတော့ သေချာပါတယ်။

**အစပဲရှိပြီး အဆုံးသတ်မရှိ**

တကယ်ဆို အခုပြောသွားတာတွေက တိုင်းပြည်နဲ့ချီပြီး ပြုပြင်ရမယ့် အရေးတကြီးကိစ္စတွေ မဟုတ်ပါဘူး။ ဒါပေမယ့် အရေးမကြီးတာကိုတောင် အောင်မြင်အောင် အကောင်အထည်မဖော်နိုင်ပြန်ဘူး။ ဟိုတလောက ကျူးကျော်ကိစ္စလို၊ မထသကိစ္စလို အရမ်းအသံညံခဲ့တာတွေလည်း အခုကျတော့ ငြိမ်သက်သွားပြန်ပါပြီ။ သန့်ရှင်းရေးလုပ်ထားတဲ့ နောက်ဖေးလမ်းကြားတွေမှာ အမှိုက်ထပ်ပစ်တဲ့သူတွေ ကိစ္စကရော ဘယ်လိုအရေးယူသလဲ ဘာမှမကြားရတော့ပါ။ ဘယ်သူမှ မပစ်တော့တာလို့တော့ မထင်ပါဘူး။

**လျှပ်စစ်သံလိုက်ရထားက တိုင်းပြည်အတွက် အရေးတကြီး လိုအပ်နေလား**

အိမ်အိုပျက်ကြီးတစ်ခုကို ပြင်မယ်ဆိုရင် ဘယ်အရာက စလုပ်ရမယ်ဆိုတာ အရင်ဆုံး စဉ်းစားပြီးမှ အစီအစဉ်တကျ လက်သမားတွေ၊ အင်ဂျင်နီယာတွေကို ညွှန်ကြားရပါတယ်။ ရှိသမျှကို စိတ်ကူးပေါ်ရာ လျှောက်လုပ်ရင် ဘယ်အရာမှ မပြီးမြောက်ဘဲ ရှိပြီးသားတွေတောင် ပြိုကျနိုင်တယ် မဟုတ်လား။ လုပ်စရာတွေ အများကြီးရှိတဲ့ထဲမှာ အဓိကနဲ့ သာမညကို သေချာခွဲခြားပြီး အရေးတကြီးလုပ်ရမယ့် အချက်တွေကို ချရေးသင့်ပါပြီ။ ဥပမာ ရန်ကုန်၊ မော်လမြိုင်ကို တစ်နာရီနဲ့ ရောက်နိုင်တဲ့ လျှပ်စစ်သံလိုက်ရထားပြေးဆွဲဖို့ အစီအစဉ်ထက် ရန်ကုန်မြို့တွင်းကနေ မင်္ဂလာဒုံ လေယာဉ်ကွင်းကိုပဲ တစ်နာရီနဲ့ သွားလို့ရအောင် အရင်ကြိုးစားသင့်တယ် မဟုတ်ပါလား။

> **အိမ်အိုပျက်ကြီးတစ်ခုကို ပြင်မယ်ဆိုရင် ဘယ်အရာက စလုပ်ရမယ်ဆိုတာ အရင်ဆုံးစဉ်းစားပြီးမှ အစီ အစဉ်တကျ လက်သမားတွေ၊ အင်ဂျင်နီယာတွေကို ညွှန်ကြားရပါတယ်။ ရှိသမျှကို စိတ်ကူးပေါ်ရာ လျှောက်လုပ်ရင် ဘယ်အရာမှ မပြီးမြောက်ဘဲ ရှိပြီးသားတွေ တောင်ပြိုကျနိုင်တယ် မဟုတ်လား။ လုပ်စရာတွေ အများကြီးရှိတဲ့ထဲမှာ အဓိကနဲ့ သာမညကို သေချာ ခွဲခြားပြီး အရေးတကြီးလုပ်ရမယ့် အချက်တွေကို ချရေးသင့်ပါပြီ။**

**အချိန်ကို တိကျစွာ မပြောကြား**

ရန်ကုန်မြို့ မြို့သစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဖို့ ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နှင့်အညီ Master Plan ကို အသေးစိတ်ရေးဆွဲနေကြောင်း ရန်ကုန်မြို့တော်ဝန်က နိုဝင်ဘာလ ၄ ရက် နေ့မှာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ ပြောကြားတယ်လို့ 7 Day Daily မှာ သတင်းဖတ်လိုက်ရတယ်။ တွံတေးမဲဆန္ဒနယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးက မည်သည့်အချိန်တွင် စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း ထည့်သွင်းမေးမြန်းတဲ့အခါမှာတော့ စတင်မည့်အချိန်ကို တိကျစွာထုတ်ဖော်မပြောကြားဘဲ နှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မည်ဟုသာ ပြန်လည်ဖြေကြားခဲ့သည်လို့ သိရပါတယ်။ ဘယ်အချိန်မှာ စတင်မယ်ဆိုတာ မသိလိုက်ရပေမယ့် အဲလိုသတင်းမျိုးတွေကြောင့် အဲဒီနေရာပတ်ဝန်းကျင်က မြေဈေးတွေ အဆမတန် ထိုးတက်ကုန်တာကတော့ ဘာမှမပြောဘဲနေတာကမှ ကူညီရာရောက်တယ်လို့ ကလေးတွေ ပြောသလို ဖြစ်နေပါပြီ။

**တာဝန်ပြီးမြောက်တယ်ဆိုတာ**

ကျွန်မပတ်ဝန်းကျင်က ဥပမာ တစ်ခုကိုပဲ ထပ်ပေးချင်ပါတယ်။ အရောင်းမြှင့်တင်ရေးဝန်ထမ်းတစ်ယောက်ရှိတယ်ဆိုပါစို့။ သူက သူ့တာဝန်က ဖောက်သည်ရှာရမယ်ဆိုတဲ့အတွက် နေ့တိုင်း မားကက်တင်းဆင်းမယ်ဆိုပြီး အပြင်ထွက်သွားပါတယ်။ ညနေဆို ပြန်လာပါတယ်။ ဒါမျိုးကျတော့ အလုပ်လုပ်တာ မဟုတ်ပါဘူး။ အလုပ်ပြတာ ဖြစ်သွားပါပြီ။ သူဖောက်သည်အသစ် ဘယ်နှယောက်ရှာနိုင်တယ်ဆိုတာမှ သူ့အလုပ်တာဝန်ပြီးမြောက်တယ်ခေါ်ရပါမယ်။ အဲဒီမှာလည်း ဘယ်နှလအတွင်းမှာ ဘယ်နှယောက်ရှာနိုင်ရမယ်ဆိုတဲ့ တိုင်းတာချက်တစ်ခု တိတိပပရှိမှ သူတကယ်လုပ်နိုင်၊ မလုပ်နိုင် အကဲဖြတ်လို့ ရမှာပါ။

**ကိုယ်ဘာဖြစ်ချင်တာလဲ သိဖို့လို**

အခုဆို ကြားဖြတ်ရွေးကောက်ပွဲ နီးလာပြန်ပါပြီ။ ရွေးကောက်ပွဲဝင်မယ့်သူတွေ ဘာလို့ဝင်ချင်တာလဲ၊ ဘာဖြစ်ချင်တာလဲ။ ဘယ်အချိန်မှာ ဘာလုပ်ဖို့ အစီအစဉ်ရှိပါသလဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်မေးပြီး ပြည်သူတွေကို အသိပေးပါ။ အလားတူပဲ လက်ရှိ အစိုးရဌာနတာဝန်ယူထားသူများကလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြည်သူတွေအတွက် သိသာပြောင်းလဲအောင် ရှေ့နှစ်မှာ ဘာတာဝန်တွေကိုယူမယ်၊ ဘယ်အချိန်အတွင်း ပြီးအောင်လုပ်မယ်ဆိုတဲ့ KPI တွေ ချပြကြပါ။ ဥံဖွ၊ ဟပ်ချလောင်းဆိုပြီး ပြောင်းသွားရမယ်ဆိုတာမျိုးမဖြစ်နိုင်တာကို ကျွန်မတို့ မတောင်းဆိုပါဘူး။ ဒါပေမယ့် တာဝန်ရှိသူတွေဘက်က ယုတ္တိရှိတဲ့၊ သေချာခိုင်မာတဲ့ အစီအစဉ် တွေ အချိန်ကာလ အတိအကျနဲ့ ချပြတာကိုတော့ လိုချင်ပါတယ်။ ချပြရုံနဲ့၊ အသိပေးရုံနဲ့လည်း တာဝန်မပြီးဆုံးသွားပါဘူး။ ပြောထားတဲ့အတိုင်းဖြစ်အောင် ထိထိရောက်ရောက် လုပ်ပြကြပါလေ။ ။

# စနစ်တကျ တည်ဆောက်ပြုပြင်သင့်သည့် မြန်မာနိုင်ငံ၏အခွန်စနစ်

## မေဖြိုးခင်

အခွန်ဆိုသည်မှာ တိုင်းပြည်လူ့အဖွဲ့အစည်းများအတွက် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းဆောင်တာများတွင် ကျခံသုံးစွဲနိုင်ရန်နှင့် နိုင်ငံအတွင်းရှိ လုပ်သားများ၏ ဝင်ငွေ၊စီးပွားရေးလုပ်ငန်းများ၏ အမြတ်ငွေ၊ အချို့ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ ရောင်းဝယ်ဖောက်ကားမှုများစသည်တို့အပေါ်မှ နိုင်ငံတော်ဘဏ္ဍာသို့ မဖြစ်မနေထည့်သွင်းပေးဆောင်ရန် အစိုးရက ပြဋ္ဌာန်းသတ်မှတ် ကောက်ခံသောငွေကြေးကို ဆိုလိုသည်။ အခွန်အကောက်စနစ်များတွင် တိုက်ရိုက်ခွန်နှင့်သွယ်ဝိုက်ခွန်ဟူသောအခွန်အမျိုးအစား နှစ်မျိုးရှိပြီး တိုက်ရိုက်ခွန်တွင် ကျသင့်အခွန်ကို အခွန်ထမ်းက ပေးဆောင်ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အခွန်စနစ်တွင် တိုက်ရိုက်ခွန်အဖြစ် ဝင်ငွေခွန်ကိုပေးဆောင်ရသည်။ သွယ်ဝိုက်ခွန်သည် ကျသင့်အခွန်ကိုဝယ်ယူသူ၊ စားသုံးသူ၊ ဝန်ဆောင်မှုကို ရယူသူကပေးဆောင်ရခြင်းဖြစ်သည်။တစ်နည်းဆိုရပါလျှင်သုံးဆောင်စားသုံးသူအနေဖြင့် အခွန်တာဝန်ကို ထမ်းဆောင်ရခြင်းပင်ဖြစ်သည်။

နိုင်ငံတကာတွင် ကျင့်သုံးနေသော တန်ဖိုးဖြည့်ခွန် (Value Added Tax-VAT)၊ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax-GST)၊ စားသုံးမှုခွန် (Consumption Tax)၊ ရောင်းခွန် (Sale Tax)ဟူသော အခွန်အမျိုးအစားများသည် သုံးဆောင်စားသုံးသူက ပေးဆောင်ရခြင်းဖြစ်သည်။ ထိုကဲ့သို့ VAT နှင့်GST တို့နှင့် သဘောသဘာဝတူညီသည့် ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)ကို မြန်မာနိုင်ငံတွင် သွယ်ဝိုက်ခွန်အဖြစ် ကောက်ခံလျက်ရှိသည်ဟု အခွန်ဦးစီးဌာနက ရှင်းလင်းထားသည်။

လက်ရှိတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အထူးကုန်စည်ခွန်မှအပ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းနှင့် သုညရာခိုင်နှုန်းဆိုသည့်နှုန်းထား နှစ်မျိုးကောက်ခံလျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ကုန်ပစ္စည်းထုတ်လုပ်မှု၊ တင်သွင်းမှု၊ ရောင်းချမှု၊ ကုန်သွယ်မှုတို့အပေါ်တွင်လုပ်ငန်းအလိုက် နည်းအမျိုးမျိုးဖြင့် ကောက်ခံလျက်ရှိပြီး စားသောက်ဆိုင်များနှင့် ဟိုတယ်တွင် အခွန်တံဆိပ်ခေါင်းများကို ကြိုတင်ရောင်းချပြီး ကောက်ခံလျက်ရှိသည်။

**တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းကို သတ်မှတ်ရာတွင်လည်း စနစ်တကျ အခွန်ရာခိုင်နှုန်း မည်မျှကောက်ခံနိုင်မှု၊ ကောက်ခံရရှိသောအခွန်များကို စနစ်တကျသုံးစွဲမှု၊ နိုင်ငံ၏ဘတ်ဂျက်နှင့် တစ်ဦးချင်းဝင်ငွေတို့အပေါ် မူတည်သတ်မှတ်လေ့ရှိရာ အခွန်ငွေ မှန်ကန်စွာကောက်ခံနိုင်ရေးမှာ အရေးကြီးသကဲ့သို့ စီးပွားရေးလုပ်ကိုင်သူများကလည်း ကုန်သွယ်လုပ်ငန်းခွန်များကို မှန်ကန်စွာပေးဆောင်ခြင်းဖြင့် တာဝန်ကျေပွန်သောအခွန်ထမ်းတစ်ဦးအဖြစ် တိုင်းပြည်ဖွံ့ဖြိုးရေးကို ဦးတည်ရန်မှာလည်း အရေးကြီး . . . .**

ထို့အပြင် အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်ကိုထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှုအဆင့်တိုင်းတွင် ကောက်ခံပြီး မိမိပေးသွင်းရန်ရှိသည့် ကောက်ခံပြီးသား ကုန်သွယ်လုပ်ငန်းခွန်မှ မိမိပေးခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကိုနုတ်ပြီး အစိုးရသို့ သတ်မှတ်ထားသည့်အချိန်အတိုင်း ပေးသွင်းရန်ကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည်။

ထို့ပြင်၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်သစ်မှစ၍ ကျွန်း၊ သစ်မာ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ သဘာဝဓာတ်ငွေ့အစရှိသည့် ကုန်စည်များကိုဈေးကွက်ပေါက်ဈေးသို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်က ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုးစသည့် တန်ဖိုးနှစ်ရပ်မှ များရာတန်ဖိုးအပေါ်တွင် အခွန်ကောက်ခံသွားမည့် အထူးကုန်စည်ခွန်ဥပဒေတွင် စီးကရက် တစ်လိပ်ချင်း၊ အရက် တစ်လီတာချင်းအလိုက် အခွန်ကောက်ခံသွားမည့်အချက်ကိုလည်း ပြင်ဆင်ထည့်သွင်းဖော်ပြထားသည်။

ထို့ကြောင့် အခွန်ငွေများစွာတိုးပွားရရှိနိုင်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်များကိုဥပဒေအတိုင်း သေချာကြပ်မတ်စွာစနစ်တကျကောက်ခံခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော ဘဏ္ဍာငွေကို ဖြည့်တင်းနိုင်ပြီး လိုအပ်ချက်များကို မြန်မြန်ဆန်ဆန် ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

ပွင့်လင်းမြင်သာမှုသည် အခွန်စနစ်တစ်ခုတွင်အလွန်အရေးပါသောအချက်တစ်ချက်ဖြစ်သည်။ အခွန်ထမ်းဘက်ကလည်း ၎င်းတို့ ပေးဆောင်သောအခွန်ကို မည်သို့မည်ပုံ အသုံးပြုသည်ကိုသိရှိမှသာ အခွန်ထမ်းလိုစိတ်အပြည့်အဝရှိပြီး တိုင်းပြည်တိုးတက်မှုအတွက်လည်း အထောက်အကူပြုမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ကောက်ခံရရှိလာသောအခွန်ဘဏ္ဍာငွေ ကျပ် ၅၂၈ ဒသမ ၀၂ ဘီလီယံမှ အများပိုင်ဘတ်စ်ကားလိုင်းနှင့် အိမ်ရာစီမံကိန်းအတွက် ငွေကျပ် ၁၈၅ ဒသမ ၈၀၉ ဘီလီယံ အသုံးပြုထားပြီး လမ်းမပေါ်ရေကြီးရေလျှံမှုကာကွယ်ရန်အတွက် ငွေကျပ် ၇ ဒသမ ၇၀၇ ဘီလီယံနှင့် အခြားလိုအပ်သောကဏ္ဍများအတွက်လည်း ရရှိပြီးသော အခွန်ဘဏ္ဍာများကို ခွဲဝေသုံးစွဲထားကြောင်း အောက်တိုဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

အဆိုပါအချက်ကိုထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံတွင် အခွန်စနစ်အတွက် အရေးကြီးဆုံးဖြစ်သော ပွင့်လင်းမြင်သာမှုကို စတင်အကောင်အထည်ဖော်လာပြီဖြစ်ပြီး အခွန်ဘဏ္ဍာငွေရရှိမှုမှ တိုင်းပြည်အတွက် မည်သို့အကျိုးဖြစ်ထွန်းအောင် လုပ်ဆောင်ထားသည်များကို ပြည်သူများအား ချပြခြင်းဖြင့် အခွန်ထမ်းနှင့် အခွန်ကောက်ခံသူအကြားယုံကြည်မှုကို စတင်တည်ဆောက်လာနေပြီဖြစ်ကြောင်း တွေ့မြင်ရပေသည်။

ထို့ပြင် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းကိုသတ်မှတ်ရာတွင်လည်း စနစ်တကျ အခွန်ရာခိုင်နှုန်း မည်မျှကောက်ခံနိုင်မှု၊ ကောက်ခံရရှိသော အခွန်များကိုစနစ်တကျ သုံးစွဲမှု၊ နိုင်ငံ၏ ဘတ်ဂျက်နှင့် တစ်ဦးချင်းဝင်ငွေတို့အပေါ် မူတည်သတ်မှတ်လေ့ရှိရာ အခွန်ငွေမှန်ကန်စွာကောက်ခံနိုင်ရေးမှာ အရေးကြီးသကဲ့သို့ စီးပွားရေးလုပ်ကိုင်သူများမှလည်း ကုန်သွယ်လုပ်ငန်းခွန်များကို မှန်ကန်စွာပေးဆောင်ခြင်းဖြင့် တာဝန်ကျေပွန်သောအခွန်ထမ်းတစ်ဦးအဖြစ် တိုင်းပြည်ဖွံ့ဖြိုးရေးကိုဦးတည်ရန်မှာလည်း အရေးကြီးလှပါသည်။

အစိုးရဘက်ကလည်း ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်များကို နိုင်ငံတကာနည်းတူမည်ကဲ့သို့ အသုံးချနေသည်ကို စဉ်ဆက်မပြတ် ဖော်ပြခြင်းဖြင့် ပွင့်လင်းမြင်သာသည့် အခွန်စနစ်ကိုဖော်ဆောင်ပေးရမည်ဖြစ်သည်။ ကုန်သွယ်လုပ်ငန်းခွန်သည် တိုင်းပြည်တည်ဆောက်ရေးတွင် အရေးပါသော ဘဏ္ဍာဝင်ငွေကိုရှာဖွေပေးနိုင်သည့် အခွန်ဖြစ်သည့်အတွက် အထူးအလေးထားကောက်ခံကိုင်တွယ် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းရေးသားရပါသည်။ ။

# ယာဉ်ကြောကျပ်တည်းမှုလျော့နည်းစေရေး မန္တလေးဘူတာကြီးရှေ့အဝိုင်းဖျက်သိမ်း၍ ခေတ်မီအာရုံခံစနစ်မီးပွိုင့်တပ်ဆင်

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးမြို့သည် စီးပွားရေးအချက်အချာကျပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် သုံးစွဲမှုများပြားလာသည်။ တိုးတက်သုံးစွဲလာသည့်ယာဉ်အစီးရေနှင့်အညီ သွားလာမှုအဆင်ပြေစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တွင်းလမ်းများတိုးချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လမ်းသွယ်များကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့ဝင်လမ်းများ ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးအတွက် ယခင်က မြို့သာယာလှပရေးအတွက် တည်ဆောက်ခဲ့သော မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းနှင့် (၆၂) လမ်းဆုံ အဝိုင်းပတ်ကိုလည်း ဖျက်သိမ်း၍ခေတ်မီအချက်ပြမီးပွိုင့်တပ်ဆင်ပေးခဲ့သဖြင့် ပြင်ဦးလွင်ဘက်မှလာသောယာဉ်များနှင့် မြို့သစ်ဘက်မှလာသော ယာဉ်များသွားလာမှု မြန်ဆန်စေခဲ့သည်။ အလားတူ အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားအနီးအဝိုင်းကိုလည်း ဖျက်သိမ်းစေခဲ့ရာ မန္တလေးတောင်လာရောက်သည့်ယာဉ်များ ယာဉ်ကြောကျပ်တည်းမှု လျော့ကျစေခဲ့သည်။

မန္တလေးမြို့လယ်ယာဉ်သွားလာမှုများပြားသော ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့် လမ်း(၃၀)ဘူတာကြီးအဝိုင်းကိုလည်း ယာဉ်ကြောကျပ်တည်းမှု



လျော့နည်းစေရေးအတွက် နိုဝင်ဘာ ၈ရက် ည ၈နာရီမှ စတင်ပြီး စက်ယန္တရားကြီးများ၊ မြေသည်ယာဉ်များဖြင့် စတင် ဖျက်သိမ်းလျက်ရှိသည်။ လမ်း (၃၀) နှင့်(၇၈)လမ်းဆုံ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခေတ်မီအာရုံခံစနစ် အချက်ပြမီးပွိုင့်ကိုလည်း နိုဝင်ဘာလဆန်းက တပ်ဆင်ပေးခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**သီဟကိုကို(မန္တလေး)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ပုတီးကုန်း နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပုတီးကုန်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် နိုဝင်ဘာ ၆ ရက်က မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးဇေဖြိုးလင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ပုတီးကုန်းမြို့ ၃၁၅ ကေဗွီအေ ရွာမထရန်စဖော်မာရှေ့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူပြီး ပုတီးကုန်းဈေးအတွင်း လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာ အချက်များပါဝင်သော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄၉၇)



အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းသည့် ဟသ်ာတမြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယမန်နေ့နံနက် ၆ နာရီက ဟသ်ာတမြို့ မိုးလုံလေလုံအားကစားခန်းမရှေ့မှ တာထွက်ရာ ဟသ်ာတမြို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး အင်အား ၄၀၀ ကျော်ပါဝင်သော စက်ဘီးစီးနင်းကြသူများက မြို့တစ်ပတ် ပျော်ရွှင်စွာစုပေါင်းစက်ဘီးစီးနင်းခဲ့ကြသည်။

**(မောင်မောင်ဇော်)**

# ရေကြောင်းသွားလာမှုအန္တရာယ် ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ( ၁ ) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ ရေကြောင်းတပ်ဖွဲ့စု (ပုသိမ်)မှ ဒု-ရဲမှူးခင်ဇော်ဝင်းက ၎င်းတို့ဆောင်ရွက်နေသော လုပ်ငန်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရေယာဉ်များပေါ်တွင် ပါရှိရမည့်အချက်များ၊ ရေယာဉ်မောင်းသူနှင့် ရေယာဉ်ပိုင်ရှင်များ လိုက်နာရမည့်အချက်များ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေနှင့် ပြစ်ဒဏ်များ၊ ရေယာဉ်လိုင်စင်၊ ရေယာဉ်အုပ်လိုင်စင်၊ စက်ခန်းအုပ်လိုင်စင်၊ လုပ်ငန်းလိုင်စင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြည့်စုံစွာ ပြုလုပ်ထားရန်၊ ရေကြောင်းအန္တရာယ် ကျရောက်ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ရှင်းလင်းပြောကြားခြင်း၊ ဆိပ်ကမ်းနယ်မြေအတွင်း မှုခင်းများဖြစ်ပွားမှုမရှိအောင် မှုခင်းပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ရာ ညနေပိုင်းတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ ရေယာဉ်မောင်းသူများ၊ စက်ခန်းအုပ်များ၊ ရေယာဉ်ပိုင်ရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗင်းနစ်မြို့နှင့် ဖလောရင့်စ်မြို့များသို့ သွားရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁၀**

အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ အလုပ်သဘောချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့်အတူ နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ဗင်းနစ်မြို့မှ ဖလောရင့်စ်မြို့သို့ အထူးအမြန်ရထားဖြင့် သွားရောက်ရာ ဖလောရင့်စ်မြို့ စံသာမာရီယာနိုဗယ်လာဘူတာသို့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရောက်ရှိကြသည်။

ယင်းနောက် ဖလောရင့်စ်မြို့၏ ထင်ရှားသော မိုက်ကယ်အိန်ဂျယ်လိုရင်ပြင်၊ ဒူအိုပိုဘုရားကျောင်းနှင့် ရင်ပြင်တော်ဝန်းကျင်တစ်ဝိုက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမှုကို လှည့်လည်ကြည့်ရှုပြီး ဖလောရင့်စ်မြို့မှ ညပိုင်းတွင် အထူးအမြန်ရထားဖြင့် ပြန်လည်ထွက်ခွာရာ **(ယာပုံ)**ဗင်းနစ်မြို့သို့ ဒေသစံတော်ချိန် ည ၁၀ နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

■



# A လိုင်စင်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ် AFC “A” လိုင်စင်နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားရာတွင် လက်ရှိမော်ဒန်ဘောလုံးလောကတွင် ဘောလုံးနည်းစနစ်၊ နည်းပညာများမှာ အချိန်နှင့်အညီ ပြောင်းလဲတိုးတက်နေကြောင်း၊ ဘောလုံးနည်းပြများအနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့က သတ်မှတ်ထားသော နည်းပြအသိအမှတ်ပြုလိုင်စင် A, B, C ရှိမှသာလျှင် ကလပ်အသင်းများ၊ သက်တမ်းအလိုက် နိုင်ငံလက်ရွေးစင်အသင်းများ ကြီးကြပ်နိုင်မည်ဖြစ်ကြောင်း၊ အာရှဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြုနည်းပြ အရေအတွက်မှာ ယခင်က ဆယ်ဂဏန်းသာရှိခဲ့ရာမှ ယခုအချိန်တွင် အာရှဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု နည်းပြ စုစုပေါင်း ၆၄၁ ဦးထိ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းနည်းပြအရေအတွက်မှ “A”လိုင်စင် ကိုင်ဆောင်နိုင်သူ ၅၀ ထိရှိလာခဲ့ပြီး “A” “B” “C” လိုင်စင်နှင့် ဖူဆယ်နည်းပြ၊ ဂိုးနည်းပြ၊ လိုင်စင်ရ နည်းပြပေါင်း ၆၄၁ ဦးထိရှိလာခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို နည်းပြပေးသော အီရန်နိုင်ငံသား သင်တန်းနည်းပြဆရာ Mr.Morteza Mohases မှာ နှစ်ပေါင်း ၃၀ ကျော် အတွေ့အကြုံရင့်သင်တန်းဆရာတစ်ဦးဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဝင်တစ်ဦးဖြစ်ကြောင်း၊ ယခုသင်တန်းမှ အောင်မြင်သော နည်းပြဆရာများသည် မြန်မာ့ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင်နည်းပြဆရာများ အနာဂတ်တွင် ဖြစ်လာစေရေးအတွက် မိမိအနေဖြင့် ယုံကြည်ကြောင်း၊ ယခု သင်တန်းပြီးဆုံးပါက သင်တန်းမှရရှိသော အတွေ့အကြုံများကို အသုံးချပြီး မိမိတို့သက်ဆိုင်ရာ နယ်ပယ်အသီးသီးသို့ ပြန်လည်ရောက်ရှိပါက ကစားသမားကောင်းများပေါ်ထွက်လာရေးအတွက် အလေးအနက်ထား ကြိုးစားပေးစေလိုကြောင်း ပြောကြားသည်။

ယခု နည်းပြသင်တန်းသို့ သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၂ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဇေသူအောင်(MFF)**

# ရန်ကုန်မြို့တော်အတွင်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေး အမှိုက်ကောက်ပြိုင်ပွဲပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့တော်အစိုးရ ပတ်ဝန်းကျင်ရေးရာတို့အကြား ရန်ကုန်မြို့တော်အတွင်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းစီမံကိန်းအရ ကျင်းပသည့် အမှိုက်ကောက်ပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံဥပစာ၌ ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲဝင် လူမှုရေးပရဟိတအသင်းအဖွဲ့များကို စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်အသင်းအဖွဲ့အချင်းချင်း အပြန်အလှန်ဆွေးနွေးကြကာ ကျောက်တံတားမြို့နယ်အတွင်းရှိ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၂)လမ်းမှ လမ်း (၄၀)အထိ စွန့်ပစ်အမှိုက်များကို လမ်းပြမြေပုံအတိုင်း လိုက်လံ၍ ခွဲခြားကောက်ယူကြပြီးနောက် သတ်မှတ်စံနှင့် ကိုက်ညီမှု ရှိ၊ မရှိ စွန့်ပစ်အမှိုက်ပမာဏကို ချိန်တွယ်ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော လူမှုရေးပရဟိတအသင်းအဖွဲ့များအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တိုကျိုမက်ထရိုပိုလီတန်အစိုးရအဖွဲ့မှ အကြီးတန်းညွှန်ကြားရေးမှူး Mr.Yutata Tanipami နှင့် Social Sports Initiative မှ အမှုဆောင်အရာရှိချုပ် Mr.Kenichi Mamitsuka တို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြပြီး ပြိုင်ပွဲတွင်ပါဝင်သော ရန်ကုန်မြို့စီးပွားရေးတက္ကသိုလ်အသင်းအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးက အမှိုက်ကောက်ပြိုင်ပွဲဖြစ်မြောက်အောင် ပူးပေါင်းကူညီဆောင်ရွက်ပေးသော ဂျပန်နိုင်ငံ Social Sports Initiative မှ အမှုဆောင် အရာရှိချုပ်နှင့် ဂျပန်နိုင်ငံ Spogomi Association မှ မန်နေဂျာ Mr.Demitry Bulakh တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှိုက်ကောက်ပြိုင်ပွဲတွင်ပါဝင်သော လူမှုရေးပရဟိတအသင်းအဖွဲ့များအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်မေမေသွယ်နှင့် ဒေါ်သန်းမြင့်အောင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အမှိုက်ကောက်ပြိုင်ပွဲသို့ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများ၊ ဂျပန်နိုင်ငံ မက်ထရိုပိုလီတန်အစိုးရအဖွဲ့၊ Social Sports Initiative နှင့် Spogomi Association တို့မှ တာဝန်ရှိသူများ၊ စီးပွားရေးတက္ကသိုလ်အသင်း၊ ရှင်သန်ရေး ကူညီမှုအသင်း၊ မှော်ဘီမြို့ လူမှုကူညီရေးအသင်း၊ ဖေးမသူများ ပညာသင်ထောက်ပံ့ရေးအဖွဲ့၊ ကျော်သူပရဟိတကွန်ရက်အဖွဲ့ စသည့် လူမှုရေးပရဟိတအသင်းအဖွဲ့ ၂၂ ဖွဲ့မှ လူငယ် ၁၁၀ တို့ တက်ရောက်ကြသည်။

**(စောသိန်းဝင်း)**



# ဘဏ္ဍာရေးအစီရင်ခံမှုတိုးတက်စေရေးအတွက် GIZ နှင့် ပြည်တွင်းဘဏ်သုံးခု နားလည်မှုစာချွန်လွှာလက်မှတ်ထိုး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) နှင့် မြန်မာပုဂ္ဂလိကဘဏ်သုံးခုဖြစ်သော ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်နှင့် ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့အကြား ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေးအစီရင်ခံမှု တိုးတက်စေရေးစီမံကိန်းအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ထိုးပွဲကို ယနေ့နံနက်ပိုင်းက ဆီဒိုးနားဟိုတယ် အင်းလျားခန်းမ၌ ပြုလုပ်သည်။

ထိုသို့ လက်မှတ်ရေးထိုးခြင်းကြောင့် ယင်းဘဏ်သုံးဘဏ်သည် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်း စံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုပြင်ဆင်နိုင်ရေးအတွက် နည်းပညာအကူအညီများကို GIZ ထံမှ ရရှိမည်ဖြစ်သည်။ GIZ သည် စီမံကိန်းလုပ်ငန်းများသည် ဘဏ္ဍာရေးရှင်းတမ်းပြုစုထုတ်ပြန်မှုများကို ကူညီပေးခြင်း၊ ဘဏ်ဝန်ထမ်းများအား နိုင်ငံတကာမှ လက်ခံထားသော စာရင်းကိုင်အလေ့အထများနှင့်ပတ်သက်သည့် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ ဘဏ်များတွင် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၏ အရည်အသွေးနှင့် တိကျမှုတို့ကို မြှင့်တိုးတက်စေရန် ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

“နိုင်ငံတကာ စာရင်းကိုင်စံနဲ့ စာရင်းစစ်စံတွေကို အကောင်အထည်ဖော်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိတဲ့ အုပ်ချုပ်မှုစနစ်တွေ တိုးတက်လာမှာပါ။ ပြီးတော့ ဘဏ်လုပ်ငန်းကဏ္ဍမှာရှိတဲ့ စွန့်စားမှုတွေကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲလာနိုင်မှာပါ။ ဒီနည်းလမ်းနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးတည်ငြိမ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာစေနိုင်မယ့် အကျိုးကျေးဇူးတွေကို ရရှိလာမှာပါ”ဟု ဂျာမနီသံရုံး၏ ဖွံ့ဖြိုးရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် Ms. Katharina Spiess က ပြောသည်။

ယင်းစီမံကိန်းသည် GIZ ၏ ရှေ့ပြေးစီမံကိန်းဖြစ်သည်။ ဤစီမံကိန်းတွင် ပါဝင်နိုင်ရေးအတွက် လျှောက်ထားရန် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်အားလုံးကို ဖိတ်ကြားခဲ့သည်။ ယင်းတို့အနက်မှ အကြီးစားဘဏ်လုပ်ငန်းဝန်ဆောင်မှု၊ အလယ်အလတ်ဘဏ် လုပ်ငန်းဝန်ဆောင်မှုနှင့် အသေးစားဘဏ် လုပ်ငန်းဝန်ဆောင်မှုဟူ၍ အုပ်စုသုံးခုခွဲကာ GIZ နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့်ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်းစံများ လိုက်နာမှုအကောင်အထည်ဖော်ရေး ကော်မတီ ( BFRIC) မှ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အပြီးသတ်ရွေးချယ်ခဲ့သည်။

ယင်းကြောင့် အကြီးစားဘဏ်လုပ်ငန်းဝန်ဆောင်မှုတွင် ကမ္ဘောဇဘဏ်ကလည်းကောင်း၊ အလယ်အလတ် ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွင် မြန်မာအရှေ့တိုင်းဘဏ်ကလည်းကောင်း၊ အသေးစားဘဏ်လုပ်ငန်းဝန်ဆောင်မှုတွင် ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကလည်းကောင်း ရွေးချယ်ခံရခြင်းဖြစ်သည်။

GIZ အနေနဲ့ ဤရှေ့ပြေးစီမံကိန်းမှရရှိသော သင်ခန်းစာများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ဖြင့် ဖွဲ့စည်းထားသည့် BFRIC ကော်မတီမှ တစ်ဆင့် ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံးသို့ မျှဝေသွားမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဘူးသီးတောင်မြို့တွင် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချမှုများ၊ သွားလာလှုပ်ရှားသူများဖြင့် ပြန်လည်စည်ကားအသက်ဝင်နေ

**ဘူးသီးတောင် နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားခဲ့ရာ ယခုဆိုလျှင် တစ်လတာကြာမြင့်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ဦးဆောင်၍ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က နယ်မြေစိုးမိုးရေးအတွက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးစစ်ဆေးခြင်း၊ ၎င်းတို့နောက်ပါရှိသွားသည့် လက်နက်၊ ခဲယမ်းများ ပြန်လည်သိမ်းဆည်းရမိရေးအတွက် နယ်မြေရှင်းလင်းခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ကြသူများလည်း ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်နေထိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

မိမိတို့သတင်းအဖွဲ့သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလတ်တလော ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်နှင့် ပြည်သူများထံ တင်ပြနိုင်ရန် စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်၊ မောင်တောမြို့သို့ ခရီးထွက်လာခဲ့ကြသည်။

စစ်တွေမြို့မှ နံနက် ၇ နာရီထွက်ခွာလာသော မလိခ အမြန်ရေယာဉ်သည် ဘူးသီးတောင်မြို့သို့ မွန်းတည့် ၁၂ နာရီခန့်တွင် ရောက်ရှိပြီး အခြေပြုမည့် မောင်တောမြို့သို့ ခရီးမဆက်မီ ဘူးသီးတောင်မြို့နယ် ခုတင်(၅၀) ဆံ့ ပြည်သူ့ဆေးရုံသို့ ဝင်ရောက်သတင်းရယူဖြစ်ခဲ့သည်။

"ဆေးရုံအုပ်ကြီး တစ်ဦးအပါအဝင် ဆရာဝန် ငါးဦး၊ သူနာပြု ၁၅ ဦး ရှိပါတယ်။ လူနာက ဒီခုတင် (၅၀) ဆေးရုံသစ်ဘက်မှာ ၁၁ ဦး၊ (၂၅) ခုတင်ဘက် သားဖွားမီးယပ်ဆောင်မှာက ၁၁ ဦး တက်ရောက်နေပါတယ်။ ပြင်ပလူနာ တစ်နေ့ ၄၀ လောက်ရှိပါတယ်။ ဒီမှာက လောလောဆယ် ရာသီဥတု အပြောင်းအလဲကြောင့် နှာစေး၊ ချောင်းဆိုးလူနာတွေလောက်ပဲ တက်နေတာရှိပါတယ်။ ဒီမှာ ကျွန်တော်တို့အနေနဲ့ လူမျိုး၊ ဘာသာမရွေး တန်းတူအခွင့်အရေးပေးပြီး ကုသပေးပါတယ်။

ဒီဒေသမှာ တစ်နှစ်မှာ တစ်ခါတောင် မြွေကိုက်ခံရတဲ့ဖြစ်စဉ် မရှိတဲ့အတွက် မြွေဆိပ်ဖြေဆေး မဆောင်ထားပါဘူး။ မလိုအပ်ပါဘူး။ ဒီမှာ သွေးလွန်တုပ်ကွေး ရောဂါဆိုရင်လည်း ဒီနှစ်လုံးဝမဖြစ်ခဲ့ပါဘူး။ မင်းပြားဘက်မှာတော့ ဖြစ်ပွားတာရှိပါတယ်။ လောလောဆယ်တော့ သာမန်ရောဂါတွေနဲ့ပဲ တက်ရောက်နေကြတာရှိပါတယ်"ဟု လက်ထောက်ဆရာဝန် ဒေါက်တာအောင်နိုင်လင်းက ပြောသည်။



ဒေါက်တာအောင်နိုင်လင်း



မူဟာမတ်ဇော်ကော်ရီယာ



ဦးတင်လှိုင်

လက်ထောက်ဆရာဝန် (သားဖွားမီးယပ်) ဒေါက်တာခင်သူဇာက "ကျွန်မဒီမှာ တာဝန်ကျတာ ကိုးလလောက်ရှိပါပြီ။ ကလေးမွေးဖွားမှုနှုန်းက ဒီမှာတစ်လကို အယောက်လေးဆယ်နှုန်းလောက်ရှိပြီး မိခင်နဲ့ကလေးသေဆုံးနှုန်းက တစ်ယောက်စီလောက်ပဲ ရှိပါတယ်" ဟု ပြောသည်။

ဘူးသီးတောင်မြို့နယ်တွင် လူဦးရေ စုစုပေါင်း ၃၄၅၂၆၂ ဦးရှိပြီး မြို့ပေါ်လူဦးရေ ၂၂၂၅၁ ဦးနှင့် ကျေးလက်လူဦးရေ ၃၂၃၀၁၁ ဦးရှိကြောင်း သိရသည်။ တစ်နှစ်အောက်ကလေး ၁၀၆၂၀၊ ငါးနှစ်အောက်ကလေး ၅၅၆၁၅ ဦး၊ ၁၅ နှစ်အောက်ကလေး ၁၁၄၁၆၄ ဦး၊ မြို့ပေါ်ရပ်ကွက် ခုနစ်ခု၊ ကျေးရွာပေါင်း ၄၁၉ ရွာ၊ ကျေးရွာအုပ်စုပေါင်း ၈၅ အုပ်စု၊ အိမ်ခြေပေါင်း ၄၆၃၇၃ ရှိသည်။ ထို့အတွက် တိုက်နယ်ဆေးရုံ နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၂ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

"ကလေးမွေးဖို့ ဆေးရုံတက်တာပါ။ မွေးရက်လွန်နေတယ်လို့ ဆရာဝန်က ပြောပါတယ်။ မနက်ဖြန် ဗိုက်ခွဲမွေးရပါမယ်။ ဆေးရုံတက်ရတာအဆင်ပြေပါတယ်။ ဆေးတွေလည်းအလကားပေးပါတယ်" ဟု သားဖွားမီးယပ်ဆောင်ဘက်တွင် တက်ရောက်နေသည့် မွေးလူနာတစ်ဦးက ပြောသည်။

ဒေါက်တာခင်သူဇာက "မွေးလူနာတွေက ကျန်းမာရေးအသိပညာနည်းပါးကြတယ်။ ဆေးရုံကိုလာတာနောက်ကျတယ်။ သူတို့ကို ကျန်းမာရေးအသိပညာပေးတဲ့အနေနဲ့ ဆေးရုံကနေ ပြန်ဆင်းတော့မယ့် မွေးလူနာတွေကို ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတဲ့ အကြောင်းကို အတတ်နိုင်ဆုံးပြောပြ ရှင်းပြပါတယ်။ ပြည်သူ့ကျန်းမာရေးပိုင်းမှာတော့ မြို့နယ်ဦးစီးဌာနမှူးဖြစ်တဲ့ ဒေါက်တာသန်းထွန်းကျော်က ကျန်းမာရေးအသိပညာပေး ဆောင်ရွက်ပါတယ်"ဟု ပြောသည်။

ဘူးသီးတောင်မြို့ (၇) ရပ်ကွက်မှ ဆေးရုံတက်လူနာ ဦးတင်လှိုင်က "ကျွန်တော်က ကုန်ထမ်း၊ ဆိုက်ကားနင်း ကြုံရာကျပန်းလုပ်ပါတယ်။ ဒီဆေးရုံမှာ အရက်လာ ဖြတ်တာပါ။ တက်တာ တစ်ပတ်ရှိပါပြီ။ သက်တော့ သက်သာပါတယ်။ ဒါပေမယ့် ခြေလက်တွေတော့ နည်းနည်းတုန်နေသေးတယ်။ ဒီဆေးရုံမှာ တစ်ခုကောင်းတာက ဆေးဖိုးသိပ်မကုန်ပါဘူး။ ဒီမှာ မရှိတဲ့ ဆေးလောက်ပဲအပြင်က ဝယ်သုံးရပါတယ်။ ခုနောက်ပိုင်း ကျွန်တော်တို့ လူနာတွေအတွက် ကုန်ကျစရိတ် တော်တော်လေး သက်သာ သွားပါတယ်။ ဆရာဝန်တွေကလည်း နေ့တိုင်း အချိန်မှန် Round လှည့် စစ်ဆေးကုသပေးပါတယ်" ဟု ပြောသည်။

ဘူးသီးတောင်မြို့နယ် ဖိုးခေါင်ချောင်းကျေးရွာမှ မူဟာမတ်ဇော်ကော်ရီယာက "ကျွန်တော့်သားလေးက အသက် လေးနှစ်ပါ။ သူ သစ်ပင်ပေါ်က ပြုတ်ကျလို့ လက်ကျိုးပြီး ဆေးရုံရောက်လာတာပါ။ ဆေးရုံရောက်တာသုံးလေးရက်ရှိပါပြီ။ ဆေးရုံရောက်တာနဲ့ အကုန်လုပ်ပေးပါတယ်။ ဒီမှာရှိတဲ့ ဆေးဝါးတွေကတော့ အခမဲ့ပါ။ မရှိတာတော့ အပြင်က ဝယ်ရပါတယ်။

"ကျွန်တော်တို့ဆီမှာ အကြမ်းဖက်မှုဖြစ်ပြီးနောက်ပိုင်းလည်း အေးချမ်းပါတယ်။ အေးအေးချမ်းချမ်းပါပဲ။ သားလေးဆေးရုံလာတက်တာလည်း အဆင်မပြေတာမရှိပါဘူး။ အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ရွာဘက်တော့ လာပြီးစစ်ဆေးတာ မရှိပါဘူး။ ကျွန်တော်တို့ဆီမှာ ဘာပြဿနာမှ မရှိပါဘူး။ ကျောင်းတွေတော့ ပိတ်ထားပါသေးတယ်။ ကျွန်တော်က လယ်စိုက်ပါတယ်။ ငါးကန် ငှားလုပ်ပါတယ်။ အဆင်ပြေပါတယ်"ဟု ပြောသည်။

ဘူးသီးတောင်မြို့နယ်မှ မွေးလူနာ ဒေါ်ခင်ထွေးက "မွေးပြီးတာ သုံးရက်ရှိပါပြီ။ အရင်ချုပ်ရိုးလည်းရှိတယ်။ ဒီမှာထပ်ပြီးဗိုက်ခွဲမွေးရတော့ ဆေးရုံက မဆင်းခိုင်းသေးတာပါ။ အရင်ကလေးတုန်းက ရန်ကုန် ဗဟိုရ်စည် ဆေးရုံမှာ မွေးပါတယ်။ ဒီကလေးကိုတော့ ဒီမှာပဲမွေးဖြစ်ပါတယ်။ ဆေးဝါးကလည်း ဒီကပဲပေးပါတယ်။ ဘာမှမလိုပါဘူး။ ဆရာဝန်တွေ ပုံမှန်စစ်ဆေးပေးပါတယ်" ဟု ပြောသည်။

ဒေါက်တာခင်သူဇာက "နှုတ်ခမ်းကွဲ အာခေါင်ကွဲကလေးတွေကတော့ ကိုယ်ဝန်လေးပတ်ကနေ ရှစ်ပတ်အတွင်း မိခင်က ကိုယ်ဝန်ရှိမှန်းလည်း မသိဘူး။ အဲ့ဒီ အချိန်မှာ ဓာတုဗေဒပစ္စည်းတွေရော၊ နောက်သူတို့ ကိုယ်တိုင် ဘယ်လိုဆေးဝါးတွေ သောက်ခဲ့သလဲ ဆိုတာတောင် မသိကြဘူး။ ကလေးတွေရဲ့ ကိုယ်လက်အင်္ဂါက ရှစ်ပတ်လောက်ဆို စုံလင်ပါတယ်။ အဲ့ဒီမတိုင်ခင်ကတည်းက ဖြစ်နေလို့ ဒီလိုဖြစ်တာပါ။

"လိုအပ်တဲ့ ဆေးဝါးတွေကို ကျန်းမာရေးဝန်ကြီးဌာနကပဲ ထောက်ပံ့ပေးပါတယ်။ ရာနှုန်းပြည့် မပေးနိုင်ပေမယ့် ၉၀ ရာခိုင်နှုန်းလောက်အထိထောက်ပံ့ပေးနိုင်ပါတယ်"ဟု ပြောသည်။

ဘူးသီးတောင်မြို့တွင် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချမှုများ၊ လမ်းမပေါ် သွားလာလှုပ်ရှားသူများ၊ ကျောင်းသားကျောင်းသူများဖြင့် ပြန်လည်စည်ကားအသက်ဝင်နေသည်ကို တည်ငြိမ်အေးချမ်းမှု ပြယုဒ်အဖြစ် မြင်တွေ့ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**(ကိုသက်နှင့်အဖွဲ့)**



ဘူးသီးတောင်မြို့နယ် ခုတင်(၅၀) ဆံ့ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို တွေ့ရစဉ်။

## မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ သုံးဦးနှင့် မသင်္ကာဖွယ် တစ်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ဆူခါလီ (ဘင်္ဂါလီ)ကျေးရွာရှိ မူဟာမက်အီဆုတ်၏ နေအိမ်အား ဝင်ရောက်ရှင်းလင်း ရှာဖွေစစ်ဆေးရာ မူဟာမက်အီဆုတ်(ဘ)ဆွေယော့နူလာ၊ ရာမက်ဒူလာ(ဘ) မိုဟာမက်အီဆုတ်နှင့် နော်ဇီမူလာ(ဘ) မိုဟာမက်အီဆုတ်တို့ ၃ ဦးကို ဒသမ ၃၀၃ ထိပ်ဖူးဖြုတ်ထားသော ကျည်ခွံ ၄၂ ခု၊ ဒသမ ၃၀၃ ကျည်ဖူး ခုနစ်ခု၊ RZL လက်ကိုင် စကားပြောစက်တိုင်တိုတစ်ချောင်း၊ သစ်သားမှိန်း တစ်ချောင်း၊ ဝါးမှိန်း တစ်ချောင်း၊ သံမှိန်း နှစ်ချောင်း၊ ဓားမကြီး လေးချောင်း၊ ဓားမြှောင် သုံးချောင်း၊ အိပ်ဆောင်ဓားအသေး နှစ်ချောင်း၊ အရိုးမပါ လှံသွားတစ်ချောင်းနှင့် လေးမြှောင့် ဆူးချွန်နှစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့ နံနက် ၇ နာရီခန့်ကလည်း ပူးပေါင်းအဖွဲ့ဖြင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သက္ကယ်ပြင်(အနောက်) ကျေးရွာဘက်မှ ထွက်လာသည့် မသင်္ကာဖွယ် ဘင်္ဂါလီ မာမက်ဟူစိန်(ဘ) ဒေါ်လာဘာရှီအား စစ်ဆေးရာ ဆန်ဖိုနီ(P-5) အမျိုးအစား ဟန်းဆက်တစ်လုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တရားမဝင် Robi ဆင်းကတ် တစ်ခု၊ MPT ဆင်းကတ် တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ဘင်္ဂါလီ လေးဦး၊ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား အင်းဒင်ရဲစခန်းနှင့် နယ်ခြားစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)သို့ တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း မသင်္ကာဖွယ် တွေ့ရှိသူများအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယနေ့နံနက် ၁ နာရီခွဲခန့်တွင် အလယ်သံကျော်ကျေးရွာအုပ်စု ဖာတီကျေးရွာဘက်မှ ထွက်လာသည့် မသင်္ကာဖွယ် ဘင်္ဂါလီလူမျိုး ဆာလာမောက်ဒူလာ (ဘ) ဒူလာများကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာ(အနောက်ရွာ)မှ သက္ကယ်ပြင်ကျေးရွာ (အရှေ့ရွာ)သို့ ပုစွန်ကန်တာပေါင်ရိုးအတိုင်း လမ်းလျှောက်လာသည့် ကျီးကန်းပြင်ကျေးရွာ (အနောက်ရွာ)နေ မသင်္ကာဖွယ် ဘင်္ဂါလီလူမျိုး ဇူဘိုင်(ဘ) နူရ်မာလာကိန်း၊ ရှောင်ရှုအာလောင်(ဘ) အဒူမော်ဇော်ဒန်နှင့် အေကရာအူလာ(ဘ) ရှော်ရှီအာလောင်တို့ သုံးဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံလုပ် ဆန်ဖိုနီ ဒီ-၁၅၀ အမျိုးအစား တယ်လီဖုန်းဟန်းဆက်တစ်လုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တရားမဝင် Robi ဆင်းကတ် တစ်ခု၊ MPT ဆင်းကတ် တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရမိပစ္စည်းများအား တရားဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေး အလယ်သံကျော်နယ်မြေရဲစခန်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ် (ကျီးကန်းပြင်) သို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ကိုရီးယားနိုင်ငံသံအမတ်ကြီး H.E. Mr.Yoo Jae-Kyung ဦးဆောင်သောအဖွဲ့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)၏ လောကနတ်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား သာသာနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကိုရီးယားနိုင်ငံဘက်မှ ကူညီပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေပြည်သာစက်မှုဇုန်၌ ယာဉ်လမ်းကြောင်း ကွင်းဆင်းရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်(၁)အတွင်းရှိ လမ်းများပေါ်၌ ယာဉ်များစနစ်တကျရပ်တန့်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောရှင်းလင်းရေးတို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၆)က ဦးဆောင်၍ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွှေပြည်သာစက်မှုဇုန်(၁)စီမံခန့်ခွဲရေးကော်မတီနှင့် ရုံးအဖွဲ့မှ တာဝန်ရှိသူတို့သည် ယနေ့ နံနက် ၁၀ နာရီက ပူးပေါင်းပါဝင်ကာ စက်မှုဇုန်(၁)အတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**




**○ ကချင်ပြည်နယ်**

ငြိုဟ်တု သို့မဟုတ် ဒုံးပျံ လွှတ်တင်ရာတွင် တွန်းကန်အားပေးသည့် အင်ဂျင်ပိုင်းဆိုင်ရာ စက်အစိတ်အပိုင်း ဖြစ်နိုင်သည်ဟု ယူဆရသည်။ ယင်းသတင်းနှင့် ဆက်စပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၂ မိနစ်တွင် နိုင်ငံမြောက်ပိုင်းရှိ ကျန်ချန်းစီးတီးငြိုဟ်တု လွှတ်တင်ရေးစခန်းမှ ကြယ်မှုန်ရှာဖွေရေး စမ်းသပ်ငြိုဟ်တု လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ ယနေ့ နံနက် ၁၁ နာရီ ၁၁ မိနစ်ချိန် ထုတ်ပြန်ချက်အရ သိရှိရသဖြင့် မြန်မာနိုင်ငံအတွင်း ပြုတ်ကျခဲ့သည့် သံထည်ပစ္စည်းမှာ တရုတ်နိုင်ငံမှ ငြိုဟ်တုလွှတ်တင်ခဲ့မှုနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**✳ ဆူဇူကီးဖလားပြိုင်ပွဲ**

မှတ်ပုံတင်တစ်ခုလျှင် လက်မှတ်နှစ်စောင် ဝယ်ယူနိုင်မည်ဖြစ်ပြီး ဝယ်ယူမည့်သူများ၏ မှတ်ပုံတင်ကို မှတ်တမ်းထားရှိမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မလိုလားအပ်သည့် ပြဿနာများ၊ ဆိုးသွမ်းပရိသတ်များကို ထိန်းချုပ်နိုင်ရန် လုံခြုံရေးအင်အား ၁၅၀၀ မှ ၂၀၀၀ အထိ အသုံးပြုမည်ဖြစ်ပြီး လုံခြုံရေးအတွက် CCTV ကင်မရာအလုံး ၅၀ တပ်ဆင်မည်ဖြစ်သည်။ ကွင်းအတွင်း အရာဝတ္ထုဖြင့် ပစ်ပေါက်သူများကို ချက်ချင်းအရေးယူမည်ဖြစ်ပြီး အရက်သေစာသောက်သုံးထားသူများကို ဝင်ရောက်ကြည့်ရှုခွင့်ပြုမည်မဟုတ်ပေ။ ယခုပြိုင်ပွဲကျင်းပရန် အာဆီယံဘောလုံးအဖွဲ့ချုပ်က အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ထောက်ပံ့ထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျပ်သိန်း ၂၅၀၀ ထပ်မံစိုက်ထုတ်သုံးစွဲရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO ဦးဘုန်းနိုင်ဇော်က "အခုပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ လုံခြုံရေးကိစ္စတွေ၊ လက်မှတ်ရောင်းချမယ့်အစီအစဉ်တွေ၊ ပရိသတ်တွေအတွက်အစီအစဉ်တွေအားလုံ းဆောင်ရွက်ထားပြီးဖြစ်ပါတယ် ။ အဝေးကွင်းလာရောက်အားပေးမယ့် မလေးရှားနဲ့ ဗီယက်နမ်ပရိသတ်တွေအတွက် တစ်ပွဲကိုလက်မှတ်စောင်ရေ ၂၀၀ ရောင်းချပေးမှာဖြစ်ပြီး ပြဿနာမဖြစ်ပေါ် အောင်လုံခြုံရေးသီးသန့်ထားရှိပေးမှာပါ။ လက်မှတ်မှောင်ခိုရောင်းချသူတွေနဲ့ ဆိုးသွမ်းပရိသတ်တွေကိုချက်ချင်းအရေးယူနိုင်ဖို့တင်ပြထားပါတယ်"ဟုပြောကြားခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက "ဒီပြိုင်ပွဲဟာ အာဆီယံအဆင့်ရဲ့ အမြင့်ဆုံးပြိုင်ပွဲဖြစ်တာကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအပါအဝင် တာဝန်ရှိသူတွေအားလုံး ဖိတ်ကြားထားပြီး အစိုးရအဖွဲ့က တာဝန်ရှိသူတွေကိုလည်း ဖိတ်ကြားမှာပါ။ ပြိုင်ပွဲမတိုင်ခင်ကစားမယ့် အိုမန်လက်ရွေးစင်နဲ့ ခြေစမ်းပွဲအတွက် ပွဲကစားကြေး အမေရိကန်ဒေါ်လာလေးသောင်းအပါအဝင် စုစုပေါင်းကုန်ကျစရိတ် ဒေါ်လာနှစ်သိန်းကုန်ကျမှာပါ။ အရင်က အီရန်လက်ရွေးစင်အသင်းနဲ့ကစားဖို့စီစဉ်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေ အမေရိကန်ဒေါ်လာ တစ်သန်းကျော်ပေးချေဖို့ စီစဉ်ခဲ့ပေမယ့် နောက်ဆုံးမှ ပျက်ပြယ်ခဲ့ရတာပါ"ဟုပြောကြားခဲ့သည်။

မြန်မာအသင်းသည် အုပ်စု (ခ) တွင် မလေးရှား၊ဗီယက်နမ်၊ ကမ္ဘောဒီးယားအသင်းတို့နှင့်ပါဝင်နေပြီး နိုဝင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်၊ နိုဝင်ဘာ ၂၃ ရက်တွင် ကမ္ဘောဒီးယား၊ နိုဝင်ဘာ ၂၆ ရက်တွင် မလေးရှားတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**မင်းဘူး နိုဝင်ဘာ ၁၀**

ကျေးလက်နေတောင်သူများ လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်နိုင်ရန်နှင့် လယ်ယာလုပ်ငန်းခွင်တွင် တွင်ကျယ်စွာအသုံးပြု၍ ပြုပြင်ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၉ ရက်က မင်းဘူးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈)စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အဖွင့်အမှာ စကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန မင်းဘူးခရိုင် ဦးစီးမှူး ဦးခင်မောင်ဝင်းက လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံ သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်လာသော ကျေးလက်နေတောင်သူများအား လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့သည်။

**တင်ထွန်းဦး(မင်းဘူး)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၁ | ဦးသန်ဇင် | ကံ့ကော်ကောင်းကင်တက္ကသိုလ်ဝင်တန်းမြန်မာစာ လေ့လာသင်ကြားမှုအတွေ့အကြုံစုစည်းချက်များ | ၃၀၀၀ိ/- | ရခိုင်သားကြီးစာပေ |
| ၄၂ | ကလောင်စုံ | Myanmar Quarterly အတွဲ(၁)၊ အမှတ်(၁)၊ အောက်တိုဘာလ ၂၀၀၆ | ၃၀၀၀ိ/- | iSp |
| ၄၃ | သိုးဆောင်း | မိုးမိသောအိပ်မက်များ | ၂၅၀၀ိ/- | အောင်မြင်စာပေ |
| ၄၄ | သိန်းသန်းဝင်း(မလှိုင်) | တစ်ကုဋေတန်သောပတ်မချက် (မြန်မာ့အနုသုခမဆောင်းပါးများ) | ၃၀၀၀ိ/- | ဝန်ချတောင်စာပေ |
| ၄၅ | ပြည်ကျော်ကျော် | မူကြိုအရွယ်ကလေးများအတွက် ပညာရေးအထောက်အကူပြု | ၂၀၀၀ိ/- | KKH Publishing House |
| ၄၆ | သိန်းဇေမြင့် | အစွမ်းကုန်သန့်ရှင်းရေးနှင့်အခြားဝတ္ထုတိုများ | ၁၅၀၀ိ/- | The Key Collection |
| ၄၇ | သီပေါကိုလတ် | ပါရမီခရီးလမ်းမှမိုင်ဖုန်းဆရာတော်နှင့် လောကခံတရားများ | ၃၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၄၈ | ဗညားဦး(အိမ်မဲ) | သတင်းထောက် ဒီပဇော်နှင့် စိတ်တစ္ဆေ၏ လေချွန်သံရင်သိမ့်ဖိုစုံထောက်ဝတ္ထုများ | ၁၅၀၀ိ/- | ရွှေဗညားစာပေ |
| ၄၉ | စိန္တာမယဆရာပိုင် | ကျွန်ုပ်တွေ့ကြုံခဲ့ဖူးသောပယောဂအတိုက်ဆန်းများ | ၂၀၀၀ိ/- | ရွက်စိမ်းစာပေ |
| ၅၀ | ကြယ်လွဲမိုး | လိပ်စာတပ်လိုက်တဲ့မြားတစ်စင်း မဂ္ဂဇင်းဝတ္ထုတိုများ | ၂၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၅၁ | ဒေါက်တာထွန်းဝင်း | ဇီကာ၊အီဘိုလာ၊ဂျပန်ဦးနှောက်ရောင်ရောဂါနှင့်အခြား ကူးစက်မြန်ရောဂါများစွာကာကွယ်ရေးနည်းလမ်းများ | ၂၀၀၀ိ/- | သရဖီထွန်းဝင်းစာပေ |
| ၅၂ | ငြိမ်းအောင် | ဖိလစ်ပိုင်သမ္မတ ဒူတာတေးဘဝဇာတ်ကြောင်း | ၂၅၀၀ိ/- | မျက်ပွင့်စာပေ |
| ၅၃ | ရဲမြလွင်ဘာသာပြန် | ဗမာပြည်မှ ပေးစာများအောင်ဆန်းစုကြည် | ၄၀၀၀ိ/- | ရွှေမိုးယံစာပေ |
| ၅၄ | သျှင်အရိယဝံသ (ရေလယ်ကျွန်းတောရ) | မြတ်ဗုဒ္ဓ၏တိုတိုရှင်းရှင်းပိဋကမှုရင်းဒေသနာများ | ၂၀၀၀ိ/- | အနန္တာ |
| ၅၅ | သက်ထားခင် | မိန်းမတန်ဖိုး | ၃၀၀၀ိ/- | ပြည်မြန်မာ |
| ၅၆ | ဆင်ဖြူကျွန်း ကျော်လှိုင်ဦး | ဆင်းရဲသားအမဲကုလားပဲနှင့်အခြားသော အစားအစာဓာတ်စာများ | ၂၀၀၀ိ/- | ပြည်မြန်မာ |
| ၅၇ | မီရှိုထုံး | အချစ်ဟုခေါ်တွင်သည် | ၂၀၀၀ိ/- | တိမ်တိုက်ထွန်းစာပေ |
| ၅၈ | ဒေါက်တာခင်မောင်ညို | လူတိုင်းအတွက်ရောဂါလက္ခဏာဆေးပညာ | ၃၀၀၀ိ/- | ဂုဏ်ထူးစာပေ |
| ၅၉ | နိုင်ဇော် | သေမင်းကိုအံတုမည့် မအိုမနာမသေဆေးလျို့ဝှက်နည်းလမ်း | ၁၅၀၀ိ/- | သီရိဝစ္ဆာစာပေ |
| ၆၀ | | မာကိုပိုလို | ၁၅၀၀ိ/- | The Key Collection |
| ၆၁ | မောင်မင်းစိုး | ထင်ပေါ်ကျော်ကြားစူပါကိုရင်ကလေးများ(၃) | ၂၅၀၀ိ/- | PICA media |
| ၆၂ | သီမာဝင်း | တစ်မြို့စီတစ်နယ်စီတစ်နွေစီ | ၁၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၆၃ | UTA(ရန်ကုန်တက္ကသိုလ်) | မြန်မာ့ပုံရိပ်နှင့်အခြားအက်ဆေးများ | ၂၈၀၀ိ/- | ဇေယျာမိုးစာအုပ်တိုက် |
| ၆၄ | ကလောင်စုံ | ကမ်းလက်များဆုရဝတ္ထုတိုပေါင်းချုပ်(၅) | ၂၀၀၀ိ/- | ကမ်းလက်များ |
| ၆၅ | ခင်မျိုးချစ် | ဥရောပစာပေ | ၃၀၀၀ိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၆၆ | အောင်စည်သာ | လမ်းဘေး MBA | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၇ | ဦးဖိုးကျား | ဦးဖိုးကျားကိုယ်တွေ့ဝတ္ထုများ(၄) | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၆၈ | မိုးသု(မန္တလေး) | ကထိန်နှင့်စပ်၍သိမှတ်ဖွယ်ရာများ | ၈၀၀ိ/- | ပါရမီ |
| ၆၉ | ကလောင်စုံ | ဖြစ်တည်မှုအခြေပြုနိုင်ငံတကာစာစုများ | ၂၅၀၀ိ/- | မျိုးဆက်သစ် |
| ၇၀ | ဟိန်းလတ် | ကင်းထောက်လုပ်ဆောင်ချက်လုပ်ထုံးလုပ်နည်းအစီအစဉ် | ၁၅၀၀ိ/- | မဖြိုမ |
| ၇၁ | ကောက်ကွေ့၊လင်းသက် | ခေါစာ | ၁၀၀၀ိ/- | |
| ၇၂ | တီချယ်လှိုင် | ပျော်ရွှင်နေတဲ့မင်းသားလေးနှင့်အော်စကာဝိုင်းပုံပြင်များ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၃ | ဂျာကြီး | ဩဇာတိက္ကမရှိစွာခေါင်းဆောင်ပါ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၄ | အောင် (ရေကြောင်းအင်ဂျင်နီယာ) | စွမ်းအားရှင်ဂမုန်းပင်များ | ၄၀၀၀ိ/- | မိုးကျော်စာပေ |
| ၇၅ | ပန်းချီမောင်မောင်တိုး | ဓမ္မမှတ်စု | ၁၂၀၀ိ/- | journalist |
| ၇၆ | အော်ဂဲနီ | ရေခြားမြေခြားသမီးနဲ့သားသို့ | ၁၅၀၀ိ/- | ပါရမီ |
| ၇၇ | ညိုမြ | ဘိန်းဋ္ဌီကာနှင့်ရွှေ့ပြောင်းရှင် | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၈ | နေစိုးထက် | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်(သို့မဟုတ်) ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် | ၂၀၀၀ိ/- | နေစိုးထက် |
| ၇၉ | ဟိန်းနိုင်(မန္တလေး) | ကျွန်တော်ပြည်ကျော်ပြည်တော်ပြန်ခဲ့ | ၂၀၀၀ိ/- | နှစ်ကာလ |
| ၈၀ | မောင်မောင်စိုး | ၂၁ ရာစုပင်လုံညီလာခံသုံးသပ်ချက် | ၂၀၀၀ိ/- | မျိုးဆက်သစ် |
| ၈၁ | ကိုကိုလေး | ရန်ကုန်သမိုင်း | ၄၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၈၂ | မောင်တိုင်ပင် | အရင်းအနှီးဈေးကွက်နှင့်စီးပွားရေးပွဲတင်သံ | ၂၀၀၀ိ/- | Wisdom House |



# နိုင်ငံခြားခရီးသွားဧည့်သည်များ မုံရွာမြို့အတွင်း စက်ဘီး၊ အနေ့းယာဉ်များဖြင့် လေ့လာမှုများပြား

**မုံရွာ နိုဝင်ဘာ ၁၀**

မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီးပွားရေးအရ အချက်အချာကျပြီး ချင်းတွင်းအထက်ပိုင်းဒေသနှင့် အခြားတိုင်းဒေသကြီးများသို့ ဆက်သွယ်ပေးသည့် အဓိကမြို့တစ်မြို့ဖြစ်သည့်အပြင် မြို့နှင့်အနီးတစ်ဝိုက်တွင် အထင်ကရနေရာများစွာရှိသည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များ အပြင် ပြည်ပမှခရီးသွားဧည့်သည်များပါ နေ့စဉ် မော်တော်ယာဉ်များဖြင့် အဆက်မပြတ် ဝင်ရောက်လျက်ရှိကြောင်း သိရ သည်။

ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် မုံရွာမြို့သို့ လာရောက်လည်ပတ်ရာတွင် ယခင်က မော်တော်ယာဉ်များကို အသုံးပြုလျက် သဘာဝပတ်ဝန်းကျင်ရှုခင်းများ၊ ဘုရားများ၊ စေတီပုထိုးများနှင့် အထင်ကရနေရာများကို လည်ပတ်လျက်ရှိရာမှ ယခုအခါတွင် ပြောင်းလဲတိုးတက်လာသော လူနေမှုအခြေအနေ၊ အဆောက်အအုံများ၊ လူနေမှုစရိုက်များ၊ သွားလာလှုပ်ရှားမှုများ၊ ကျေးလက်ဒေသများရှိ ထင်ရှားကျော်ကြားသည့် ရိုးရာလက်မှုလုပ်ငန်းများကို မော်တော်ယာဉ်များ၊ အနေ့းယာဉ်(ဆိုက်ကား)များ၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် စက်ဘီး (ပြိုင်ဘီး)များကိုအသုံးပြုလျက် အုပ်စုဖွဲ့ပြီးလည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းဖြင့်လည်းကောင်း လည်ပတ်ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းခရီးသွားတွေက ကိုယ်ပိုင်မော်တော်ယာဉ်တွေနဲ့ လည်ပတ်ကြတာများပါတယ်။ နိုင်ငံခြားခရီးသွားတွေကတော့ ဒီဒေသမှာသူတို့အတွက် အမြင်ဆန်းတဲ့ အနေ့းယာဉ်တွေကိုလည်း လေ့လာတဲ့အနေနဲ့ စီးကြတယ်။ ပတ်ဝန်းကျင်ဒေသတွေကို လည်ပတ်လေ့လာတဲ့အခါမှာ စက်ဘီးတွေနဲ့ကျတော့ လမ်းကျဉ်းတွေအထိ ဝင်လို့ရတယ်။ နောက်ပြီးကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေတဲ့အတွက် အသုံးပြုကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေ ဘာတွေကိုကြိုက်နှစ်သက်သလဲ၊ ဘာတွေကို လေ့လာချင်သလဲဆိုတာကို ကြည့်ပြီး ဧည့်လမ်းညွှန်တွေအနေနဲ့ ဧည့်ဝတ်ကျေပွန်စွာနဲ့ဖြည့်ဆည်းပေးတာပါ"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့သို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ရာတွင် ဝင်းယူနတီဟိုတယ်၊ တော်ဝင်ကျောက်စိမ်းဟိုတယ်၊ မုံရွာဟိုတယ်နှင့် ဟိုတယ်ချင်းတွင်းတို့တွင် အများဆုံး တည်းခိုကြပြီး မုံရွာမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ မော်တော်ယာဉ်များ၊ အနေ့းယာဉ်(ဆိုက်ကား)၊ စက်ဘီး (ပြိုင်ဘီး)များဖြင့် သွားလာလည်ပတ်လျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့
နိုဝင်ဘာလ ၁၄ ရက်
world diabetes day
" ဆီးချိုသွေးချို၊ စောင့်ကြည့်လို့၊ ရောဂါအန္တရာယ်၊ ကာကွယ်စို့။"
" Diabetes : EYE ON DIABETES"
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# သီပေါ၌ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

**သီပေါ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်အေးမြင့် ဦးဆောင်သော မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် အောက်တိုဘာ ၈ ရက်မှစတင်ကာ ရပ်ကွက်အသီးသီးရှိ မိခင်နှင့်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းပြီး ပြည်သူ့အကျိုးဆောင်ရွက်ရာတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်အိအိကျော်က တိုင်းရင်းဆေးဝါးများဖြင့် တောင်မြို့ရပ်ကွက်ရှိ မိခင်နှင့်ကလေး ၇၀ ကျော်ကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်း ၃၄ ခု၌ အသုံးပြုမည်

**ညောင်လေးပင် နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ဒေသဖွံ့ဖြိုးရေး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ ကို သိန်း ၅၀ ထက်မပိုသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၄ ခုတွင် အသုံးပြုမည်ဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ထံမှ သိရသည်။

ရရှိသောရန်ပုံငွေများကို မြို့နယ်အတွင်းရှိကျေးရွာ ၂၀ ရှိ လမ်း၊ တံတားများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ဂဝံလမ်း ၃၀၊ ကွန်ကရစ်တံတားတို သုံးခုနှင့် ရေနုတ်မြောင်းတစ်ခုပါဝင်ကာ လိုအပ်ချက်အရှိဆုံးကျေးရွာများကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးက ပြောသည်။ **(မြို့နယ်ပြန်/ဆက်)**



# မိုးနှောင်းမိုးနှင့်အပြိုင် သောကလှိုင်နေရသည့် လယ်သမားများ

**ပုသိမ် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း၊ ဓနုဖြူမြို့နယ်တို့ရှိ ကျေးရွာအများစုတွင် ယခုရက်ပိုင်းအတွင်း မကြာခဏရွာသွန်းနေသည့် မိုးနှောင်းမိုး၊ မုန်တိုင်းအရှိန်ကြောင့် ရွာသွန်းတတ်သည့် မိုးများကြောင့် ရိတ်သိမ်းရန်အချိန်ရောက်နေပြီဖြစ်သော ကောက်စောစပါးများအတွက် ရိတ်သိမ်းရန် အခက်အခဲရှိခြင်း၊ ရိတ်သိမ်းပြီး ကောက်လှိုင်းများ ရေစိုခံနေရခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းရာ စပါးများရေစိုခံရခြင်း၊ အထူးသောကရောက်ကြရသည်မှာ ရေလိုက်ပဲများ မိုးရေကြောင့် ပုပ်ခြင်း၊ လယ်ကွက်အတွင်း ရေမြုပ်ခံရခြင်း၊ ပျက်စီးခြင်းများကြောင့် မတ်ပဲကြဲပက်သည့် တောင်သူများ ဆုံးရှုံးခြင်းများကြုံတွေ့နေသည်။ **(အပေါ်ပုံ)**

"ဒီနှစ်စပါးဈေးကလည်း အနိမ့်ဈေးဖြစ်နေပြီး မတ်ပဲ၊ ပဲတီစိမ်းအားကိုးပြီး နှစ်တိုင်းလိုကြဲပက်နေတော့ မိုးများလို့ မျိုးတွေ နှစ်ခါလောက် ဆုံးရှုံးရ၊ အခုအချိန်အထိ မိုးက စိတ်မချရတော့ အရှူးမီးဝိုင်းသလိုဖြစ်နေပါတယ်။ ပဲကတော့ ကျွန်တော်တို့ ဒေသတွေမှာ ရသလောက်တောင်ပို့ပါမကျန် စိုက်တာပါပဲ။ ဒီအတိုင်း စပါးဈေးကမလာ၊ ပဲက မသေချာဖြစ်နေပြီး စပါးနဲ့ ပဲရဖို့က စရိတ်က နှစ်ဆသုံးဆ ကုန်ကျတယ်ဆိုတော့ ကျွန်တော်တို့လယ်သမားတွေအတွက် ရင်လေးစရာပါ။ အားလုံးကောင်းလာပါစေလို့ မျှော်လင့်မိပါတယ်" ဟု ကျုံပျော်မြို့နယ် ငါးကျီးထူ အုပ်စု ဆင်နှစ်ကောင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**သိန်းဇော်(ရွှေလီဦး)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၈၃၈၀၀ | - | ၈၈၄၈၀၀ |
| မန္တလေး(ရွှေဈေး) | ၈၈၃၅၀၀ | - | ၈၈၄၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၂၀/၆၅၀ ကျပ် |
| (ခ)အောက်တိန်း 95 | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၅၀/၇၈၀ ကျပ် |
| (ဂ)အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |
| (ဃ)အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၅/၆၆၀ ကျပ်၊ | ၆၆၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၀၄. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၉. ၅၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၆၇၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၅၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၆. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၃၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၁. ၉၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၈. ၅၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# အလှမယ် ခင်လပြည့်ဇော်နှင့် တွေ့ဆုံခြင်း

မင်းလုသား

***၂၀၁၃ ခုနှစ်မှစတင်ပြီး အလှမယ်ပြိုင်ပွဲတွေမှာ ဆက်တိုက်ဆိုသလို အောင်မြင်မှုတွေရရှိခဲ့တဲ့ ခင်လပြည့်ဇော်ဟာ မကြာခင်က ကျင်းပပြီးစီးခဲ့တဲ့ Miss Universe Myanmar 2017 ပြိုင်ပွဲမှာ 4th Runner Up ဆုကိုရရှိခဲ့ပါတယ်။ ယခုအခါ တောင်ကိုရီးယားနိုင်ငံမှာ ပညာဆည်းပူးနေတဲ့ ခင်လပြည့်ဇော်ကို ယခုလိုဆက်သွယ်မေးမြန်းဖြစ်ခဲ့ပါတယ်-***

**လတ်တလော ဘာတွေလုပ်ဖြစ်လဲ။**

အနုပညာနဲ့ပတ်သက်ပြီး ထွေထွေထူးထူးတော့ မလုပ်ဖြစ်ပါဘူး။ နိုဝင်ဘာ ၆ ရက်မှာ ကျရောက်ခဲ့တဲ့ မွေးနေ့အလှူအဖြစ် ရဟန်းသံဃာတော်တွေကို ၇ ရက်မှာ ဆွမ်းကပ်ခဲ့ပါတယ်။ မိသားစုရယ်၊ အနုပညာမောင်နှမတွေ၊ သတင်းမီဒီယာတွေ၊ ကျွန်မကိုချစ်ခင်အားပေးတဲ့ ပရိသတ်တွေတက်ရောက်ခဲ့ကြပါတယ်။ ဗဟန်းမြို့နယ်ထဲက သီရိမင်္ဂလာမဟာ ဓမ္မာရုံကျောင်းတိုက်မှာ လုပ်ခဲ့တာပါ။

**ဖြတ်သန်းခဲ့တဲ့ အနုပညာအကြောင်းပြောပြပေးပါ။**

အနုပညာအလုပ်ကို ပထမဆုံးစလုပ်ခဲ့တာက ၂၀၁၃ ခုနှစ်က ဆရာဂျွန်လွင်ဆီမှာ စပြီးသင်တန်းတက်တယ်။ သင်တန်းတက်တက်ချင်းပဲ သင်တန်းတောင်မပြီးသေးပါဘူး အဲဒီမှာ Face of Myanmar ဆိုတဲ့ ပွဲပေါ့၊ ပထမဆုံး မြန်မာနိုင်ငံမှာ ကိုရီးယားနိုင်ငံကိုသွားပြိုင်ဖို့ ကိုယ်စားပြုရွေးမယ်ဆိုတော့ ကျွန်မကို ဆရာနဲ့ မိဘတွေက တိုက်တွန်းတယ်။ ဒါနဲ့ဝင်ပြိုင်လိုက်ပါတယ်။ အဲဒီပွဲမှာ အကောင်းဆုံး ဝင်ပြိုင်လိုက်တယ်။ ကိုယ်စားပြုအရွေးချယ်ခံရပြီး ကိုရီးယားနိုင်ငံမှာ Miss Kerasys အနေနဲ့ သွားပြိုင်ပြီး ပထမဆုံး အတွေ့အကြုံရခဲ့တယ်။ အဲဒီနောက်မှာ တရုတ်နိုင်ငံမှာ ကျင်းပတဲ့ Miss Tourism Queen International ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုပြီး သွားပြိုင်တယ်။ အဲဒီပွဲမှာလည်း Miss Personality ဆုကို ကျွန်မရတယ်။ ၂၀၁၃ မှာပဲပေါ့။ အဲဒီပွဲအပြီးမှာ ခင်လပြည့်ဇော်ဆိုပြီး ပရိသတ်တွေပိုသိသွားတယ်။ အဲဒီနောက်ပိုင်းတော့ အနုပညာအလုပ်တွေ ဆက်တိုက်လုပ်ဖြစ်တယ်။ ကြော်ငြာတွေ၊ ဗီဒီယိုတွေရိုက်တယ်၊ မဂ္ဂဇင်းကာဗာတွေ ရိုက်ခဲ့ပါတယ်။ ပြီးတော့ ၂၀၁၆ မှာ Miss Universe Myanmar 2017 ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး 4th Runner Up ဆုရခဲ့ပါတယ်။

**တရုတ်နဲ့ တောင်ကိုရီးယားကိုသွားပြိုင်ခဲ့တာဆိုတော့ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံတော်တော်ရခဲ့မှာပေါ့။**

၂၀၁၃ ခုနှစ်မှာ ပထမဆုံးပြိုင်ပွဲအဖြစ် တောင်ကိုရီးယားမှာ သွားပြိုင်ခဲ့တယ်။ အဲဒီပြိုင်ပွဲကလည်း ကိုရီးယားကို ပထမဆုံး စရောက်ခဲ့တဲ့ ခရီးစဉ်ဖြစ်တယ်။ ကိုရီးယားမှာပြိုင်တုန်းကဆိုရင် ပြိုင်ပွဲကို အာရှနိုင်ငံက ပြိုင်ပွဲဝင်တွေအများကြီးလာတယ်။ သူငယ်ချင်း အသစ်တွေရတယ်။ သူတို့နိုင်ငံက ဘယ်လိုလဲ၊ သူတို့နိုင်ငံရဲ့ မော်ဒယ်လောကက ဘယ်လိုရှိတယ်၊ ကိုယ့်နိုင်ငံက ဘယ်လိုရှိတယ်ဆိုပြီး အတွေ့အကြုံတွေဖလှယ်ကြတယ်။ မိတ်ဆွေအပေါင်းအသင်းတွေရတယ်။ Tourism ပြိုင်ပွဲသွားတဲ့အခါကျတော့လည်း Miss ဖြစ်သွားပြီ။ မော်ဒယ်နဲ့ Miss က သဘော သဘာဝချင်း မတူဘူး။ Miss ပြိုင်ပွဲသွား ပြိုင်တဲ့အခါကျတော့လည်း ကိုယ်မသိတာတွေ အများကြီးသိလာရတယ်။ Miss တစ်ယောက်က ဘယ်လိုမျိုးနေထိုင်ရတယ်၊ နိုင်ငံတကာမှာ ဘယ်လောက်အထိ ဝင်ဆံ့တယ်ဆိုတာကအစ သိခဲ့ရတယ်။ ပြီးတော့ တရုတ်နိုင်ငံပြိုင်ပွဲက Miss Tourism ဖြစ်တဲ့အတွက်ကြောင့် နှစ်ရက်ကို တစ်မြို့လောက် တရုတ်နိုင်ငံတွင်းက မြို့တွေကို သွားရတယ်။ မြို့ပေါင်းစုံကိုရောက်တယ်။ ကိုယ့်နိုင်ငံနဲ့မတူတဲ့ ဓလေ့တွေ၊ နေထိုင်ပုံ၊ စားသောက်ပုံ၊ အယူအဆတွေ စသွားကတည်းက လေ့လာရတယ်။ အခုနောက်ဆုံး Miss Universe Myanmar 2017 ပြိုင်ပွဲမှာဆိုရင်လည်း ကိုယ်စားပြုရွေးချယ်လိုက်တဲ့ City Miss တွေပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားက သူငယ်ချင်း အသစ်တွေလည်းရတယ်။ သူတို့နယ်တွေက ဓလေ့တွေအကြောင်းသိရတယ်။ ဒီပြိုင်ပွဲကြီးမှာဆိုရင် National Director ဒေါ်စိုးယုဝေက ကျွန်မတို့ကို အတွေ့အကြုံကောင်းတွေ အများကြီးပေးပါတယ်။ ကျွန်မတို့အခုဆိုရင် ကြက်ခြေနီ သင်တန်းဆင်းတွေ ဖြစ်သွားကြပြီ။ ဆရာဝန်တစ်ယောက်လို မကုသနိုင်ပေမယ့် ရုတ်တရက်ကိုယ့်ရှေ့မှာ လူတစ်ယောက်လဲကျသွားတယ်ဆိုရင် ဘယ်လိုပြုစုရမယ်ဆိုတာသိသွားတယ်။ အဓိကကတော့ အသက်ကယ်ပေါ့။ မကုသခင် မဆုံးရှုံးသင့်တာမဆုံးရှုံးသွားရအောင် အချိန်မီပေါ့။ Golden Minutes လို့ခေါ်တဲ့ အတိုင်းအတာကို ဘယ်လိုအသုံးချရမလဲဆိုတာ ကြက်ခြေနီသင်တန်းတက်လိုက်ရလို့ သိခွင့်ရခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့မြောက်ဖျားပိုင်း ပူတာအိုကိုရောက်ခဲ့တယ်။ လှေတွေနဲ့ မေခမြစ်ထဲကိုစီးဝင်တဲ့ ချောင်းထဲမှာ စီးကြတယ်။ ကိုယ့်ဘာသာကိုယ် ရောက်ဖို့ စီးဖို့ဆိုမလွယ်ဘူး။ လှေတစ်စင်းမှာ ရှစ်ယောက်လောက်ပါတယ်။ လှေလှော်တာကိုပြတဲ့ နည်းပြနဲ့ ကြီးကြပ်သူတွေပါတယ်။ လှေစီးရင်း လှေပေါ်မှာ သီချင်းတွေဆိုကြတယ်။ Miss Universe Myanmar Organization က တာဝန်ရှိသူတွေလည်းပါတယ်။ ပျော်ပျော်ပါးပါးနဲ့သွားကြတယ်။ ပြီးတော့ နယ်ပေါင်းစုံက သူငယ်ချင်းတွေနဲ့ ခင်မင်ခွင့်ရခဲ့ပါတယ်။ အဖွဲ့အစည်းနဲ့လုပ်ရတဲ့ အတွေ့အကြုံကောင်းတွေ အများကြီးရပါတယ်။



**ငယ်ဘဝဖြတ်သန်းမှုကရော။**

ကျွန်မက အိမ်မှာ ငါးနှစ်လောက်ကတည်းက အနုပညာဗီဇကပြနေပြီ။ ကျောင်းကပွဲတွေဆို နှစ်တိုင်းပါတယ်။ အတန်းမှာ အတန်းခေါင်းဆောင်ဆိုလည်း နှစ်တိုင်းဖြစ်တယ်။ ကျောင်းမှာ လုပ်တဲ့ပွဲတိုင်း ကလေးဘဝကတည်းကပါတော့ တခြားကလေးတွေထက် ဆရာ ဆရာမတွေက ကျွန်မကိုသိကြတာများတယ်။ သင်္ကြန်မှာ မြို့တော်ဝန်ဖလားဆိုပြီး အကတွေပြိုင်ကြတယ်။ မူကြိုတုန်းက မြို့တော်ဝန်ဖလား ရွှေတံဆိပ်ဆု ရဖူးတယ်။ မူလတန်းကိုတော့ အထက (၁) တောင်ဥက္ကလာ၊ အလယ်တန်းက ရန်ကင်း TTC ကျောင်း၊ တက္ကသိုလ်ဝင်တန်း (ဆယ်တန်း) ကို စမ်းချောင်း၊ အထက (၂) ကနေအောင်တာ။ ကျွန်မခုနစ်တန်းနှစ်ကတည်းက ဘော်လီဘော စကစားတယ်။ နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ဘော်ဘီဘောလက်ရွေးစင်ဖြစ်တယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ အမျိုးသမီးစပေးဘော အကောင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ အားကစားကိုတော်တော် ဝါသနာပါတယ်။ ရေလည်းကူးတယ်။ ငယ်ငယ်ကတည်းက ကျောင်းစာလည်းလုပ်တယ်။ အားကစားလည်းလုပ်တယ်။ အနုပညာလည်းလုပ်တယ်။

**တောင်ကိုရီးယားနိုင်ငံမှာပညာသင်နေတဲ့ အတွေ့အကြုံကရော။**

ကျွန်မက ကိုရီးယားနိုင်ငံမှာ Art and Beauty ဒီပလိုမာတက်နေတာပါ။ အနုပညာလောကထဲမှာ ကိုယ့်အတွက် အသုံးဝင်မယ့် ပညာရပ်တွေ အကုန်လုံးကိုသင်ပေးတော့ အသုံးဝင်တာပေါ့။ ဒီပလိုမာဆိုတော့ တစ်နှစ် တစ်တန်းတက်လို့ရတယ်။ အခု Level 1 တက်နေပါတယ်။ နောက်ဆက်ပြီးတက်ချင်လည်း တက်လို့ရတယ်။ အဆင့်လိုက်ပေါ့။ ကျွန်မတို့ဆီမှာ စာကြည့်တိုက်ကို လူနည်းစုလောက်ပဲ အသုံးပြုကြတယ်။ ကိုရီးယားမှာက စာကြည့်တိုက်ကို မသွားဘဲနေလို့မရဘူး။ ကိုယ်သိချင်တဲ့ အကြောင်းအရာ၊ ကိုယ်လိုချင်တဲ့စာကို စာကြည့်တိုက်မှာ သွားရှာရတယ်။ စာကြည့်တိုက်ကို အသုံးမပြုတဲ့ ကျောင်းသားဆိုတာ ရှိကို မရှိဘူး။ စာကြည့်တိုက်မှာပဲ ကိုယ်လိုချင်တဲ့ စာရှာရတယ်။ စာကြည့်တိုက်မှာပဲ စာကြည့်ကြတယ်။ နောက်ပြီး သူတို့ဆီမှာ အချိန်ဖြုန်းတာသိပ်မရှိဘူး။ အချိန်ဖြုန်းလည်း စာကြည့်တိုက်မှာပဲ အချိန်ဖြုန်းတယ်။ စာကြည့်တိုက်က စည်းကမ်းရှိတယ်။ သန့်ရှင်းသပ်ရပ်နေတော့ စာလုပ်လို့ကောင်းတယ်။ နောက်ပြီး ကျောင်းကားရှိတယ်။ ကားက ကိုယ့်အိမ်ထိပ်၊ လမ်းထိပ်အထိ လာခေါ်တယ်။ အဝေးကြီးသွားရတာမရှိဘူး။ မပင်ပန်းတော့ စာကိုပိုပြီးအာရုံစိုက်နိုင်တယ်။ တက္ကသိုလ်တွေက မြို့လယ်မှာပဲရှိတာ။ အသွား၊ အပြန်အချိန်မပေးရဘူး။ စာသင်ချိန်မှာ ဆူညံသံလုံးဝမရှိဘူး။ ဆရာသင်ပြတာကိုပဲ လိုက်မှတ်ကြတယ်။ စကားပြောဖို့မပြောနဲ့ အသံတောင်မထွက်ဘူး။ ဆရာမအသံပဲ ကြားရတယ်။

**အနုပညာအလုပ်တွေ ဘယ်လိုဆက်ပြီးလုပ်ဆောင်သွားမလဲ။**

ကျွန်မက အနုပညာကိုဝါသနာပါတယ်။ အသက်မွေးဝမ်းကျောင်းအလုပ်ကိုတော့ ရွေးချယ်ရမှာပေါ့။ အနုပညာကတော့ ဝါသနာအရလုပ်တာပါ။ မိဘတွေကလည်း အားပေးတော့ ကျွန်မအတွက် ပိုပြီးခရီးတွင်ပါတယ်။ ကျွန်မဘက်ကလည်း အကောင်းဆုံးကြိုးစားမယ်။ အခွင့်အရေးရရင်ရသလို အခွင့်ရေးပေါ်မှာ မူတည်ပြီးတော့ လုပ်သွားပါ့မယ်။ အနုပညာမှာလည်း ရှေ့နှစ်မှာ အကောင်းဆုံးပြင်ဆင်ပြီးတော့ ပွဲကြီးတစ်ပွဲထပ်ပြိုင်မယ်။ အခုချိန်ထိတော့ ဘယ်ပွဲဆိုတာတော့ မဆုံးဖြတ်ရသေးဘူး။ ပွဲကြီးကိုပဲပြိုင်မှာပါ။ ကျွန်မက Miss Universe မှာ 4th Runner Up ရထားတဲ့သူဆိုတော့ Organization ကလည်း ခွင့်ပြုတယ်။ မိဘတွေကလည်း ခွင့်ပြုတယ်ဆိုတော့ နိုင်ငံကိုယ်စားပြုအလှမယ်တစ်ယောက်ဖြစ်အောင် ထပ်ပြီးပြိုင်ပါဦးမယ်။ အားပေးတဲ့ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေနဲ့ထိတွေ့ဆက်ဆံရတာက အဓိကကတော့ ဖေ့စ်ဘွတ်ခ်ပါပဲ။ အုပ်စုဖွဲ့ပြီး အားပေးကြတာရှိတယ်။ ကျွန်မအားရင်အားသလို တစ်ယောက်မကျန် သူတို့သိချင်တာ၊ မေးတာကိုပြန်ဖြေပါတယ်။ အကြံပြုတာတွေကိုလည်း လက်ခံပါတယ်။ အကြံပြုပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေအားပေးရကျိုးနပ်အောင်လည်း အကောင်းဆုံးဆက်ပြီး ကြိုးစားသွားပါ့မယ်။ နောက်ပွဲတွေမှာလည်း အားပေးကြပါလို့ ပြောချင်ပါတယ်။ ပရိသတ်တွေကိုလည်း နေ့တိုင်းဆုတောင်း မေတ္တာပို့ပါတယ်။

❖ ❖ ❖



# ကွာရှင်းပြီးနောက် ပထမဆုံးအကြိမ် ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့တဲ့ ဘရက်ပစ်

ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဘရက်ပစ်ဟာ ဆယ်နှစ်ကျော်ကြာလက်တွဲခဲ့တဲ့ မင်းသမီး အန်ဂျလီနာဂျိုလီနဲ့ ကွာရှင်းပြတ်စဲဖို့ ဆောင်ရွက်ခဲ့ပြီးနောက်မှာ နိုဝင်ဘာ ၉ရက်က ပထမဆုံးအကြိမ်အဖြစ် ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့တယ်လို့ အေ့စ်ရှီးဘစ်ဇ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဘရက်ပစ်ဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့တဲ့ သူ့ရဲ့ရုပ်ရှင်သစ် “Allied”ရဲ့ စမ်းသပ်ပြသခဲ့တဲ့ အခမ်းအနားကို တက်ရောက်လာခဲ့တာဖြစ်ပြီး ယခုလိုအခမ်းအနားတစ်ခုကို တစ်ကိုယ်တည်းတက်ရောက်ခဲ့တာဟာ ဂျိုလီနဲ့လမ်းခွဲပြီးတဲ့နောက် သူ့အတွက် ပထမဦးဆုံးအကြိမ်လည်း ဖြစ်ပါတယ်။

အဆိုပါအခမ်းအနားမှာ ဘရက်ပစ်က ယခုလို ထိပ်တန်းအနုပညာရှင်တွေနဲ့ ပြန်လည်တွေ့ဆုံရတာဟာ တကယ့်ကိုကောင်းမွန်တဲ့ ခံစားချက်ဖြစ်ကြောင်းနဲ့ သူ့ကိုအားပေးကူညီခဲ့ကြတဲ့သူတွေကိုလည်း ကျေးဇူးတင်ရှိကြောင်း မီဒီယာတွေကို ဖြေကြားခဲ့ပါတယ်။

ဒ့ါအပြင် ဘရက်ပစ်ဟာ ဇနီးဟောင်းဖြစ်တဲ့ အန်ဂျလီနာဂျိုလီစွပ်စွဲခဲ့တဲ့ စွပ်စွဲချက်တွေကနေ လွတ်ကင်းသွားပြီဖြစ်ကြောင်း သိရပါတယ်။ ဂျိုလီက ဘရက်ပစ်ဟာ သူ့ရဲ့ကလေးတွေကို ညှဉ်းပန်းနှိပ်စက်မှုတွေပြုခဲ့တယ်ဆိုပြီး စွပ်စွဲကာ ကွာရှင်းခွင့်လည်း တောင်းခဲ့ပါတယ်။ ယင်းစွပ်စွဲချက်တွေအတွက် လော့စ်အန်ဂျလိစ်တရားရုံးရဲ့ ကလေးတွေနဲ့မိသားစုရေးရာဌာနက စုံစမ်းထောက်လှမ်းမှုတွေပြုခဲ့ပြီးတဲ့နောက် နိုဝင်ဘာ ၉ ရက်မှာတော့ စုံစမ်းစစ်ဆေးမှုတွေကို ရပ်ဆိုင်းကာ အပြစ်မရှိကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အန်ဂျလီနာဂျိုလီက သူတို့ရဲ့ ကလေးခြောက်ဦးနဲ့အတူ လော့စ်အန်ဂျလိစ်မှာ နေထိုင်လျက်ရှိပြီး ဘရက်ပစ်ကတော့ ကလေးတွေနဲ့ မကြာခဏ တွေ့ဆုံသွားမှာဖြစ်ကြောင်း သိရပါတယ်။

အေးပြည့်




mages

## အဲဗာတန်မှ လူကာကူ ထွက်ခွာသင့်ဟု အဲဗာတန်နည်းပြ ကိုးလ်မန်း ယုံကြည်

လူကာကူအနေဖြင့် သူ၏ ခြေစွမ်းနှင့် အမှန်တကယ် ထိုက်တန်မှုရရှိရန်အတွက် အဲဗာတန်မှ ထွက်ခွာသင့်သည်ဟု အဲဗာတန်နည်းပြ ကိုးလ်မန်းက ဖွင့်ဟပြောကြားလိုက်သည်။ လူကာကူမှာ ချယ်လ်ဆီးကစားသမားဘဝက အရန်ခုံတွင်သာ အချိန်ကုန်ဆုံးခဲ့သဖြင့် ၂၀၁၃ ခုနှစ်တွင် အဲဗာတန်အသင်းသို့ အငှားဖြင့်သွားရောက်ကစားခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် အပြီးသတ်ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

လူကာကူကို ပြီးခဲ့သည့် နွေစျေးကွက်အတွင်း ဥရောပအသင်းကြီးများက ကမ်းလှမ်းခဲ့သော်လည်း အဲဗာတန်အသင်းတွင်သာ ဆက်ရှိနေခဲ့သူဖြစ်သည်။ သို့သော် ကိုးလ်မန်းက "လူကာကူရဲ့ လုပ်ဆောင်နိုင်စွမ်းက အဲဗာတန်အသင်းထက် ပိုမြင့်မားနေတာကြောင့် သူ့အနေနဲ့ ကလပ်အသင်းကနေ ထွက်ခွာသင့်ပါတယ်။ သူသာ အဲဗာတန်အသင်းမှာပဲ ကစားသမားဘဝ အဆုံးသတ်မယ်ဆိုရင် ဒါဟာ သူ့နောက်ကွယ်မှာ အခြားအကြောင်းတစ်ချက်ရှိနေလို့ပါပဲ"ဟု ဘယ်လ်ဂျီယံသတင်းစာ HLN သို့ ပြောကြားလိုက်သည်။

လူကာကူနှင့် အဲဗာတန်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်မှာ ၂၀၁၉ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းအား ဥရောပကလပ်အသင်းကြီးများဖြစ်သည့်ချယ်လ်ဆီး၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်အသင်းများက ကမ်းလှမ်းခဲ့သည်ဟု လူကာကူ၏ ဖခင်ဖြစ်သူ ပြောကြားချက်အရ သိရသည်။ ကိုးလ်မန်းက လူကာကူမှာ နယ်သာလန်ဂန္ထဝင်တိုက်စစ်မှူး ကလွိုက်ဗက်ကဲ့သို့ ထူးချွန်သည့် စွမ်းဆောင်ရည်ရှိသူဖြစ်ရာ အဲဗာတန်အသင်းတွင် ရောင့်ရဲတင်းတိမ်မနေသင့်ဘဲ ဘာစီလိုနာကဲ့သို့ ဥရောပအသင်းကြီးတစ်သင်းသို့ ပြောင်းရွှေ့ကစားခြင်းက သူ၏ ကစားသမားဘဝ ပျော်ရွှင်မှုအစစ်အမှန်ကို ရရှိလိမ့်မည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

မေလဲ့သင်း

ရေးသားသည်

# အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့် အောင်ပွဲခံခြင်းကြောင့် သက်ရောက်ခဲ့တဲ့ အားကစားလောက



နိုဝင်ဘာ ၈ ရက် အမေရိကန်သမ္မတရွေးကောင်ပွဲမှာ ဒေါ်နယ်ထရန့်အောင်ပွဲခံမှုဟာ ကမ္ဘာ့စျေးကွက်ကို ရိုက်ခတ်မှုရှိခဲ့ရုံမျှမကဘဲ အားကစားလောကလို နိုင်ငံရေးနဲ့ ဆက်နွှယ်မှုနည်းပါးတဲ့ ရပ်ဝန်းကိုပါ ရိုက်ခတ်မှုရှိခဲ့ပါတယ်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုက အကောင်အထည်ဖော်မယ့် လော့စ်အိန်ဂျလိစ်မြို့ကို ၂၀၂၄ အိုလံပစ်အိမ်ရှင်အဖြစ် လျှောက်ထားမှု၊ အမေရိကန်ပြည်ထောင်စုအနေနဲ့ ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင် လျှောက်ထားမှုအပြင် ဘတ်စကက်ဘော၊ ဘေ့စ်ဘောနဲ့ အမေရိကန်ဖွတ်ဘောတွေကို ကမ္ဘာ့ပရိသတ်များ ပိုမိုလက်ခံလာရေးဆိုတဲ့ မူဝါဒတွေကိုပါ ရိုက်ခတ်ခဲ့တယ်လို့ ဘီဘီစီသတင်းဌာနက ဖော်ပြပါတယ်။



မနေ့ကမှ အနိုင်ရလဒ်နဲ့အောင်ပွဲခံပြီး လက်ရှိအာဏာလွှဲပြောင်းရယူခြင်းမရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို မီဒီယာတွေအနေနဲ့ အခုလိုစောစောစီးစီးဝေဖန်တာက လွန်လွန်းတယ်လို့ တုံ့ပြန်နိုင်ပေမယ့် ထရန့် အောင်ပွဲခံခြင်းက အမေရိကန်အားကစားနယ်ပယ်မှာ ကျင်လည်နေသူတွေကို အမှန်တကယ် ရိုက်ခတ်မှုရှိခဲ့တာပါ။

### ၂၀၂၄ အိုလံပစ်အိမ်ရှင်အဖြစ်လျှောက်ထားမယ့် လော့စ်အိန်ဂျလိစ်မြို့

ထရန့်ဟာ ရွှေ့ပြောင်းဒုက္ခသည်ပြဿနာကို ပြတ်ပြတ်သားသား ကိုင်တွယ်မယ်လို့ ပြောကြားထားသူဖြစ်တာကြောင့် အိုလံပစ်ပြိုင်ပွဲလို လူမျိုးပေါင်းစုံဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးတဲ့ ကစားပွဲ၊ ၂၀၁၆ ရီယိုအိုလံပစ်ကစလို့ စစ်ပြေးဒုက္ခသည် အသင်းသီးသန့်ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ လျှောက်ထားမယ်ဆိုရင် နိုင်ငံရေးနောက်ခံ အခြေခံအကြောင်းတရားကြောင့် အဆင်ပြေမှုမရှိနိုင်ပါဘူး။ ၂၀၂၄ အိုလံပစ်အိမ်ရှင် ရွေးချယ်မှုလုပ်ငန်းစဉ်ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ ရွေးချယ်မှာဖြစ်တာကြောင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအဖွဲ့ဝင်တွေက ထရန့်လက်ထက်ကာလအတွင်း လော့စ်အိန်ဂျလိစ်မြို့ထက် ပဲရစ်မြို့ကိုသာ အလေးပေးရွေးချယ်နိုင်တယ်လို့ ခန့်မှန်းမှုတွေလည်း ထွက်လာခဲ့ပါတယ်။ ဒါ့အပြင် လော့စ်အိန်ဂျလိစ်မြို့တော်ဝန် အဲရစ်ဂါစတီက ဒီမိုကရက်တစ်ယောက်ဖြစ်တာကြောင့် ဟီလာရီကလင်တန်ကို ထောက်ခံခဲ့သူဖြစ်သလို ထရန့်ရဲ့ မူဝါဒနဲ့ အိုင်အိုစီအဖွဲ့ဝင်တွေရဲ့ ရွေးချယ်တဲ့စံနှုန်းတွေကြား မကိုက်ညီနိုင်တာကြောင့် လော့စ်အိန်ဂျလိစ်မြို့ရဲ့ မျှော်လင့်ချက်တွေ တဖြည်းဖြည်းမှေးမှိန်သွားပြီလို့တော့ သတ်မှတ်လို့ရပါတယ်။

### ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင်

ဖီဖာအုပ်ချုပ်ရေး အဖွဲ့ဝင်တွေက ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၄၀ နဲ့ ၄၈ သင်းကြား တိုးမြှင့်ယှဉ်ပြိုင်စေဖို့ရှိတာကြောင့် အိမ်ရှင်အဖြစ် နိုင်ငံတွေအတူတကွ ပူးပေါင်းကျင်းပဖို့ လိုလားနေသလို ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနဲ့ မက္ကဆီကိုနိုင်ငံတွေကို ပူးတွဲအိမ်ရှင်နိုင်ငံအဖြစ် ရွေးချယ်ဖို့ အကြမ်းဖျင်း သတ်မှတ်ထားပါတယ်။ ဒါပေမယ့် ထရန့်က သူသာ သမ္မတဖြစ်ရင် အမေရိကန်ရဲ့ မက္ကဆီကိုနိုင်ငံနယ်စပ်ကြား တံတိုင်းခတ်မယ်လို့ ဆိုထားသူဖြစ်တာကြောင့် နှစ်နိုင်ငံကြား ဆက်သွယ်မှုအဆင်ပြေပါ့မလားဆိုတာကလည်း စဉ်းစားစရာပါ။ ဒါကြောင့် အမေရိကန်-ကနေဒါ ပူးတွဲအိမ်ရှင်လျှောက်ထားခြင်းက အိမ်ရှင်ဖြစ်ခွင့်နဲ့ ပိုပြီးနီးစပ်တယ်လို့ သုံးသပ်ရပါတယ်။

ဒါ့အပြင် ကမ္ဘာတစ်ဝန်း လှည့်လည်ကျင်းပမယ့် အင်န်အက်ဖ်အယ်လ် ပြိုင်ပွဲတွေနဲ့ပတ်သက်ပြီး ထရန့် ဘယ်လို မူဝါဒချပေးမလဲဆိုတာကိုပါ အင်န်အက်ဖ်အယ်လ်တာဝန်ရှိသူတွေက စောင့်ဆိုင်းနေကြပါတယ်။ ဘိုင်ယန်ကစားသမား မာတီနက်ဇ်ကလည်း တစ်နေ့နေ့မှာ မေဂျာလိဂ်မှာ သွားရောက်ကစားမယ့် သူ့ရဲ့ဆန္ဒကို ထရန့်အောင်ပွဲခံခြင်းက ရိုက်ချိုးဖျက်ဆီးခဲ့တယ်လို့ သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြသွားခဲ့ပါသေးတယ်။

## ဥရုဂွေးနဲ့ ပွဲစဉ်ကို ဝင်ရောက်ကစားရန်ရှိတဲ့ ဆန်းချက်ဇ်ကြောင့် အာဆင်နယ် အခက်တွေ့



ဆန်းချက်ဇ်မှာ ချီလီအသင်းနဲ့ လေ့ကျင့်ရေးအစီအစဉ်ပြုလုပ်စဉ် ကြွက်သားအနည်းငယ် စုတ်ပြဲဒဏ်ရာရရှိထားတာကြောင့် ကိုလံဘီယာနဲ့ ပွဲစဉ်ကို သေချာပေါက် လွဲချော်ခဲ့ပြီဖြစ်ပေမယ့် ဒဏ်ရာအကင်းမသေသေးတဲ့ အခြေအနေမှာ နိုဝင်ဘာ ၁၅ ရက် ဥရုဂွေးနဲ့ ပွဲစဉ်ကို ဝင်ရောက်ကစားဖို့ ပြင်ဆင်နေပါတယ်။ ဆန်းချက်ဇ်က သူ့အနေနဲ့ ရရှိထားတဲ့ ဒဏ်ရာဟာ မပြင်းထန်တာကြောင့် ဥရုဂွေးနဲ့ ပွဲစဉ်ကို ဝင်ရောက်ကစားမယ်လို့ ချီလီက မိတ်ဆွေတွေကို ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီသတင်းက အာဆင်နယ်အသင်းအနေနဲ့ မန်ယူအသင်းကို ရင်ဆိုင်ရမယ့် အရေးကြီးပွဲစဉ်မှာ ဆန်းချက်ဇ် ဝင်ရောက်ကစားနိုင်မယ်လို့ မျှော်လင့်နေတဲ့ နည်းပြ ဝင်းဂါးအတွက် သတင်းဆိုးတစ်ရပ်ဖြစ်ခဲ့တယ်လို့ အင်ဒီပန်းဒင့်သတင်းဌာနက ဖော်ပြပါတယ်။

ဆန်းချက်ဇ်ဟာ ချီလီအသင်းနဲ့ လေ့ကျင့်ရေး အစီအစဉ်တွေ ပြုလုပ်စဉ် အခုလို ဒဏ်ရာရရှိခဲ့တာကြောင့် ခါတ်မှန်ရိုက်ခဲ့ရာမှာ ကြွက်သားမဆိုသလောက် စုတ်ပြဲခဲ့တာဖြစ်တယ်လို့ အဖြေထွက်ခဲ့တာပါ။ ချီလီအသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ ရုန်းကန်နေရတာကြောင့် ဆန်းချက်ဇ်က မလိုလားအပ်တဲ့ စွန့်စားမှုပြုလုပ်ပြီး ဝင်ရောက်ကစားဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။

ချီလီသတင်းစာ အယ်လ်မာကူရီယိုက ဆန်းချက်ဇ်က သူ့အနေနဲ့ အနည်းငယ် နာကျင်မှုခံစားနေရပေမယ့် အခြေအနေ အားလုံးကောင်းတယ်လို့ ခံစားရပြီး နိုဝင်ဘာ ၁၅ ရက် ပွဲစဉ်အတွက် သူပြန်လာမယ်လို့ ချီလီက မိတ်ဆွေတွေကို ပြောကြားခဲ့တယ်လို့ ရေးသားဖော်ပြပါတယ်။ ဒါပေမယ့် အကင်းမသေတဲ့ ဒဏ်ရာနဲ့ ဝင်ရောက်ကစားရင် မလိုလားအပ်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ ထပ်မံခံစားရမှာဖြစ်တာကြောင့် ဝင်းဂါးက ဒီကိစ္စရပ်အတွက်သောက ပွေနေရတာ ဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းက ဆန်းချက်ဇ်ရဲ့အခြေအနေကို အသေးစိတ်သိရှိနိုင်ဖို့ ချီလီဘောလုံးအဖွဲ့ချုပ်နဲ့ တောက်လျှောက် ချိတ်ဆက်မှုတွေ ဆောင်ရွက်နေပါတယ်။

ဆန်းချက်ဇ်အနေနဲ့ အနည်းဆုံး သုံးပတ်ကနေ ခြောက်ပတ်ကြား အနားယူဖို့ လိုအပ်ပေမယ့် အခုလို လျင်လျင်မြန်မြန်ပြန်ကစားဖို့ ဆုံးဖြတ်ခဲ့တာကြောင့် ဝင်းဂါးအနေနဲ့ ဒီကိစ္စရပ်အပေါ် စိတ်အနှောင့်အယှက် ဖြစ်နေတယ်လို့လည်း သိရပါတယ်။



## ယခုနှစ် ပရီမီယာလိဂ်လက်မှတ်တစ်စောင်စျေးနှုန်း ပေါင် ၃၀ အောက်သာ ပေးချေရတော့မည်

ပရီမီယာလိဂ် လက်မှတ်စျေးနှုန်းများ ကြီးမြင့်မှုကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း ပရီမီယာလိဂ်ပရိသတ်များ ဆန္ဒပြတောင်းဆိုပြီးနောက် ကလပ်အသင်းများက လက်မှတ်စျေးနှုန်းများကို အများပြည်သူကြည့်ရှုနိုင်မည့်စျေးနှုန်းဖြစ်ရန် လျှော့ချပေးခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ လက်မှတ်တစ်စောင် ပျမ်းမျှစျေးနှုန်းမှာ ၃၁ ပေါင်ဖြစ်ကြောင်း စကိုင်းစပို့သတင်းဌာနက ဖော်ပြသည်။ ယင်းအခြေအနေကြောင့် အက်ဖ်အေ (အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)သည် လက်မှတ်ခွဲတမ်းရရှိမှုနှင့် လက်မှတ်တစ်စောင်အတွက် စုစုပေါင်းကုန်ကျစရိတ်များနှင့်ပတ်သက်၍ ပြန်လည်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ပထမခြေလှမ်းအဖြစ် ပရီမီယာလိဂ်ကလပ်အသင်း၂၀ ၏ ကွင်းအကျယ်အဝန်းပေါ်မူတည်၍ လက်မှတ်ခွဲတမ်းရရှိမှု၊ ပြန်လည်ရောင်းချခွင့်နှင့် လျှော့စျေးဖြင့် ရောင်းချပေးနိုင်မှု ရှိ၊ မရှိဆိုသည့်ကိစ္စရပ်များကို ဆွေးနွေးပြီးဖြစ်သည်။ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ကလပ်အသင်းများအားလုံးက စျေးအကြီးဆုံး လက်မှတ်တစ်စောင်ကို ပေါင် ၃၀ ဖြင့် ရောင်းချပေးမည်ဟု သဘောတူညီခဲ့ကြသော်လည်း ၅၆ ရာခိုင်နှုန်းသော ပရိသတ်များက လက်မှတ်များကို ပေါင်၃၀မှ အချို့သော ပွဲစဉ်များကို ပေါင် ၆၀ အထက် ပေးချေကြည့်ရှုခဲ့ရသည်များလည်းရှိကြောင်း သိရသည်။

# မိတ္ထီလာခရိုင်နှင့်ကျောက်ဆည်ခရိုင်အတွင်းရှိတောင်သူများကိုအကျိုးပြုမည့် မြို့ကြီးရေလှောင်တမံ



**မိတ္ထီလာ နိုဝင်ဘာ ၁၀**
နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အားအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနမှ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်အတွင်းရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသည်စိုက်ပျိုးရေးနှင့်ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍနှစ်မျိုးစလုံး အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းဖြစ်သည်။

မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်မြို့ကြီး ကျေးရွာအနီးတွင်တည်ရှိသည်။ ၂၀၀၅ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သည်။ ဇော်ဂျီမြစ်ကိုပိတ်၍ ဇော်ဂျီရေလှောင်တမံ၏ အောက်ဘက်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံ(ဇုန်အမျိုးအစား) ဖြစ်သည်။ တမံအမြင့် ၂၅၈ ပေ၊ တမံအလျား ၂၄၆၁ ပေ၊ ရေပိုလွှဲသံကူကွန်ကရစ်ဖြစ်ပြီး အကျယ် ၂၉၅ ဒသမ သုံးပေ၊ ရေလွှဲဆည်အမျိုးအစားမှာ သံကူကွန်ကရစ်(BROAD CREST) ဖြစ်ပြီး အကျယ်ပေ ၁၆၀ ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ၃၅၉၅၅၀ ဧကပေနှင့် ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၃၄၂၀ ဧက၊ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား (၃၀) မဂ္ဂါဝပ်(၁၅ မဂ္ဂါဝပ်နှစ်လုံး) တပ်ဆင်ထားသည်။ မြို့ကြီးမြောင်းမတော်အမှတ်(၁) အလျား ၁၀ မိုင်ကို တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင်ပြီးစီးခဲ့သည်။

တည်ဆောက်ပြီး မြို့ကြီးရေလှောင်တမံနှင့် ဇော်ဂျီရေလှောင်တမံတို့မှ စုစုပေါင်းရေ ဧကပေ ရှစ်သိန်းကျော်ခန့်သိုလှောင်နိုင်မည်ဖြစ်သည်။ မူလဇော်ဂျီရေလှောင်တမံတစ်ခုတည်းဖြင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်ကိုရေပေးဝေနိုင်မှုမှာ ပျမ်းမျှ(၅ ဒသမ ၆ ) သိန်းဧကပေခန့်သာ ပေးဝေနိုင်သည်။ တည်ဆောက်ဆဲကျိုင်းခမ်းရေလှောင်တမံမပြီးစီးမီ တည်ဆောက်ပြီးဖြစ်သော မြို့ကြီးရေလှောင်တမံနှင့်ဇော်ဂျီရေလှောင်တမံတို့မှ သိုလှောင်ရေဧကပေ ရှစ်သိန်းကျော်ခန့်အနက် ခုနစ်သိန်းကိုဇော်ဂျီရေသောက်စနစ်သို့ပေးဝေနိုင်မည်ဖြစ်၍ မူလထက် (၁ ဒသမ ၄) သိန်းဧကပေ ပိုမိုပေးဝေနိုင်မည်ဖြစ်သည်။ ကျန်ဧကပေ တစ်သိန်းခန့်ကို မြို့ကြီးမြောင်းမတော်အမှတ်(၁)မှတစ်ဆင့် ကင်းတားလက်ယာမြောင်းဆည်ရေသောက်စနစ်ဖြစ်သည့် ပြောင်းပြာနှင့်ငလိုင်းဇင်ရေသောက်စနစ်သို့ ရေကူဖြည့်တင်းပေးဝေနိုင်မည်ဖြစ်သည်။ မြို့ကြီးမြောင်းမတော်အမှတ်(၁) လုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးပြီး လိုအပ်သည့်အချိန်တွင် စိုက်ပျိုးရေပေးဝေနိုင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ယခုအခါ မြို့ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်လျက်ရှိရာ မြို့ကြီးကျေးရွာရှိ အိမ်ခြေ ၅၇၈၊ ခန္တောကျေးရွာမှ ၁၃၀၊ ကျွန်းကြီးကျေးရွာမှ၄၃၀၊ မြစ်ဆုံကျေးရွာမှ ၇၅၈ အိမ်ထောင်နှင့် ဆည်ရွာကျေးရွာရှိအိမ်ခြေ၂၈၀ တို့အား လျှပ်စစ်ဓာတ်အားပေးဝေနေပြီဖြစ်၍ ပညာရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်နေသည့်အပြင် ကျေးရွာတိုင်း၌ တစ်ပိုင်တစ်နိုင်အသေးစားစက်မှုကုန်ထုတ်လုပ်ငန်းများလည်း ဆောင်ရွက်နိုင်ပြီဖြစ်၍ဒေသတွင်းစီးပွားရေးပါဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။

မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ပြီးစီးပြီဖြစ်၍ မူလဇော်ဂျီရေသောက်ဧက(၈၂၀၀၀) အားရေပေးဝေနေပြီး မြို့ကြီးမြောင်းမတော်အမှတ်(၁) မှတစ်ဆင့် ကင်းတားတမံလက်ယာမြောင်း ဆည်ရေသောက်စနစ်ဖြစ်သည့် ကျောက်ဆည်မြို့နယ်ရှိ ပြောင်းပြာနှင့်ငလိုင်းဇင်ရေသောက်စနစ်သို့ရေကူဖြည့်တင်းပေးဝေသွားမည်ဖြစ်သည်။ ကျိုင်းခမ်းရေလှောင်တမံပြီးစီးပါကဒေသအတွက် ရေအားလျှပ်စစ်(၆) မဂ္ဂါဝပ်ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ခြင်း၊ ဇော်ဂျီ ရေလှောင်တမံတွင်တပ်ဆင်ထားသော (၆) မဂ္ဂါဝပ်(၂) လုံးမှာလက်ရှိတွင်စိုက်ပျိုးရေလိုအပ်ချက် အရသာလည်ပတ်၍လျှပ်စစ်ဓာတ်အားထုတ်လွှတ်နေရာမှ ကျိုင်းခမ်းရေလှောင်တမံတည်ဆောက်ပြီးစီးပါက စက်စွမ်းအားပြည့်လည်ပတ်ပြီးလျှပ်စစ်ဓာတ်အား ပိုမိုထုတ်လွှတ်ပေးနိုင်မည်ဖြစ်ခြင်း၊ မြို့ကြီးရေလှောင်တမံအနေဖြင့် လျှပ်စစ်ဓာတ်အား(၃၀) မဂ္ဂါဝပ်ကိုထုတ်လွှတ်နိုင်မည့်အပြင် မြို့ကြီးရေလွှဲဆည်မှတစ်ဆင့် ကင်းတားရေသောက်စနစ်များသို့ ရေပိုမိုဖြည့်တင်းပေးဝေနိုင်ခြင်း၊ လက်ရှိဇော်ဂျီရေသောက်စနစ်သို့စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်မည်ဖြစ်ပြီး မိုးနည်းရေရှားပြီးပူပြင်းခြောက်သွေ့သော မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်များနှင့် သာစည်မြို့နယ်အတွင်းရှိမြေဧရိယာဧက (၃၀၀၀၀) ကျော်ကိုစိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်၍စိုက်ပျိုးရေးနှင့်ဒေသတွင်းစိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

## မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**မကွေး နိုဝင်ဘာ ၁၀**
မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား မသန်စွမ်းသူများအခွင့်အရေးဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာက အဖွင့်အမှာစကားပြောကြားပြီး မသန်စွမ်းသူများအခွင့်အရေးဥပဒေနှင့်ပတ်သက်၍ The Leprosy Mission Myanmar အဖွဲ့၏ Head of Programmes အစီအစဉ်အရာရှိက ဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ လူ့အခွင့်အရေးရှုထောင့်ဆိုင်ရာ မသန်စွမ်းမှုအကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးတင်ပြသည်။

ဆက်လက်၍ ၂၀၁၄ သန်းခေါင်စာရင်းစစ်တမ်းအရ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ ကိန်းဂဏန်း အချက်အလက်များတင်ပြခြင်း၊ ကုလသမဂ္ဂ၏ မသန်စွမ်းအခွင့်အရေးဥပဒေ (UNCRPD) အကြောင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအကြောင်းတို့ကို Head of Programmes အစီအစဉ်အရာရှိမှ ဆွေးနွေးတင်ပြပြီး လွှတ်တော်ကိုယ်စားများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်နွဲ့နှင့် ဝန်ထမ်းများ၊ The Leprosy Mission Myanmar အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဆွေးနွေးပွဲအား မသန်စွမ်းသူများ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများရဲ့ အခွင့်အရေးများကို လွှတ်တော်ကိုယ်စားလှယ်များက ဖော်ဆောင်ပေးနိုင်ရေးအတွက် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းပညာပေးဟောပြော

**ဟိုပန် နိုဝင်ဘာ ၁၀**
တစ်မျိုးသားလုံး လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များကို ကျောင်းသားလူငယ်များသိရှိရှောင်ကြဉ်နိုင်ရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို (ဝ)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့က ကြီးမှူးကာ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ပြုလုပ်ရာ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးကျော်ကျော်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးဝင်းနိုင်က မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ဒေါက်တာသန့်လွင်ထွန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိနိုင်သည့် ဆိုးကျိုးများ၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ပြည့်မင်းက မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးဟောပြောခဲ့ကြသည်။ ထို့နောက် စစ်ဆင်ရေးကွပ်ကဲရေးမှူးက အ-ထ-က (ဟိုပန်)တွင် အသုံးပြုရန်အတွက် P&G ဆေးမှုန့်(၂၅)ဖာကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးဖြူက လက်ခံရယူခဲ့သည်။

ဟောပြောပွဲသို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တရားမဝင်နေထိုင်သူများကိုဖယ်ရှားမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ရပ်ကွက်ကြီး (၉) ပိုင်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ထိန်းသိမ်းထားသည့် နယ်မြေအတွင်း တရားမဝင်နေထိုင်သည့် အဆောက်အအုံများ မကြာမီအချိန်တွင် ဖယ်ရှားရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေး ထိန်းသိမ်းတောအဖြစ်ထားသည့်နေရာတွင် တရားမဝင်နေထိုင်သူများကို ၂၀၁၆ ခုနှစ် ဧပြီလတွင် နေထိုင်ခွင့်မရှိကြောင်း တာဝန်ရှိသူများက သွားရောက်တားမြစ်ရှင်းလင်းခဲ့သည်။ ယခုအခါတွင် အဆိုပါတားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ တရားမဝင်နေထိုင်လျက်ရှိပြီး ဘက်ဖိုးယာဉ်များ၊ မြေသယ်ကားများဖြင့် တရားမဝင်ပြုပြင်ဆောင်ရွက်လျက်ရှိသဖြင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းနှင့် တာဝန်ရှိသူများက သွားရောက်တားမြစ်ခဲ့သည်။

လမ်းဘေး ထိန်းသိမ်းတောနယ်မြေအတွင်း ပိုင်ဆိုင်မှုရှိသည်များကို မြို့နယ်/ခရိုင်တာဝန်ရှိသူများက စိစစ်သွားမည်ဖြစ်ပြီး ပိုင်ဆိုင်မှုမရှိသူများကို ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က သစ်တော သစ်ပင်များဖြင့်သာတည်ရှိပြီး ယခုအခါ တရားမဝင်နေထိုင်သူများကြောင့် သစ်တောပြုန်းတီးနေပြီဖြစ်သဖြင့် သစ်တောများအမြန်ပြန်လည်ရှင်သန်လာစေရေးကို အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကျော်စိုးလင်း(ပြန်/ဆက်)**

## အလှပဆုံးကျောက်စက်ပန်းဆွဲနှင့်အကျယ်ပြန့်ဆုံးသော သဘာဝကျောက်လိုဏ်ဂူကို ဖိုးအင်ရွာအနီးတွင်လေ့လာနိုင်

**မန္တလေး နိုဝင်ဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဖိုးအင်ရွာအနီးတွင် အလှပဆုံးသော ကျောက်စက်ပန်းဆွဲများနှင့် အတူကျယ်ပြန့်သော သဘာဝကျောက်လိုဏ်ဂူတစ်ခုကို လေ့လာနိုင်သည်။ ဖိုးအင်ရွာအနီးမှ သဘာဝကျောက်လိုဏ်ဂူကို ဒေသအခေါ်အဝေါ်အားဖြင့် ငှက်ချေးဂူ(လင်းဆွဲ)ဂူဟုခေါ်ကြသည်။ မူလက ဖိုးအင်ရွာမှ ငှက်ချေးများသွားရောက်ကျုံးယူသော ကျောက်ဂူပင်ဖြစ်သည်။ လက်ရှိကာလတွင် ငှက်ချေးရရှိမှုနည်းပါးသွားသည်။

ကျောက်လိုဏ်ဂူ အဝင်ဝမှာ လူနှစ်ကိုယ်စာသာရှိပြီး အတွင်းပိုင်းတွင်မူ ကျယ်ပြန့်သန့်ရှင်းပြီး လှပသော ကျောက်စက်ပန်းဆွဲများနှင့် ဆွဲဆောင်မှုရှိလှသည်။ ဒေသခံများကမူ ကျောက်လိုဏ်ဂူအတွင်းဝင်ပါက ဖယောင်းတိုင်များ လမ်းတစ်လျှောက်ထွန်းထားခဲ့ကာ ဂူကို အလင်းပေးပြီး ဝင်လေ့ရှိသည်။ ကျောက်နံရံများ၊ ကျောက်စက်ပန်းဆွဲများမှာ သဘာဝအတိုင်းဆင်ပုံမှအစ တိရစ္ဆာန်မျိုးစုံ အသွင်သဏ္ဌာန်ဖြစ်နေကာ သဘာဝပန်းချီပြခန်းကြီးသဖွယ် ဖြစ်နေသည်။ ကျယ်ပြန့်သန့်ရှင်းပြီး လက်နှိပ်ဓာတ်မီးများဖြင့် ဝင်ရောက်လေ့လာရသည်။ နံရံတိုင်းတွင်ရှိသော ကျောက်စက်ပန်းဆွဲများက သဘာဝအတိုင်းမပျက်မယွင်းတည်ရှိနေသည့်အတွက် အလှပဆုံးမြင်တွေ့နိုင်သည်။

ဂူမှာ ကျယ်ပြန့်ကာ ခန့်မှန်းမိုင်ဝက်အကွာအဝေးကျော် တစ်မိုင်နီးပါးရှိသည်ဟုဒေသခံများက ခန့်မှန်းထားသည်။ ၂၀၁၅-၂၀၁၆ တွင် နိုင်ငံခြားသားများလာရောက်သုတေသနပြုကာ အောက်ဆီဂျင်ဗူးများဖြင့် ဆင်းကြည့်ဖူးကြောင်းသိရပြီး ဖိုးဝင်ရေထွက်အထိ လမ်းပေါက်သော ကျောက်ဂူပင်ဖြစ်သည်။ ကျောက်ဂူအတွင်းဝင်လိုက်သည်နှင့် ဖိုးဝင်ရေထွက်ဖက်စီးဆင်းသည့် တောင်ကျချောင်းကို ဂူအတွင်း၌ပင် တွေ့မြင်နိုင်သည်။

ကျောက်လိုဏ်ဂူမှာ ကျယ်ပြန့်ပြီးသွားလာ၍ ကောင်းမွန်သည် အသက်ရှူကျပ်ခြင်း မရှိဘဲ အောက်ဆီဂျင် အပြည့်အဝရရှိသောဂူပင်ဖြစ်သည်။ ဒေသခံများသွားလာနေသော ရှေးယခင်ကတည်းက ဂူဖြစ်သည့်အတွက် အန္တရာယ်ကင်းစွာ လေ့လာနိုင်သည်။ ကျောက်လိုဏ်ဂူသွားရာလမ်းမှာ ပြေပြစ်သောတောင်တက်လမ်းဖြစ်ကာ ကိုယ်ပိုင်အသိဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရာ နယ်မြေဖြစ်သည်။ ကျေးငှက်သံသာသာယာယာဖြင့် သွားလာ၍ ကောင်းမွန်သောနေရာပင်ဖြစ်သည်။ နေရာဒေသနှင့် သွားလာမှုအဆင်ပြေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာနိုင်သည့် အစီအစဉ်များရှိခြင်း၊ သဘာဝပတ်ဝန်းကျင် တောင်ကျချောင်းရေမှ အိမ်သုံးလျှပ်စစ်ထုတ်ယူနိုင်သည့် အခွင့်အလမ်းများကြောင့် လင်းဆွဲဂူသည် နောင်တစ်ချိန်တွင် သဘာဝကျောက်ဂူစစ်စစ်ကို လေ့လာနိုင်သည့်ဂူအဖြစ် ထင်ရှားလာနိုင်သည်။ လက်ရှိကာလတွင် ဖိုးအင်ရွာရောက်သူတိုင်း ငှက်ချေးဂူ (လင်းဆွဲ) ဂူကို သွားရောက်လေ့လာမှု များပြားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



ကြေးမုံ



# ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများပြန်လည်ပြေးဆွဲ



**စစ်တွေ နိုဝင်ဘာ ၁၀**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်ကြောင့် ပြည်တွင်းရေကြောင်းခရီးသွား သင်္ဘောများ ခေတ္တရပ်နားထားခဲ့ရသော်လည်း နိုဝင်ဘာ ၈ ရက်က သင်္ဘောများ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် နိုဝင်ဘာ ၆ ရက်က ဘင်္ဂလားဒေ့ရှ် နိုင်ငံကမ်းခြေကို ဝင်ရောက်ပြီးနောက် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ရာသီဥတုကောင်းမွန်လာခြင်း ကြောင့် ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိသည်။

“မုန်တိုင်းတိုက်နေတဲ့ အချိန်နှင့် ဖြတ်နေတဲ့နေ့က တော့ ကျွန်တော်တို့အတွက် သိပ်ပြဿနာမရှိပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မုန်တိုင်းဖြတ်တဲ့နေ့က စစ်တွေ မြို့မှာ တနင်္ဂနွေဆို ဈေးပိတ်တဲ့နေ့ဖြစ်နေလို့ပါ” ဟု ပေါက်တောမြို့နယ် သဝင်ချောင်းကျေးရွာမှ ဈေးလာဝယ်သူ ကိုစံကျော်အောင်က ပြောသည်။

“နိုဝင်ဘာ ၇ ရက် နံနက် ၆ နာရီက စတင်ပြီး ကျွန်တော်တို့ သင်္ဘောတွေ ပြေးဆွဲနေပါပြီ။ ဒါပေမယ့် စစ်တွေမြို့ကို အခြေပြုပြီး ဘူးသီးတောင်မြို့၊ မြောက်ဦးမြို့၊ ပေါက်တော မြို့၊ မင်းပြားမြို့၊ မြေပုံမြို့တို့ကို ပြေးဆွဲနေတဲ့ အမြန် ယာဉ်များကိုသာ ခွင့်ပြုထားပြီး ကျောက်ဖြူမြို့နှင့် တောင် ကုတ်မြို့များကို မုန်တိုင်းအန္တရာယ်ကင်းရှင်းပြီးမှ ပြေးဆွဲ ဖို့ပြောထားပါတယ်ဟု” ပြည်တွင်းရေကြောင်းပို့ဆောင် ရေးဦးစီးဌာန ကိုပြည့်ဖြိုးဝင်းက ပြောကြားသည်။

ဆက်လက်၍ “ဒီနေ့ မနက်ပိုင်းစပြီး သင်္ဘောအကုန်လုံး က ရာသီဥတုကောင်းမွန်လာတဲ့အတွက် ပြေးဆွဲကြပါပြီ” ဟု ပြောကြားသည်။

မလိခအမြန်ရေယာဉ်မှ တာဝန်ရှိသူတစ်ဦးက “ကျွန် တော်တို့ကတော့ ရာသီဥတုကောင်းမွန်လာတဲ့အတွက် ခရီးစဉ်ကို ပုံမှန်အတိုင်း ပြေးဆွဲနေပါပြီ။ ဒါပေမယ့် ကျောက် ဖြူမြို့နဲ့ တောင်ကုတ်မြို့ကိုသွားတဲ့အခါ ပင်လယ်ပြင် ကို ဖြတ်ကျော်သွားရတဲ့အတွက် ခရီးသည်များအသက် အန္တရာယ်နဲ့ လုံခြုံရေးကို စိတ်ချရတဲ့အချိန်မှ ပြေးဆွဲသွား မှာပါ” ဟု ပြောကြားသည်။ **တင်ထွန်း(ခရိုင်ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ် အလုံမြို့နယ်သို့ရောက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပညာပေး ယာဉ်သည် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက အလုံမြို့နယ်သို့ရောက်ရှိလာပြီး မှုခင်းကြိုတင်ကာ ကွယ်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ် ဆေးဝါးအန္တရာယ်သတိပြုရေး၊ ယာဉ်အန္တရာယ် ကင်းဝေးရေးနှင့် ကမ္ဘာလှည့်ခရီးသွားများ လုံခြုံ ရေးကိစ္စရပ်များအား အလုံမြို့နယ်အတွင်းရှိ ကျောင်း များနှင့် လူစည်ကားရာနေရာများတွင် မှုခင်းပညာ ပေးယာဉ်ဖြင့် လိုက်လံပြသရာ ကျောင်းသား၊ ကျောင်းသူများနှင့်ပြည်သူများမှ စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါမှုခင်းပညာပေးပြခန်းယာဉ်ရောက်ရှိရာ သို့ ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကြီး မြင့်သိန်းဦး၊ အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင် အောင်မိုး၊ အလုံမြို့မရဲစခန်းမှူး ဒုရဲမှူးတင်လှနှင့် ရဲတပ်ဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ကြီးနှင့်အဖွဲ့ နမ့်လန်မီးဘေးသင့် ဈေးဆိုင်ခန်းပိုင်ရှင်များအားတွေ့ဆုံ

**သီပေါ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနဝန်ကြီး ဦးစိုင်း စွံဆိုင်းသည် သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုအုပ် ချုပ်ရေးမှူးရုံးခန်းမ၌ နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းက ရပ်မိရပ်ဖများနှင့် မီးဘေးသင့်ဈေးဆိုင်ခန်းများ၏ ဈေးသူ၊ ဈေးသားများအား တွေ့ဆုံခဲ့သည်။

မီးဘေးသင့်ဈေးဆိုင်ခန်းများနှင့်ပတ်သက်၍ ဈေးသူ၊ ဈေးသားများက မေးမြန်းတင်ပြကြရာ ပြည်နယ်စည်ပင်ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေး နွေးပြီး အားပေးစကားပြောကြားသည်။ ပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးနှင့်အတူ နမ့်လန်ဈေးမီးလောင်ပြင်နှင့် ယာယီဈေးဖွင့်လှစ်နိုင် မည့်နေရာများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ကိုယ် စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည် နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်း ထွန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက် ရောက်ကြသည်။ **သီပေါကိုလတ်**

# သုံးခွမြို့နယ် ဖဲ့ထော်ကျေးရွာ၌ တောင်သူလယ်သမားရေးရာကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**သုံးခွ နိုဝင်ဘာ ၁၀**

တောင်သူလယ်သမားရေးရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖဲ့ထော် ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုလွှတ် တော် စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် သုံးခွမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနေဝင်း၊ သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာများမှ တောင်သူလယ် သမားများ စုစုပေါင်း ၃၀၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုးက အမှာစကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်းက လွှတ်တော်တွင် တောင်သူလယ်သမားရေးရာကော်မတီများရှိပြီးဖြစ်ကြောင်း၊ တောင်သူလယ်သမားများသည် ထုတ်လုပ်မှု ပစ္စည်းများ ဈေးနှုန်းမျှတမှုရှိရေး၊ တောင်သူလယ်သမားအသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေး၊ တောင်သူလယ်သမား များ လယ်ယာစိုက်ပျိုးလုပ်ကိုင်ရာတွင် အကျိုးအမြတ်ရှိရေး၊ နိုင်ငံရေးစနစ်သည် လယ်သမားများအပေါ် အားပေးမှုရှိရေး၊ တောင်သူလယ်သမားများသည် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ ဥပဒေပိုင်းအမြင် တို့ရှိရမည်ဖြစ်ကြောင်း၊ မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ၊ နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မကျီးပင်ချောင်ကျေးရွာ၊ အဇန်းတောစွန်းကျေးရွာ၊ တမံကြီးကျေးရွာ၊ ပျဉ်းမကန်ကျေးရွာ၊ ကံမြင့်ကျေးရွာ၊ လက်ပန်နန်းခလဲကျေးရွာ၊ ရှမ်းစုကျေးရွာ၊ သာသာမြိုင်ကျေးရွာတို့မှ တောင်သူလယ်သမား များက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြပြီး သက်ဆိုင်ရာဌာနများနှင့် ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနေဝင်း က ပြည်သူလိုအပ်ချက်၊ လယ်သမားများ၏ဆန္ဒလိုအပ်ချက်ကို အစွမ်းကုန်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **ကြည်စိုးလွင်(သုံးခွ)**

# အိမ်မဲမြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် ဆီဆိုင်များအား ကွင်းဆင်းစစ်ဆေး

**အိမ်မဲ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်း မီးဘေးလုံခြုံ ရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် ရေသိုးညောင်ဝိုင်းကျေးရွာ၊ တကောကျေး ရွာများရှိ ဆီဆိုင်များအား မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်း၍ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီမှစ၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါမီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးမှုနှင့်အတူ မြို့နယ်စည်ပင် သာယာရေးအဖွဲ့က ကွမ်းယာဆိုင်များတွင် ကွမ်းစားသုံးမှုဆိုးကျိုးများနှင့် ပတ်သက်သည့် အသိပညာပေးဆိုင်းဘုတ်များကပ်ထားမှုကို ကွင်းဆင်းစစ် ဆေး၍ ကွမ်းယာရောင်းချသူများနှင့် ပြည်သူများအား အသိပညာပေးဟော ပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အင်း၊ ဆည်များနှင့် ရေတံခွန်များအား အပန်းဖြေစခန်း များအဖြစ် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**ပဲခူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင် ဇော်နိုင် ဥက္ကဋ္ဌအဖြစ်ဦးဆောင်သော အင်း၊ ဆည်များနှင့် ရေတံခွန်များအား အပန်းဖြေစခန်းများအဖြစ်ဆောင်ရွက်နိုင်ရေး ကော်မတီမှဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များသည် အင်း၊ ဆည်များနှင့် ရေတံခွန်များအား အပန်းဖြေစခန်းများအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းလေ့လာ ကြည့်ရှုကြသည်။

အဆိုပါ အင်း၊ ဆည်များနှင့် ရေတံခွန်များအား အပန်းဖြေစခန်းများ ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးခရိုင် ဒိုက်ဦးမြို့ နယ်ရှိ ဘောနီရေလှောင်တမံနှင့် ဆက်စပ်ပတ်ဝန်းကျင်ဒေသများရှိ ရေ၊ မြေ တောတောင်များ သဘာဝရှုခင်းများ၏ အခြေအနေများအားလည်းကောင်း၊ တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလွှဲဆည်နှင့် ဆည်၏ဆက်စပ်ပတ်ဝန်း ကျင်ဒေသများ၏ ရေ၊ မြေ၊ တောတောင်သဘာဝရှုခင်းအခြေအနေများရှိ ရှုခင်းများအားလည်းကောင်း လေ့လာကြည့်ရှုခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖြူးချောင်းရေလွှဲဆည် ရှင်းလင်းဆောင်ရွက်ရာတွင် ကွင်းဆင်း လေ့လာတွေ့ရှိမှုများ ဆွေးနွေးညှိနှိုင်းသုံးသပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**



## မိုးစပါးစံကွက်ရိတ်သိမ်းပွဲ နောင်မြိုင်းကျေးရွာ၌ကျင်းပ

**မိုးနဲ နိုဝင်ဘာ ၁၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နောင်မြိုင်းကျေးရွာအုပ်စု ကွင်းအမှတ် ၅၃ တောင်သူ ဦးစိုင်းကျော်စံ စိုက်ပျိုးထားသော DU-12 စပါး သုံးဧကတွင် နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငိုဘွယ်က နောင်မြိုင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တက်ရောက်လာသော တောင်သူများနှင့် တွေ့ဆုံ၍ ထွက်နှုန်းကောင်းသည့် မျိုးစပါးရွေးချယ်၍ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ လိုအပ်သောပင်ပွားများရရှိရေး၊ တစ်ဧကကောက်ကွက်ပြည့်မီရေး၊ အနှံအောင်စေ့ရရှိရေးအတွက် ရည်ရွယ်၍ စံကွက်ရိတ်သိမ်းရခြင်းဖြစ်ကြောင်း အသိပညာပေး ရှင်းလင်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး မိုစပါးတစ်ဧကထွက်နှုန်းမှာ အစို ၁၅၆ တင်းထွက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## စပါးသီးနှံရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းပေး

**ညောင်တုန်း နိုဝင်ဘာ ၁၀**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် စပါးသီးနှံရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် FAO တို့ပူးပေါင်းဆောင်ရွက်၍ တူးချောင်းကျေးရွာအုပ်စုတွင် သင်တန်းပို့ချခဲ့သည်။ သင်တန်းကာလကို နိုဝင်ဘာ ၆ ရက်မှ ၇ ရက် အထိ နှစ်ရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ စပါးသီးနှံရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကို ကျေးရွာအုပ်စုကိုးအုပ်စုတွင် ပို့ချဆောင်ရွက်ရန်လျာထားခဲ့ရာ ကျေးရွာအုပ်စုခုနစ်အုပ်စုတွင် ပို့ချဆောင်ရွက်ပြီးစီးခဲ့ပြီး တစ်အုပ်စုလျှင် နှစ်ရက်သင်တန်းပေးပြီး တောင်သူ ၅၀ စီ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငါ့သရောက်တွင် ဆောင်းသီးနှံစိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ငါ့သရောက် နိုဝင်ဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဒေသခံတောင်သူများ ကဆုန်လတွင်ရွာသွန်းသည့် မိုးဦးမိုးဖြင့် စိုက်ပျိုးသည့်နှမ်းစိုက်ခင်းများမှာ နှမ်းပင်များသီးကင်းဝင်ချိန် မိုးရွာသွန်းမှု လျော့နည်းသွားမှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး နှမ်းစိုက်ပျိုးသည့်တောင်သူများ အရှုံးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း တောင်သူများ ယခု မိုးနှောင်းကာလရွာသွန်းသည့်မိုးဖြင့် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားရှိသည့် နှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ တောင်သူများ အကျိုးအမြတ်ရရှိတော့မည်ဖြစ်သဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း ငါ့သရောက်မြို့နယ်အတွင်းရှိ ဆောင်းသီးနှံ နှမ်းစိုက်ပျိုးသည့်တောင်သူများထံမှ သိရသည်။



"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီနှစ် တောင်သူတွေ ကဆုန်လတုန်းက ရွာသွန်းခဲ့တဲ့မိုးနဲ့ စိုက်ပျိုးတဲ့ နှမ်းစိုက်ခင်းတွေက နှမ်းပင်များသီးကင်းဝင်ချိန်မှာ မိုးက အချိန်တစ်လကျော်ခန့် မရွာဘဲဖြစ်သွားတဲ့အတွက် နှမ်းစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးခဲ့လို့ တောင်သူတွေ အရှုံးပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒေသကတောင်သူတွေက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်တဲ့နေရာမှာ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းနဲ့ မြေပဲကိုသာ အဓိကအားထားပြီး စိုက်ပျိုးကြတာများပါတယ်။

"ဒီနှစ် နောက်ပိုင်းမိုးကောင်းတော့ မြေပဲခင်းတွေကတော့ အောင်မြင်ဖြစ်ထွန်းပြီး မြေပဲတွေ တော်များများ ရကြပါတယ်။ အနည်းဆုံး မြေပဲဆန်တစ်တောင်းကျကို မြေပဲတင်းရေ ၃၅၊ ၄၀ အထိ ထွက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့မြို့နယ်မှာ အချို့ကျေးရွာတွေမှာ တောင်သူတွေက ဒီနှစ် မိုးနှောင်းကာလမှာ မိုးကကောင်းနေတော့ ဆောင်းသီးနှံ နှမ်းစိုက်ခင်းတွေကို အားထားစိုက်ပျိုးကြပါတယ်။ ကံကောင်းချင်တော့ တောင်သူတွေ ဆောင်းသီးနှံ နှမ်းစိုက်ပျိုးတဲ့အချိန်ကစပြီး အခုအချိန်ထိ မိုးကရွာသွန်းပေးနေတာကြောင့် နှမ်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းသွားတာပါ။

"ဒါ့ကြောင့် ဒီနှစ် ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ မိုးဦးတုန်းက စိုက်ပျိုးတဲ့နှမ်းစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးမှုရှိခဲ့ပေမယ့် အခု ဆောင်းသီးနှံနှမ်းစိုက်ခင်းတွေကတော့ အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ဆောင်းသီးနှံ နှမ်းစိုက်ပျိုးတဲ့တောင်သူတွေ အကျိုးအမြတ်ရနိုင်မယ်ထင်ပါတယ်" ဟု ငါ့သရောက်မြို့နယ် အောင်သာကျေးရွာမှ ဆောင်းသီးနှံ နှမ်းစိုက်ပျိုးသည့်ဒေသခံ တောင်သူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## စစ်ကိုင်းတိုင်းဒေသကြီး၏ ပဲမျိုးစုံသီးနှံစိုက်ပျိုးမှုသည် တစ်နိုင်ငံလုံးပဲမျိုးစုံစိုက်ဧက၏ ၂၂ ရာခိုင်နှုန်းရှိ



**မုံရွာ နိုဝင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီးသည် မြေယာတည်ရှိမှု၊ ရာသီဥတုအနေအထား၊ အခြေအနေပေါ်မူတည်သည့် ပြည်တွင်းပြည်ပ ဝယ်လိုအားကောင်းခြင်း၊ အလွယ်တကူစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ မူရင်းသီးနှံအဖြစ်သာမက ဝင်ငွေရသီးနှံ (Cash Crop)အဖြစ် အားထားစိုက်ပျိုးခြင်းကြောင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် တစ်နိုင်ငံလုံးပဲမျိုးစုံ သီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ ၂၂ ရာခိုင်နှုန်းရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

တစ်နိုင်ငံလုံးတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးမှုသည် ၁၁၅၀၄၉၂၈ ဧကရှိရာတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၆၂၅၁၃၃ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များထဲတွင် ပဲမျိုးစုံသီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

"ပဲမျိုးစုံသီးနှံဟာ မြန်မာနိုင်ငံရဲ့ ဒုတိယအရေးပါတဲ့သီးနှံပါ။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနဲ့ ပြည်ပတင်ပို့မှုဟာ အာဆီယံနိုင်ငံများအတွင်း ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသလို ကမ္ဘာမှာဒုတိယအများဆုံးနိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီအထဲမှာမှ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးက တစ်နိုင်ငံလုံးရဲ့ ပဲမျိုးစုံသီးနှံထုတ်လုပ်မှုမှာ အများဆုံးထုတ်လုပ်တဲ့ တိုင်းဒေသကြီးအဖြစ် ရပ်တည်နေပါတယ်။ ဒေသရဲ့မြေအနေအထားနဲ့ ရာသီဥတုအခြေအနေအရ ပဲမျိုးစုံကို အများဆုံးစိုက်ကြတဲ့ အနေအထားပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံသီးနှံကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာတွင် အဓိက စိုက်ပျိုးသော ပဲစင်းငုံသီးနှံသည် ၅၈၇၃၀၇ ဧကအားလည်းကောင်း၊ ကုလားပဲသီးနှံ ၄၃၀၃၄၂ ဧကအားလည်းကောင်း စိုက်ပျိုးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် အများဆုံးစိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်းသီးနှံသည် မကွေးတိုင်းဒေသကြီးပြီးလျှင် ဒုတိယအများဆုံး၊ မတ်ပဲသည် ပဲခူးတိုင်းဒေသကြီးပြီးလျှင် ဒုတိယအများဆုံးနှင့် ပဲပုပ်သီးနှံသည် ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယအများဆုံးစိုက်ပျိုးလျက်ရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ အသားတင်စိုက်ပျိုးမြေ ၄၅၆၄၃၉၄ ဧကရှိရာ လယ်မြေသည် ၁၇၅၉၁၇၈ ဧက၊ ယာမြေသည် ၂၃၇၄၉၉၈ ဧက၊ ကိုင်းကျွန်းမြေသည် ၃၅၃၅၆၉ ဧက၊ ဥယျာဉ်မြေသည် ၄၀၆၀၆ ဧက၊ တောင်ယာသည် ၃၆၀၄၃ ဧကရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**မင်းဝေ(မုံရွာ)**

## တန်ဆောင်မုန်းလပြည့်မတိုင်မီ မဲဇလီဖူးချိုးရောင်းသူများ အပိုဝင်ငွေများရရှိ

**စစ်ကိုင်း နိုဝင်ဘာ ၁၀**
တန်ဆောင်တိုင်ပွဲတော်ကြီးမတိုင်မီ မဲဇလီဖူးချိုးရောင်းသူများ အပိုဝင်ငွေရရှိပြီး တွက်ခြေကိုက်လျက်ရှိသည်ကို ဒေသခံမဲဇလီဖူးချိုးရောင်းသူများထံမှ သိရသည်။

မဲဇလီဖူးသုပ်ကို တန်ဆောင်မုန်းလပြည့်ညတွင် စားသုံးပါက ဆေးဖက်ဝင်သည်ကို ရှေးအစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာသည့်အတွက် လပြည့်ည၌ အိမ်တိုင်းတွင် မဲဇလီဖူးများကို သုပ်စားလေ့ရှိကာ ရပ်ကွက်အတွင်းရှိ အိမ်နီးချင်းများနှင့် ဆွေမျိုးသားချင်းများကိုလည်း လှည့်လည်ပေးဝေသည့်ဓလေ့ကလည်း ရိုးရာယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်သည်။ မဲဇလီဖူးပင်များသည် တော်သလင်းလပြည့်ကျော်လောက်မှ အဖူးအပွင့်များလှိုင်လှိုင်ဖူးပွင့်သဖြင့် ချိုး၍ရောင်းချသူများက စစ်ကိုင်းမြို့နယ်အတွင်းရှိ လမ်းဘေးဝဲ/ယာတစ်လျှောက်တွင်ရှိသည့် မဲဇလီပင်များပေါ်တက်ချိုးကာ အပင်အောက်တွင်ခြွေယူပြီး မဲဇလီဖူးတစ်ပြည်ကို ကျပ် ၇၀၀ နှင့် အိုးဘိုရပ်ကွက်ရှိ လက်ခံအဝယ်ဆိုင်ခွဲသို့ နေ့စဉ်ချိုးရသလောက်ရောင်းချကြကြောင်းနှင့် ဝယ်ယူထားသည်များကို ဆားရည်စိမ်ထားပါက ဝါဝင်း၍ ရေရှည်အထားခံပြီး ပွဲတော်ရက်နီးလာသည်နှင့် မန္တလေးမြို့မှ ရသလောက်မော်တော်ယာဉ်နှင့်လာသိမ်းကြောင်း၊ လက်လီပြန်လည်ရောင်းချရာမှာ တစ်ပြည်ကို ကျပ် ၁၀၀၀ ကျော်ရရှိကာ ပွဲတော်ရက်မတိုင်မီ အရောင်းဈေးကွက်အတွင်း မဲဇလီဖူးများရောက်ရှိမှုအခြေအနေပေါ်မူတည်ကာ ဈေးနှုန်းအတက်အကျရှိကြောင်းနှင့် ကိုယ်တိုင်ဈေးတွင်ထိုင်ရောင်းချနိုင်ပါက အပိုဝင်ငွေရရှိ၍ တွက်ခြေကိုက်ကြောင်း ရာသီပေါ်သဘာဝသီးနှံများချိုးရောင်းသူတစ်ဦးက ပြောပြသည်။

**မျိုးဝင်း(စစ်ကိုင်း)**



## အမျိုးသမီးအခြေပြု ဝါးအခြေခံလက်မှုထည် နည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**မြိုင် နိုဝင်ဘာ ၁၀**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု အင်းရောင်းကျေးရွာ ယင်းတိုင်းတောင်ဆည်ရှိ ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base–Tourism- CBT) တွင် အမျိုးသမီးအခြေပြု ဝါးအခြေခံလက်မှုထည်နည်းပညာသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ယင်းတိုင်းတောင်ဆည်ဧည့်ဂေဟာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းဘိုက အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များပေးအပ်၍ သင်တန်းသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲသို့ တိုင်းအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးမှူး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ Action aid Myanmar မှ ဦးအောင်မင်းနိုင်၊ သင်တန်းဆရာမများနှင့် သင်တန်းသူ ၂၀ စုစုပေါင်း ၇၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၄ ရက် အထိ ၁၂ ရက်ကြာ သင်တန်းဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရ

ခ မောင်စာဂ

လူ့ဘောင်လောကပမာပြရလျှင် ပုထုဇဉ်လူ့ ဘဝလောဘ၊ ဒေါသ၊ မာန်မာနနှင့် မောဟထွေထွေများလှပေသည်။ သက်မွေးဝမ်းမှုပြုကြရာရာ၊ အဖြာဖြာဝယ်မြစ်ပင်လယ်နှယ်၊ အသွယ်သွယ်ကျယ်ဝန်းလှသည်။ ကိစ္စများမြောင်၊လူတို့ဘောင်ဟုပုံဆောင်စကားကြိမ်ဖန်များစွာ၊ ကြားနေသိနေတွေ့နေရသည်။ အသက်တစ်ရာမနေရပြား၊ မှုခင်းတစ်ရာတွေ့ရပြားဟုဆိုရိုးစကားရှိထားခဲ့သည်။

**မှုခင်းတွေမဖြစ်လိုကြပါ**

မှုခင်းတွေမဖြစ်ချင်ကြ၊ မဖြစ်လိုကြ၊ ရုံးပြင်ကနားမသွားလိုကြ၊ ရုံးပေါက်၊ ဂတ်ပေါက်မရောက်လိုကြ။ ရဲစခန်းကိုရှေးကဂတ်တဲဟုခေါ်ကြသည်။ တရားလိုလည်းမဖြစ်လို၊ တရားခံလည်းမဖြစ်လို၊ သက်သေပင်မလိုက်လိုကြ။ ရပ်ထဲ၊ ရွာထဲ၊ လမ်းပေါ်၊ လမ်းဘေးရန်ဖြစ်ကြသံကြားလျှင်“ဟဲ့-ဟဲ့- သွား- မကြည့်ကြနဲ့၊ သက်သေလိုက်နေရမယ်” ဟုပြောသံဆိုသံတွေငယ်ငယ်ကတည်းကကြားဖူးနားဝရှိခဲ့သည်။

တရားရုံးရောက်လျှင် အချိန်ကုန်သည်၊ အလုပ်ပျက်သည်၊ ရှေ့နေငှားရသည်၊ ငွေကုန်သည်။ တစ်လနှင့်မပြီး၊ နှစ်လနှင့်မပြီး၊ နှစ်နှင့်ချီပြီးကြာတတ်သည်။ မှုခင်းထဲတွင် စိတ်နှစ်နေရသည်။ စိတ်ညစ်ရသည်။ စိတ်မောရသည်။ လုပ်ငန်းကိုင်ငန်းထိခိုက်ရသည်။ တိုးတက်မှုနှောင့်နှေးစေသည်။ တစ်ဖက်နှင့် တစ်ဖက်အကြားမိတ်ပျက်သည်၊ အမုန်းပွားစေသည်။

**ဖြစ်ပေါ်လေ့ရှိသောရာဇဝတ်မှုခင်းများ**

ပြည်သူတွေအကြားလိမ်လည်မှုတွေ၊ အလွဲသုံးစားမှုတွေ၊ ပိုင်နက်ကျူးကျော်မှုတွေ၊ အကျိုးဖျက်ဆီးမှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုတွေ၊ ဆဲဆိုမှုတွေ၊ နာကျင်မှုတွေ၊ လက်ရောက်မှုတွေ၊ အနိုင်အထက်ပြုမှုတွေ၊ တားဆီးပိတ်ဆို့မှုတွေ၊ စော်ကားမှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ ခိုးမှုတွေ၊ လုယက်မှုတွေ၊ အသရေဖျက်မှုတွေစသည် စသည်တွေ့ရတတ်သည်။ အသေးအဖွဲ့မှုခင်းကိစ္စကအစလူသတ်မှုတွေကျူးလွန်သည်အထိဖြစ်လာတတ်ကြသည်။

**ဖြစ်ပေါ်လေ့ရှိသောတရားမမှုခင်းများ**

ရောင်းမှားဝယ်မှားမှုခင်းတွေ၊ ငွေချေးငှားမှုတွေ၊ ပစ္စည်းရလိုမှု၊ ငွေရလိုမှုတွေ၊ အမွေပစ္စည်းရလိုမှုတွေ၊ လင်မယားကွာရှင်းလိုမှုတွေ၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းခွဲဝေရလိုမှုတွေ၊ ငှားရမ်းထားသောအိမ်တွေ၊ တိုက်ခန်းတွေပြန်လည်ရလိုမှုတွေစသည်စသည် တွေ့ရတတ်သည်။

**မှုခင်းတွေဖြစ်ပွားတတ်ပုံ**

မှုခင်းတွေကို အသက်မွေးဝမ်းကျောင်းကိစ္စရပ်သဖွယ်ပြုမူနေတတ်ကြသည်။ လောင်းကစားအမြဲပြုလေ့ရှိသည်။ လောင်းကစားဒိုင်တည်ထောင်သည်၊ ပြည့်တန်ဆာခန်း၊ ပြည့်တန်ဆာအိမ်တည်ထောင်သည်။ အရက်ပုန်းရောင်းသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားဖြန့်ဖြူးသည်။ အမြဲတမ်းလိမ်လည်မှုများကိုကျူးလွန်လေ့ရှိသည်။ အစဉ်သဖြင့် ခိုးမှုများ၊ လုယက်မှုများကိုကျူးလွန်တတ်ကြသည်။

**နေရင်းထိုင်ရင်းမှုခင်းတွေဝင်လာတတ်ကြသည်**

မိမိတို့ကရာဇဝတ်ပြစ်မှုတစ်စုံတစ်ရာပြုလုပ်လိုခြင်းမရှိ။ အေးအေးဆေးဆေးနေချင်သည်။ တရားရုံးရောက်ရမှာ ကြောက်သည်။ မည်သို့ပင် အေးအေးဆေးဆေးငြိမ်းငြိမ်းချမ်းချမ်းနေချင်ကြပါသော်လည်းနေရင်းထိုင်ရင်းမမျှော်လင့်ဘဲမှုခင်းတွေတွေ့ရတတ်ကြသည်။ မိမိ၏ပိုင်နက်ခြံမြေထဲသို့ ကျူးကျော်ဝင်ရောက်သည်။ မိမိပိုင်ပစ္စည်းအဖျက်အဆီးခံရတတ်သည်။ ခိုးတာ၊ လုယက်တာခံရတတ်သည်။ မိမိပိုင်ပစ္စည်း၊ ငွေကြေးများအလိမ်ခံရတတ်သည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ မတော်တဆကားတိုက်မှုတွေဖြစ်တတ်ခံရတတ်သည်။ မဟုတ်မမှန် စွပ်စွဲခံရတတ်သည်။ စော်ကားခံရတတ်သည်။ မိမိကမည်သို့ပင်ကောင်းအောင် နေထိုင်ပါစေ။ သူတစ်ပါး၏ ပြုမူလုပ်ဆောင်ချက်တွေကြောင့် မှုခင်းအထွေထွေနှင့် ရင်ဆိုင်လာရတတ်သည်။ ထို့ကြောင့်ပင် အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရတတ်ဆိုပြီးဆိုရိုးစကားထားခဲ့ခြင်းဖြစ်ပေလိမ့်မည်။

**မှုခင်းတွေကြုံတွေ့လာကြရသည့်အခါ**

အမှုအခင်းတွေမဖြစ်လို၊ မတွေ့လိုကြသော်လည်းမမျှော်လင့်ဘဲတွေ့ကြုံလာရတတ်သည်။ ရင်ဆိုင်လာရတတ်သည်။ တွေ့ကြုံရင်ဆိုင်လာကြရသည့်အခါ အချို့အချို့ကတော့ ကြီးသောအမှုငယ်စေ၊ ငယ်သောအမှုကိုပပျောက်စေဆိုသည့်အတိုင်းနှစ်ဦးနှစ်ဖက် ညှိနှိုင်းပြုမူဆောင်ရွက်တတ်ကြသည်။တရားရုံးမရောက်ဘဲဥပဒေဘောင်အတွင်းကကျေအေးပြီးပြတ်အောင် ဆောင်ရွက်ခွင့်ရှိသည့်မှုခင်းမျိုးဆိုလျှင် တရားရုံးသို့ အရောက်မခံအောက်ခြေမှာပင် ပြီးပြတ်အောင် ဆောင်ရွက်တတ်ကြသည်။ တရားရုံးရောက်မှ ကျေအေး၊ ရုပ်သိမ်းခွင့်ရသည့်မှုခင်းမျိုးဆိုလျှင် တရားရုံးတွင် ကျေအေးခြင်း၊ ရုပ်သိမ်းခြင်းတို့ဖြင့် ပြီးပြတ်အောင် ဆောင်ရွက်သွားတတ်ကြသည်။ ရှေးရှေးမြန်မာမင်းများလက်ထက်ကလည်းမှုခင်းများဖြစ်ပွားကြရာတွင် နှစ်ဦးနှစ်ဖက်လက်ဘက်စား၍ ကျေအေးကြသည့် ထုံးတမ်းစဉ်လာကောင်းများရှိခဲ့သည်။ နှစ်လိုဖွယ်ကောင်းသောစိတ်ထားများဟုဆိုရပါမည်။ တရားဥပဒေစိုးမိုးမှုဖြစ်ထွန်းစေသည်။လူနေမှုပတ်ဝန်းကျင် အေးချမ်းသည်၊ တည်ငြိမ်သည်။

**အညီရှိလျှင် ယင်အုံတတ်သည်**

အညီရှိလျှင် ယင်အုံသည်။ မှုခင်းဖြစ်လာလျှင်သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်စလုံးတွင် ဝိုင်းဝိုင်းလည်အုံလာတတ်ကြသည်။ကောင်းသောအကြံပေးသူများဖြစ်လျှင် ဥပဒေဘောင်အတွင်းက တရားနည်းလမ်းကျစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးတတ်ကြသည်။ နှစ်ဦးနှစ်ဖက်အမုန်းမပွားပြေပြေလည်လည် ပြီးပြတ်သွားတတ်ကြသည်။ ငွေကုန်လူပန်းသက်သာစေသည်။ မကောင်းသောအကြံပေးသူများဖြစ်ခဲ့လျှင် သို့မဟုတ် မကောင်းသောအကြံပေးသူများရှိခဲ့လျှင် သေးငယ်သောအမှုကကြီးမားလာတတ်သည်။ကြီးသောအမှုကပိုပြီးကြီးသွားတတ်သည်။ နှစ်ဦးနှစ်ဖက်အမုန်းတရား၊အာဃာတများတိုးပွားလာစေသည်။ ငွေကုန် လူပန်းဖြစ်ရသည်။ တရားဥပဒေစိုးမိုးရေးထိခိုက်စေသည်။ လူနေမှုပတ်ဝန်းကျင် အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်မရှိဖြစ်တတ်သည်။

တစ်ခါတစ်ရံ နှစ်ဖက်စလုံးကအားကိုးတွေရှာပြီး အားပြိုင်တတ်ကြသည်။ ဩဇာအာဏာရှိသူတွေကိုချဉ်းကပ်ကြသည်။ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲတတ်ကြသည်။ သူ့ဘက်ကိုယ့်ဘက် အစွမ်းပြကြတော့သည်။ မှုခင်းဖြစ်ကြသူအချင်းချင်းအားပြိုင်ပွဲမှ ဩဇာအာဏာရှိသူအချင်းချင်းအား ပြိုင်ပွဲသို့ ရောက်သွားတတ်သည်။ ဩဇာအာဏာပို၍ကြီးသူဘက်ကအနိုင်ရသွားတတ်သည်။ တရားဥပဒေစိုးမိုးရေးပျက်ပြားသည့်ဘက်သို့ ဦးတည်သွားတတ်သည်။

**အမွေခွဲဝေရေးကိစ္စဘေးလူတွေပါသည့်အခါ**

အမွေခွဲဝေရေးကိစ္စများပေါ်ပေါက်လာသည့်အခါ အမွေဆိုင်မိသားစုအချင်းချင်းဘေးလူတွေကြားလူတွေမပါဘဲခွဲဝေကြမည်ဆိုလျှင် အဆင်ပြေကြသည်၊ ချောမောကြသည်။ သူသာလည်းများများစားစားမရှိ ကိုယ်နာလည်းနည်းနည်း၊ သည်းခံတရား၊ ခွင့်လွှတ်ခြင်းတရား၊ အကြင်နာတရားများနှင့် ပြေပြေလည်လည်ရှိကြသည်။ ဘေးလူတွေကြားလူတွေပါလာသည့်အခါ၊ ဘေးလူတွေကြားလူတွေနှင့်တိုင်ပင်ကြသည့်အခါ အကောင်းတွေ့တာနည်းတတ်သည်။ ဘာကြောင့်မှန်းမသိ၊စိတ်ဝမ်းတွေကွဲကုန်တတ်ကြသည်။ လောဘ၊ ဒေါသ၊ မာနတွေတက်လာတတ်ကြသည်။ ညှိနှိုင်းမရတရားရုံးထိရောက်သွားတတ်ကြသည်။ ဆယ်နှစ်ဆယ်မိုးမပြီးမပြတ်ဘဲကြာနေတတ်ကြသည်။ မည်မျှလူပင်ပန်းစိတ်ပင်ပန်းဖြစ်ကြပါမည်နည်း။ မည်မျှငွေကြေးတွေကုန်ခမ်းသွားကြရပါမည်နည်း။ အမွေပစ္စည်းတွေရသင့်သလောက်မရ၊ ဘေးရောက်ကုန်တော့သည်။ အမွေပုံကုန်မှ အမှုပြတ်သည်များလည်းရှိသည်။ စဉ်းစားဆင်ခြင်ဖွယ်ရာကောင်းကြပေသည်။

**ထန်းတစ်ပင်နှင့် သူပိုင်ကိုယ်ပိုင်**

လွန်ခဲ့သောနှစ် ၆၀ ခန့် ငယ်စဉ်ကလေးဘဝကရွာတွင် မှုခင်းတစ်ရပ်နှင့် ထူးထူးခြားခြားကြုံတွေ့ခဲ့ရသည်။ ရွာတောင်ပိုင်းက ဦးသာခင်၊ ရွာမြောက်ပိုင်းကဦးဘဒင်၊ ထန်းတစ်ပင်ကိုသူပိုင်ကိုယ်ပိုင် အငြင်းပွားကာတရားရုံးထိရောက်သွားသည်။ ထိုထန်းပင်သည် ဦးသာခင်နှင့် ဦးဘဒင်တို့နှစ်ဦးပိုင် ယာခင်းနှစ်ခုအကြားရှိကန်သင်းဘောင်တွင် ပေါက်ရောက်နေသည်။ ဦးသာခင်ကဦးဘဒင်ပိုင်ယာခင်း၏အထက်တွင်ရှိသည်။ “အထက်လူအောက်ကန်သင်း” ဟုရှေးလူကြီးများသတ်မှတ်ထားခဲ့သည်။ အထက်က ရှိသောယာခင်းရှင်သည် အောက်ကန်သင်းကိုသူပိုင်သည်။ အောက်ကန်သင်းပေါ်ရှိသစ်ပင်များကိုလည်းသူပိုင်သည်။ ဤနည်းဖြင့် ဦးသာခင်က သူပိုင်သည်၊ သူဆိုင်သည်ဆိုပြီး သူပိုင်ထန်းပင်ဖြစ်သည်ဆိုကာ အပြတ်ငြင်းသည်။ အောက်ဘက်ယာခင်းပိုင်ရှင် ဦးဘဒင်ကလည်း ထန်းပင်သည် သူ့ယာခင်း၏ အထက်ကန်သင်းတွင်ရှိသော်လည်းသူစိုက်ထားသောထန်းပင်ဖြစ်ကြောင်း၊ သက်သေသက္ကာယများပြသကာသူသာဆိုင်ကြောင်း၊ သူသာပိုင်ကြောင်း၊ အပြတ်ငြင်းသည်။ ညှိနှိုင်း၍မရ၊ တရားရုံးရောက်သွားရသည်။

**ထန်းပင်တန်ဖိုးထက်မကငွေတွေကုန်ကြ**

ထိုအချိန်ကထန်းပင်မှာအဖိုးတန်လှပါမှ ၂၅ ကျပ်သာ ဖြစ်သည်ဟု ရွာကလူတွေပြောကြသည်။ နှစ်ဖက်စလုံးက ၁၅ ကျပ်စီပေး၍ ရှေ့နေငှားရမ်းကြသည်။ တစ်နှစ်ကျော်ကြာလည်းအမှုကမပြီးသေး။ နှစ်ဖက်စလုံးကုန်ကျစရိတ်ကထန်းပင်၏တန်ဖိုးလောက်မကကုန်ကျနေသည်။ တစ်ဖက်နှင့် တစ်ဖက်အလျှော့မပေး။ “တို့အမျိုးကနာမည်တစ်လုံးနှင့် လာမစမ်းနှင့်။ ငွေဘယ်လောက်ကုန်ကုန် အမျိုးဂုဏ်ကိုဘယ်တော့မှ မကျစေရဘူး။ တို့အမျိုးကဇနှင့်။ အထက်ထိပေါက်ရောက်သည်”စသည်ဖြင့် နှစ်ဖက်စလုံး၏ပြောကြဆိုကြသံများကလေးဘဝကြားသိခဲ့ရသည်။ ရွာတောင်ပိုင်း၊ ရွာမြောက်ပိုင်းစိတ်ဝမ်းတွေကွဲလာသည်။ အလုပ်အကိုင်တွေပျက်ကြသည်။ အမှုချိန်းဆိုရက်ကပြန်လာလျှင် သူတို့အိမ်တွေမှာလူတွေစည်ကားနေသည်။ “ဒီကနေ့ရုံးမှာစစ်တာသက်သေတွေကဘယ်လိုထွက်ဆိုတယ်။ ရုံးကဘယ်လိုမေးတယ်။ ရှေ့နေတွေကဘယ်လိုမေးတယ်။ သူ့ရှေ့နေကမမေးတတ်၊ ကိုယ့်ရှေ့နေကသာသည်”စသည်စသည်ဖြင့် ဟုတ်သည် မဟုတ်သည်အပထားဂုဏ်ယူစွာပြောဆိုကြသည်။ နောက်ထပ်အမှုဘယ်တော့ပြီးမည်ကိုမခန့်မှန်းတတ်။ အောက်ရုံးမှာရှုံးလျှင် မခံဘူး။ အထက်ဆုံးရုံးအထိအယူခံတက်မည်ဟုလည်းကြုံးဝါးနေသည်။ ငွေတွေဆက်၍ ကုန်ကြပေဦးတော့မည်။ ဘယ်သူဝင်ညှိညှိလက်မခံ။ လောဘ၊ ဒေါသ၊ မာန်မာနတွေကဖုံးလွှမ်းနေကြပြီကိုး။

**အမှုပြီးပြတ်ပုံဆန်းလိုက်ပါဘိ**

နောက်ဆုံးတော့အမှုကမရှိတော့။ ပြီးပြတ်သွားသည်။ နှစ်ဖက်စလုံးငြိမ်သက်သွားကြ သည်။ ဘာအသံမှမထွက်တော့။ “သူတို့အချင်းချင်းကျေနပ်သွားကြလို့လား။ ပြေငြိမ်းသွားကြ လို့လား”။ မဟုတ်ရပါ။ ထိုထန်းပင်ကိုညအချိန် လူတစ်ယောက်ကသွားပြီးခုတ်လှဲပစ်လိုက်သည်။ အမှု၏ အရင်းခံပင်မထန်းပင်မရှိတော့၊ အမှုလည်းပြီးသွားရတော့သည်။ မည်သူသွားရောက် ခုတ်လှဲပစ်လိုက်သည်မသိ။ မည်သူမှန်းမသိသော်လည်းရွာကလူတွေကတော့ထိုသူကို“တော်လိုက်တာ။ အမြော်အမြင်ရှိလိုက်တာ” ဆိုပြီး ချီးကျူးစကားများကတစ်ရွာလုံးတစ်နယ်လုံး၊ လွှမ်းခြုံသွားခဲ့သည်။ “သည်တရားသူကြီးဆုံးဖြတ်လိုက်ကာမှ အမှုပြီးပြတ်သွားသည်တဲ့”။ မှုခင်းအနေအထားအရ အမှန်ပင် ပြီးပြတ်သွားတော့သည်။

**ကောင်းမွန်သောစိတ်ထားများဖြင့် ဝန်းရံပေးကြပါ**

အမှုအခင်းများမဖြစ်လိုကြသည်မှာအမှန်ပါ။ အမှုအခင်းများဖြစ်လာ၍ ကြုံကြိုက်လာရသည့်အခါများတွင် ကောင်းမြတ်သောစိတ်ထားများဖြင့် ကူညီစောင့်ရှောက်ပေးစေလိုသည်။ ဥပဒေဘောင်အတွင်းကနေ၍ ကြီး သောအမှုငယ်စေ၊ ငယ်သောအမှုပပျောက်စေ။ ဥပဒေနှင့်အညီကျေအေးကြစေ။ ရုပ်သိမ်းကြစေ။ အကြံပေးဆောင်ရွက်လာကြစေလိုသည်။

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်အဆင့်ဆင့်တွင် ဆောင်ရွက်နေကြသောတာဝန်ရှိသူများကပြည်သူများအကြားအမှုအခင်းဆိုင်ရာဥပဒေပညာပေးလုပ်ငန်းတွေတိုး၍တိုး၍ ဆောင်ရွက်ကြစေလိုသည်။ ဖြစ်ပွားလာသောအမှုအခင်းကိစ္စရပ်များအပေါ် တရားစွဲအဖွဲ့အစည်းများကဥပဒေနှင့်အညီအရေးယူဆောင်ရွက်ပေးခြင်း၊ တရားရုံးအဆင့်ဆင့်တို့ကလည်း မှန်မှန်နှင့် မြန်မြန်စစ်ဆေးစီရင်၍ ဥပဒေနှင့်အညီမှန်ကန်သောဆုံးဖြတ်ချက်များချမှတ်ပေးခြင်းတို့ဖြင့် ပြည်သူတွေအကြားမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အကြင်နာတရားများဖြစ်ထွန်းစေမည်။ တရားဥပဒေစိုးမိုးရေးပိုမိုရှင်သန်ကာအေးအေးချမ်းချမ်းနေထိုင်နိုင်ကြမည်။ ဤသို့ဖြင့် မှုခင်းများလျော့နည်းကင်းစင်ပြီးငြိမ်းချမ်းသာယာသောလူနေမှုပတ်ဝန်းကျင်ကောင်းများတည်ဆောက်ပေးကြရန် လိုအပ်ကြောင်းစိတ်ဆန္ဒတွင် ထင်ဟပ်လာမိသည်။

ကြုံရဆုံရလူ့ဘောင်လောကတွင် အမှုအခင်းတွေဖြစ်လာသည့်အခါ ကောင်းမြတ်သောစိတ်ထားများဖြင့် ဖြေရှင်းနိုင်ကြပါစေ။

❖ ❖ ❖

# ကျေးလက်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သထုံ နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရွှေစင်ဖြိုးကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်သော ကျိုက်ထို- ကျိုက္ကသာကတ္တရာလမ်း အရှည် တစ်မိုင်ခင်းခြင်းလုပ်ငန်းအား သထုံခရိုင်မှ ခရိုင်မှူး ဦးလှမျိုးဝင်း၊ မြို့နယ် ဦးစီးမှူး ဦးမိုးဝင်း၊ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် နိုဝင်ဘာ ပထမပတ်က ကွင်းဆင်း ကြည့်ရှု၍ လုပ်ငန်းအရည်အသွေးနှင့် ပြီးစီးမှုတို့အား စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❒

# ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဖန်းမော် နိုဝင်ဘာ ၁၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သော ဖန်းမော်မြို့နယ် နန့်လှိုင်အုပ်စု နန့်လှိုင်သစ် ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ဖန်းမော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ ဖန်းမော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် အတူ အင်ဂျင်နီယာများ လိုက်ပါ၍ ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီရေးကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများကမှာကြားခဲ့သည်။

**(ပြန်/ဆက်)**



ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွာသစ်ကုန်းကျေးရွာနှင့် ကြံခင်းမြို့နယ် မျောက်ချော ကုန်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ကျေးရွာချင်းဆက်လမ်းမှာ ခရီးသွားများ၊ ကျောင်းသား၊ ကျောင်းသူများသွားလာ၍မရအောင် အခက်အခဲဖြစ်နေ၍ တာဝန်ရှိသူတွေအနေနဲ့ ပြုပြင်ပေးစေလိုကြောင်းခရီးသွားများက ပြောသည်။

နေဝင်းဇော်(မြန်အောင်)

# စိုက်ပျိုးရေးကဏ္ဍတွင် တိကျသောမူဝါဒနှင့် ရေရှည်အကျိုး ဖြစ်ထွန်းမည့် အစီအစဉ်များ ချမှတ်ရန်လို

**မန္တလေး နိုဝင်ဘာ ၁၀**
ဖွံ့ဖြိုးရေးပညာရောင်ခြည်အဖွဲ့မှ ဦးစီးကျင်းပသည့် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးမှုဆိုင်ရာ ပါဝင်ပတ်သက်သူများ Stake-holders ၏ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီ က မန္တလေးမြို့ စိုက်ပျိုးရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဦးစိုးသန်းက အဖွင့်အမှာစကား ပြောကြားပြီး International Food Policy Research Institute မှ Dr. Suresh Babu က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်မှုတွင် ဒေသန္တရအစိုးရများနှင့် ဗဟိုအစိုးရအဖွဲ့များ၏ အခန်းကဏ္ဍ အကြောင်းကို ဆွေးနွေးရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကြင်မောင်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းအတွင်း စိုက်ပျိုးရေးဆိုင်ရာ ပြဿနာများအား လေ့လာတွေ့ရှိချက်များကို ဖွံ့ဖြိုးရေး ပညာရောင်ခြည်အဖွဲ့မှ ဒေါ်ငုဝါဝင်းက ဆွေးနွေးတင်ပြသည်။ ယင်းနောက်ကဏ္ဍအလိုက် ရင်ဆိုင်နေရသော ပြဿနာများနှင့် စိန်ခေါ်မှုများကို ပြဿနာတစ်ခုချင်းစီအလိုက် အကြောင်းတရားများကို အဖွဲ့လိုက်ဆွေးနွေးပြီး တင်ပြကြသည်။

“လတ်တလောမှာ အိန္ဒိယ၊ တရုတ်နဲ့ နိုင်ဂျီးရီးယားမှ တောင်သူတွေ ကြုံတွေ့နေရတဲ့ ပြဿနာတွေနဲ့ မဟာဗျူဟာ ချမှတ်ဆောင်ရွက်နေမှုတွေကို အိန္ဒိယကပညာရှင် ဆွေးနွေးသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်အောင် ဘယ်နည်းနဲ့ ဆောင်ရွက်သွားမလဲ ဆိုတဲ့ ဆွေးနွေးတင်ပြချက်ကို သဘောကျပါတယ်။ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားအတွက် ဒေသဆိုင်ရာအစိုးရကဖြစ်စေ၊ ဗဟိုအစိုးရကဖြစ်စေ တိကျပြီးရေရှည်အကျိုးစီးပွားရှိမယ့် မူဝါဒချမှတ်ပြီး ဆောင်ရွက်နိုင်မယ်ဆိုရင် တောင်သူလယ်သမားထုကြီးရဲ့ အကျိုးစီးပွားဟာ အဆမတန်တိုးပွားလာမှာပါ။

“ဒီနှစ်မှာ ပြောင်းဆန်ဈေး နှုန်း မကောင်းဘူး။ ပြည်ပဝယ်လက်မကောင်းဘူးဆိုရင် အရင်းတောင်မရနိုင်ဘူး။ ဈေးကောင်းရတဲ့ သီးနှံစိုက်ပြန်တော့လည်း သီးနှံဖြစ်ထွန်းချိန်မှာ တောင်သူတွေရဲ့ ဗဟုသုတမပြည့်ဝမှုရယ်၊ စိုက်ပျိုးရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုအားနည်းခြင်းများကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေရပါတယ်။ တောင်သူတွေ ဆုံးရှုံးနစ်နာမှုရှိနိုင်တဲ့ အကြောင်းတရားတွေအပေါ်မှာ အကူအညီ၊ အထောက်အပံ့၊ သတင်းအချက်အလက်နဲ့ နည်းဗျူဟာတွေ ရချင်ပါတယ်” ဟု ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ရွှေခြင်္သေ့ လူမှုစောင့်ရှောက်ရေး တောင်သူလယ်သမားကွန်ရက်မှ ဦးမြင့်ဝေက ပြောသည်။

**အေးမြ(မန္တလေး)**

# မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ရိတ်သိမ်းပြီးကောက်လှိုင်းများမှ စပါးအထွက်နှုန်း လျော့ကျမည်ကိုစိုးရိမ်

**မော်လူး နိုဝင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်သူအများစုမှာ ရိတ်သိမ်းပြီးစပါးများ ရေစိုအညှောင့်ပေါက်ခြင်း၊ ခြွေလှေ့ရန်အခက်အခဲများနှင့် ကြုံတွေ့နေရပြီး ကောက်လှိုင်းများမှာ ရေနစ်၍ စပါးအညှောင့်ပေါက်မှုများရှိနေသဖြင့် ဒေသခံတောင်သူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း နိုဝင်ဘာ ၈ ရက်က ဒေသခံတောင်သူတစ်ဦးကပြောပြသဖြင့် သိရသည် ။

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ နေ့စဉ်မိုးအဆက်မပြတ် ရွာသွန်းခဲ့သ ဖြင့်တောင်သူများ အခက်ကြုံခဲ့ရသည်။ ယခုတစ်ဖန် နိုဝင်ဘာ ၅ ရက် စနေမိုးကြောင့် တောင်သူတွေအတွက် နောက်ထပ်တစ်ဖန် တစ်ပူပေါ်နှစ်ပူဆင့် အခက်ကြုံခဲ့ရကြောင်း တောင်သူတစ်ဦးက ပြောသည်။



“ကျွန်တော်တို့ လယ်မှာ စပါးစရိတ်ခဲ့တာ အောက်တိုဘာ ၁၀ ရက် ကတည်းကပါ။ စပါးကတော့ ရိတ်လို့ပြီးသွားပြီ။ ကောက်လှိုင်းတွေက မခြောက်တော့ ကောက်လှိုင်းစီးလို့မရသေးဘူး။ မိုးကနေ့စဉ်လိုလို အဆက်မပြတ် ရွာသွန်းနေတော့ ကောက်လှိုင်းတွေက မိုးရေထဲမှာ အညှောင့်ပေါက်တာပေါက်၊ ရေစိုတာကစို၊ စက်ခြွေရအောင်လည်း ကွင်းအလယ်မှာဆိုတော့ ဆင်းဇကေရီ (၃) ကောက်စောစပါးဖြစ်လို့ လမ်းကလည်းမပေါက်သေးဘူးဆိုတော့ ကျွန်တော်တို့ လယ်သမားတွေအတွက် ဒီနှစ်မှာမှန်းချက်နဲ့ နှမ်းထွက်မကိုက်တော့ပါဘူးဗျာ” ဟု စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု အုန်းဒုတ်ကျေးရွာ နန့်ကျဲချောင်းအနီး အုန်းဒုတ်ကွင်းမှ တောင်သူ ဦးတင်ငွေက ပြောပြသည်။ **(ဝ၅၈)**

# ဗန်းမောက်မြို့နယ်၌မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စပါးစိုက်တောင်သူများအခက်တွေ့

**ဗန်းမောက် နိုဝင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်း၍ ဒေသခံတောင်သူများ စိုက်ပျိုးထားသော စပါးခင်းများ ယိုင်လဲပျက်စီးခြင်း၊ ရိတ်သိမ်းထားသောစပါးကောက်လှိုင်းများရေစီးနှင့်အတူ မျောပါခြင်းကြောင့် စပါးအထွက်နှုန်းလျော့ကျမည်ကို တောင်သူများစိုးရိမ်လျက်ရှိကြောင်း သိရသည်။



“ဒီတစ်ပတ်လုံး မိုးကတစ်နေကုန်အဆက်မပြတ်ရွာသွန်းနေတော့ စပါးတွေဆို မြင်တဲ့အတိုင်း ယိုင်လဲကုန်ပြီ။ ယခုဆိုရင် မိုးကမတိတ်သေးဘူး။ ကျွန်တော့်လယ်ဆို ရိတ်ထားတဲ့ စပါးကောက်လှိုင်းတွေ ရေစီးနဲ့အတူ မျောပါသွားတော့ အနည်းနဲ့အများဆုံးရှုံးခဲ့ရတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း မိုးရွာသွန်းမှုကြောင့် အနည်းငယ်ရှုံးခဲ့ပြီးပြီ” ဟု အောင်သာကုန်းကျေးရွာမှ စပါးစိုက်ပျိုးထားသော တောင်သူ ဦးချိုမောင်က ပြောသည်။

နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းအထိ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် စပါးခင်းများသည် ဗန်းမောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မရိတ်သိမ်းမီအချိန်တွင် ယိုင်လဲသွားခြင်းနှင့် ရိတ်သိမ်းပြီး စပါးကောက်လှိုင်းများ လယ်စိုက်ခင်းအတွင်း မိုးရေဝင်ရောက်လျက်ရှိနေသောကြောင့် ပျက်စီးမှုများပိုမိုများပြားတတ်သဖြင့် စပါးအထွက်နှုန်းလျော့ကျကာ အရှုံးပေါ်မည်ကို ဒေသခံ တောင်သူများ စိုးရိမ်နေကြခြင်းဖြစ်သည်။**ကျော်စွာ(ဗန်းမောက်)**

# ပြည်သူများ၏အသက်အန္တရာယ်စိုးရိမ်ရ

**ခင်ဦး နိုဝင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မန္တလေး-မြစ်ကြီးနား မီးရထားလမ်း မိုင်တိုင်အမှတ် ၄၅၄/၇ နှင့် ၄၅၄/၈ ကြားရှိ ရွှေမုဋ္ဌော တံတားအမှတ် ၁၁၆ ၌ ခင်ထားသော ဇလီဖားတုံးများမှာ ဆွေးမြည့်ပျက်စီး၍ ဖရိုဖရဲဖြစ်နေကြောင်း သိရသည်။

အဆိုပါ ရွှေမုဋ္ဌောတံတားမှာ ပေ ၃၀၀ ခန့်အရှည်ရှိ ခင်းထားသော ဇလီဖားတုံး ၁၀၅ တုံးခန့်ရှိပြီး တုံး ၅၀ ကျော်ခန့် ဆွေးမြည့်ပျက်စီး၍ ဖရိုဖရဲဖြစ်နေသဖြင့် မီးရထားဖြင့် သွားလာနေသော ပြည်သူများ၏အသက်အန္တရာယ် စိုးရိမ်၍ အချိန်မီလာရောက်စစ်ဆေးပြုပြင်ပေးပါရန် ဒေသခံ ရွာသန်းကျေးရွာနေ တောင်သူတစ်ဦးက ပြောပြသည်။ **ချစ်စံ(ခင်ဦး)**



# မိုးအဆက်မပြတ် ရွာသည့်အတွက် ဆောင်းသီးနှံများ ထိခိုက်ပျက်စီး

**ယင်းမာပင် နိုဝင်ဘာ ၁၀**
ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းငယ်များ အဆက်မပြတ် ဖြစ်ပေါ်ခဲ့သည့် အကျိုးဆက်ကြောင့် ယင်းမာပင်ဒေသတွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့သည်။

တောင်သူများ၏ ရာသီနောက်ပိုင်း (ဆောင်း) သီးနှံများ စိုက်ပျိုးချိန်သည် သီတင်းကျွတ်လပြည့်ကျော်မှ စိုက်ပျိုးကြခြင်းဖြစ်ရာ အဆိုပါ ရွာသွန်းမိုးကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့တွင် သီးနှံ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

သီးနှံထိခိုက်ပျက်စီးမှုများတွင် မိုးစပါး ဧက ၅၀ ခန့် အပင်ယိုင်လဲမှုဖြစ်ပေါ်ခြင်း၊ အောက်တိုဘာလအတွင်းက စိုက်ပျိုးခဲ့သည့် ကုလားပဲ စိုက်ခင်းများမှ ခန့်မှန်း ဧက ၆၀၀ ခန့် ပျက်စီးနိုင်ပြီး ဧက ၅၀၀ ခန့် ထိခိုက်ဖွယ်ရှိကြောင်းနှင့် အသေးစိတ်စာရင်းများရရှိရေးကို မြေစာရင်းဌာနနှင့် စိုက်ပျိုးရေးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ စာရင်းကောက်ယူလျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**မေသရဖူဖူး**

# ဖရဲသီးများအောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးနှုန်းကျဆင်း၍အရှုံးပေါ်

**မြောင် နိုဝင်ဘာ ၁၀**
မြောင်မြို့နယ်တွင် စိုက်ပျိုးသောဖရဲများ ယခင်နှစ်များနှင့်မတူအောင်မြင်ဖြစ်ထွန်းပြီး မူဆယ်ဈေးကွက်မကောင်း၍ ဝယ်လက်မဆင်းသည့်အတွက် အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်ကတော့ သားလေးရှင်ပြုပေးချင်လို့ဆိုပြီး မြေငှားစိုက်တာစုစုပေါင်း ကုန်ကျစရိတ်က နှစ်ဧကကို ၁၀ သိန်းကျော်လောက်ကုန်တယ်။ ကိုယ်ပိုင်မြေစိုက်တဲ့သူကတော့ ငါးသိန်းကျော်လောက် ကုန်ကျပါတယ်။ အသီးတွေကလည်း အရင်နှစ်တွေကထက်ပိုပြီး (ရှယ်သီး) စံချိန်မီ ဈေးကွက်ဝင်တဲ့အသီးတွေပါပဲ။ တစ်လုံးကို ခုနစ်ပိဿာကျော်ရှိတယ်။ ဒါပေမယ့် မူဆယ်ဈေးကွက်မကောင်း၊ ဝယ်လက်ကမဆင်းနဲ့ ကြာရင်အသီးတွေက ပုပ်ရိတော့မှာဆိုတော့ အရင်းပဲရရဆိုပြီး ရန်ကုန်ကို လက်လီရောင်းချရန် ၁၂ ဘီးကားတစ်စီးငှားပြီးသွားတာ ကားခ ကျပ် ၄၅၀၀၀၀ ပေးရတယ်။ ရန်ကုန်မှာလည်း ဝယ်စားမယ့်သူမရှိလို့ မန္တလေးအသိအိမ်ကို ရရာဈေးနဲ့ရောင်းပေးဖို့ ချထားခဲ့တာ။ နောက်နှစ်ရက်လောက်နေတော့ အသိအိမ်က ခင်ဗျားဖရဲသီးတွေက ဝယ်သူမရှိလို့ ပုပ်ရိနေတော့ စည်ပင်အမှိုက်ကားပေါ်တင်ပေးလိုက်ရပြီလို့ ဖုန်းဆက်လာပါတော့တယ်” ဟု ဆွဲလဲအိုကျေးရွာမှ ဖရဲစိုက်တောင်သူဦးဝင်းမင်း၏ ပြောပြချက်အရ သိရသည်။

ယခုနှစ်မြောင်မြို့နယ်တွင် စိုက်ပျိုးသော ဖရဲသီးများ အရည်အသွေးကောင်းပြီး အောင်မြင်ဖြစ်ထွန်းသော်လည်း မူဆယ်ဈေးကွက်မကောင်း၍ ဝယ်လက်မဆင်းသည့်အတွက် ဖရဲစိုက်တောင်သူများမှာ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။ **တင်လင်း**

# အသိပညာဗဟုသုတကြွယ်ဝမှုနှင့်ကျွမ်းကျင်ပိုင်နိုင်မှု

မောင်သောင်းဝင်း(တမန်ဟောင်း)

အသိပညာဗဟုသုတကိုသတင်းအချက်အလက်သိရှိထားမှုနှင့်နားလည်သဘောပေါက်မှုဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ထိုအသိပညာဗဟုသုတကို စာအုပ်စာပေ၊သတင်းစာ၊ ဂျာနယ်နှင့် အင်တာနက်စာမျက်နှာတို့မှတစ်ဆင့်တူးဆွရရှိနိုင်သည်။ အသိပညာဗဟုသုတကြွယ်ဝနေရန်သည် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုရှိနေရန်လိုအပ်သည်။ ဗဟုသုတကြွယ်ဝနေမည်ဆိုလျှင်အတွေးအခေါ် အယူအဆ၊ သီအိုရီ၊ ချဉ်းကပ်ပုံချဉ်းကပ်နည်း၊ သိပ္ပံ၊ ဝိဇ္ဇာနယ်ပယ်တို့တွင်နှံ့စပ်သိမြင်လာမည်ဖြစ်သည်။

### ဗဟုသုတအခြေခံ

ကျွမ်းကျင်ပိုင်နိုင်မှုသည် တစ်စုံတစ်ရာကိုအမှားအယွင်းနည်းနည်းဖြင့် အချိန်မီပြီးမြောက်အောင် စွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ အကြိမ်ကြိမ်လေ့ကျင့်ဆောင်ရွက်နေမှသာလျှင် ကျွမ်းကျင်ပိုင်နိုင်မှုကိုရရှိမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူအသိပညာဗဟုသုတကို အခြေခံပြီးမှသာ ကျွမ်းကျင်ပိုင်နိုင်အောင်လေ့ကျင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်လူတစ်ဦးသည် မိမိကျရာ အခန်းကဏ္ဍကိုကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် အခြေခံဗဟုသုတရှိနေရန်လိုအပ်မည်ဖြစ်သည်။

မြန်မာ့လူမှုအဖွဲ့အစည်းတွင် ဗဟုသုတရှာဖွေသူနည်းပါးလာကြပြီဖြစ်သည်။ မိမိကိုထမင်းကျွေးနေသောအလုပ်နှင့်ပတ်သက်၍ပင် ထဲထဲဝင်ဝင်မသိရှိကြတော့ချေ။ သာဓကအနေဖြင့် အငှားယာဉ်မောင်း တစ်ဦးသည်မြို့တွင်းလမ်းကြောင်းကို နှံ့စပ်ကျွမ်းကျင်နေရန် လိုအပ်သည်။ သို့မှသာလျှင် ခရီးသည်သွား လိုသောနေရာကို အချိန်တိုအတွင်းမြန်မြန်ဆန်ဆန်ရောက်ရှိအောင် ပေးပို့နိုင်မည်ဖြစ်သည်။ ယခုတလော ရန်ကုန်မြို့တွင် ကြုံတွေ့နေရသည့် အငှားယာဉ်မောင်းအချို့သည်မြို့ထဲသို့သွားသည့်လမ်းကြောင်းကို နှံ့စပ်စွာမသိရှိချေ။ အထင်ကရ နေရာများကိုပင်မသိရှိကြချေ။ မြောက်ဥက္ကလာပရှိ ဆေးတက္ကသိုလ်ကို ဘယ်လိုသွားရသလဲဟု ခရီးသည်ကို မေးမြန်းသည့်ယာဉ်မောင်းမျိုးကို စာရေးသူကိုယ်တိုင်ကြုံဖူးသည်။

### မိမိနယ်ပယ်လေ့လာ

ပြည်ပနိုင်ငံများရှိအငှားယာဉ်မောင်းများသည်လမ်းကြောင်းကျွမ်းကျင်မှုရှိကြသည်။ စာရေးသူ ထိုင်းနိုင်ငံတွင်တာဝန်ထမ်းဆောင်စဉ်က ကြုံတွေ့ရသည့် အငှားယာဉ်မောင်းများသည် ယာဉ်ပေါ်တွင် မြို့အကွက်ချပုံစံမြေပုံပါရှိကြသည်။ ခရီးသည်သွားလိုသည့်နေရာကို မြေပုံပေါ်တွင်အလွယ်တကူကြည့်ရှုပြီး အချိန်တိုအတွင်းရောက်ရှိအောင်ပို့ပေးနိုင်ကြသည်။ အင်္ဂလိပ်စကားကိုလည်း အတန်အသင့်ပြောဆိုနိုင်ကြသည်။ ခရီးသည်များအဆင်ပြေချောမွေ့ကြသည်။ မိမိလုပ်ကိုင်သည့်နယ်ပယ်တွင်ဗဟုသုတနှံ့စပ်အောင် လေ့လာထားသဖြင့်ကျွမ်းကျင်ပိုင်နိုင်စွာထမ်းဆောင်နိုင်ကြခြင်းဖြစ်သည်။ အတုယူသင့်ပေသည်။

မိမိထမ်းဆောင်သည့်နယ်ပယ်တွင်ကျွမ်းကျင်မှုမရှိခြင်းသည် အခြားသူကိုထိခိုက်စေနိုင်သည်။ အထူးသဖြင့် ရုပ်သံသတင်းကြေညာသူများသည်အထွေထွေဗဟုသုတရှိနေရန်လိုအပ်သည်။ မြန်မာနိုင်ငံရှိသတင်းကြေညာသူအချို့သည် ပြည်တွင်းပြည်ပဗဟုသုတနည်းပါးလျက်ရှိကြသည်။ ထင်ရှားသော နိုင်ငံ့ခေါင်းဆောင်များ၊ မြို့များနှင့်အဖွဲ့အစည်းများကိုပင် မသိရှိကြသဖြင့် သတင်းကြေညာချိန်တွင် အလွဲလွဲအမှားမှားဖတ်သွားလေ့ရှိကြသည်။သတင်းနားထောင်ရသည့်အခါ စိတ်မချမ်းမြေ့ဖွယ်ရာများအကြိမ်ကြိမ်ကြုံတွေ့နေရသည်။

နိုင်ငံခြားဧည့်သည်တော်များ၊ သံတမန်များ လာရောက်လည်ပတ်သည့် သတင်းများအား ကြေညာသည့်အခါ ဧည့်သည်ဖြစ်သူသည် အမျိုးသမီးဖြစ်နေသော်လည်း His Excellency ဟုဖတ်သွားသည့် သတင်းဌာနမျိုးရှိနေပါသည်။ လွန်စွာအံ့သြဖွယ်ကောင်းလှသည်။ ထိုမှားယွင်းမှုမျိုးကို တစ်ကြိမ်တစ်ခါသာကြုံတွေ့ရလျှင် ဋီကာချဲ့ပြီးရေးပြနေစရာမလိုပေ။ အကြိမ်ကြိမ်ကြုံတွေ့နေရသဖြင့်တင်ပြရခြင်းဖြစ်သည်။ သတင်း ကြိုတင်ဖတ်ရှုရန် အချိန်မရသည့်တိုင်အောင် မိမိတာဝန်ထမ်းဆောင်သည့်နယ်ပယ်နှင့်စပ်လျဉ်းသော အခြေခံအထွေထွေဗဟုသုတကိုသာ ရှာဖွေဖတ်မှတ်ထားမည်ဆိုလျှင် ထိုသို့ မှားယွင်းမည်မဟုတ်ချေ။ အဆိုးရွားဆုံးအချက်သည် မြန်မာလူမျိုးများဖြစ်နေသည့်တိုင်အောင် မြန်မာစာ၊ မြန်မာစကားကို အသံထွက် မှန်ကန်စွာ ပြောဆိုနိုင်စွမ်းမရှိကြပင်ခြင်းဖြစ်သည်။

### စိတ်ဝင်စားမှုအားနည်း

မိမိကိုထမင်းကျွေးနေသောအလုပ်ကိုကျေပွန်စွာထမ်းဆောင်နိုင်မှုမရှိခြင်းသည် လိမ်ညာမှု မြောက်ပေသည်။ လူတစ်ဦးချင်းစီတွင်အခြေခံဗဟုသုတနည်းပါးမှုသည်လူ့အဖွဲ့အစည်းကြီး၏ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည်။ ရုံးဌာန၊အဖွဲ့အစည်းတစ်ခုသည် စက်ပစ္စည်းတစ်ခုနှင့် အလားသဏ္ဌာန်တူညီပေသည်။ စက်တစ်ခုတွင် နတ်တစ်လုံးပြုတ်ထွက်သွားလျှင် ထိုစက်လည်ပတ်နိုင်စွမ်းရှိတော့မည်မဟုတ်ချေ။ ထိုနည်းတူစွာပင် ရုံး၊ဌာနတစ်ခုတွင်လည်း ဝန်ထမ်းတစ်ဦး၏အလွဲလွဲအမှားမှားလုပ်ဆောင်မှုသည် ထိုအဖွဲ့အစည်းကြီး၏ ဂုဏ်သတင်းကိုထိခိုက်စေနိုင်သည်။ အချို့သော ဝန်ထမ်းများသည် အခြေခံဗဟုသုတမရှိသည့်အပြင် လုပ်ငန်းတာဝန်အပေါ်တွင်လည်း စိတ်ပါဝင်စားမှုအားနည်းကြသောကြောင့် အမှားပေါင်းတစ်ထောင်ဖြစ်နေကြသည်။

အချို့သောဝန်ထမ်းများသည် ရာထူးအဆင့်အတန်းကြီးကြီးမားမားရယူထားသော်လည်း မိမိဌာန၊ လုပ်ငန်းသဘောသဘာဝကိုပင် ထဲထဲဝင်ဝင်မသိရှိကြချေ။ သိအောင်လည်း လေ့လာလိုစိတ်မရှိပေ။ ထိုသူများသည် မိမိထမ်းဆောင်ရသည့်လုပ်ငန်းအား ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်ရှာဖွေလေ့လာပြီးအပတ်တကုတ်လေ့ကျင့်လုပ်ဆောင်ရန် ပျင်းရိနေကြသူများသာဖြစ်ကြသည်။ ထို့အပြင် အသိပညာဗဟုသုတကြွယ်ဝပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိသော လက်အောက်ဝန်ထမ်းများ၏ တင်ပြချက်များကို အလေးတယူမှတ်သားနားထောင်နိုင်မှုဓာတ်ခံကလည်းပါမလာကြပေ။ ထိုပုဂ္ဂိုလ်များသည် လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်ဖွံ့ဖြိုးမှု နောက်ကျခြင်းအကြောင်းတရားများအနက် အဓိကကျသော တာဝန်ရှိသူများပင်ဖြစ်ကြသည်။

> “ အခြေခံအသိပညာဗဟုသုတနှင့် ကျွမ်းကျင်ပိုင်နိုင်မှုတို့သည် ဆက်စပ်လျက်ရှိသည်။ အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်ရှာဖွေလေ့လာပြီ အပတ်တကုတ်လေ့ကျင့်သွားမည်ဆိုလျှင် ကျွမ်းကျင်မှုရှိလာမည်ဖြစ်သည်။ အသိပညာဗဟုသုတကြွယ်ဝပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိသော လူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များဖြင့်သာလျှင် ရုံး၊ ဌာန၊ အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းတာဝန်များကို အမှားယွင်းနည်းစွာဖြင့် အချိန်မီအကောင်အထည် ဖော်နိုင် . . . ”

### သင့်ယူလေ့ကျင့်ရန်လိုအပ်

ဝန်ထမ်းတစ်ဦးသည် မိမိထမ်းဆောင်ရသည့် တာဝန်ကို အမှားနည်းနည်းဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရန်သည်အသိပညာဗဟုသုတရှာဖွေပြီး စဉ်ဆက်မပြတ်လေ့လာသင်ယူလေ့ကျင့်နေရန် လိုအပ်ပါသည်။ ထိုသို့ မဟုတ်ပါက အမှားပေါင်းတစ်ထောင်ဖြစ်နေမည်ဖြစ်သည်။ ထို့အပြင် ဝန်ထမ်းတစ်ဦးသည် မိမိလက်မှထွက်သော စာ၊ စာရင်းဇယားနှင့် အစီရင်ခံစာတို့ကိုအမှားအယွင်းနည်းအောင် ဆောင်ရွက်ပေးမည်ဆိုသောစိတ်ဓာတ်မျိုး မွေးထားသင့်ပါသည်။

ပြန်လည်စစ်ဆေးသည့် အလေ့အထကောင်းကိုမွေးမြူထားသင့်သည်။ Check၊ Recheck၊ Counter Check နှင့် Cross Check များအကြိမ်ကြိမ်အခါခါပြုလုပ်သင့်သည်။ အဆင့်အလိုက်တာဝန်ယူမှုနှင့် တာဝန်ခံမှု စိတ်ဓာတ်လည်းမွေးမြူထားသင့်သည်။ ဝန်ထမ်းတစ်ဦးသည်လုပ်ငန်းအပေါ် စိတ်ဝင်စားမှု မရှိသည့်အပြင် လုပ်ငန်းတာဝန်မှားယွင်းမှုကြောင့် အထက်အကြီးအကဲက ဆူပူကြိမ်းမောင်းမှသာ မိမိလက်အောက်ဝန်ထမ်းများလုပ်ဆောင်သည်ဟုပြောဆိုကာအပြစ်ပုံချသည့်လုပ်ရပ်မျိုးကိုလည်း မလုပ်ဆောင်သင့်ချေ။ တာဝန်ရှောင်လွှဲလိုသည့်ထိုဝန်ထမ်းမျိုးလည်းမရှိသင့်ပေ။

နိုင်ငံတော်အစိုးရသည်ဝန်ထမ်းများ၏ စား၊ဝတ်၊နေရေး အဆင်ပြေချောမွေ့စေရေးအတွက် တတ်နိုင်သမျှ အဘက်ဘက်ကဖြည့်ဆည်းပေးလျက်ရှိသည်။ စာရေးသူတို့ဝန်ထမ်းများအပိုင်းကလည်း မိမိတို့ထမ်းဆောင်လျက်ရှိသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုအပ်ပေသည်။ ပြည်သူများ၏ အခွန်အခများကိုစားသုံးနေသောဝန်ထမ်းများသည် ရာထူးအဆင့်နှင့်လျော်ညီသည့် တာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ဗဟုသုတပညာရှာဖွေပြီး လေ့ကျင့်နေရန်လိုအပ်ပေသည်။ ထိုသို့အပတ်တကုတ်ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုမရှိသူများသည် ရေသာခိုအချောင်လိုက်ပြီး ပြည်သူ့ဘဏ္ဍာကိုညာစားနေကြသူများသာဖြစ်သည်။ အဆွေစာရှုသူလည်း ထိုအုပ်စုတွင်မပါအောင် ဗဟုသုတကိုစဉ်ဆက်မပြတ်ရှာဖွေပြီး လေ့ကျင့်မှုများထပ်ခါထပ်ခါဆောင်ရွက်သွားရန်သင့်ပါသည်။

### ထိန်းကျောင်းဖို့လို

လူတစ်ဦးသည် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်လေ့လာသင်ယူနေပါကတိုးတက်မှုရရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ ဓားတစ်လက်ကဲ့သို့ပင် မသွေးဘဲထားပါကသံချေးတက်မည်ဖြစ်ပြီး နေ့စဉ် သွေးပေးနေပါက ထက်မြက်လာမည်ဖြစ်သည်။အချို့သော မြန်မာတို့သည် တတ်သိဟန်ဆောင်သော အလေ့အထ အရိုးစွဲနေပြီဖြစ်သည်။ ကောင်းသောအလေ့အထ မဟုတ်သဖြင့်မျိုးဆက်သစ်လူငယ်များ အတုခိုးမမှားစေရန် ထိန်းကျောင်းပေးဖို့လိုအပ်မည်ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ထိုကဲ့သို့ ဟန်ဆောင်ကောင်းသူများ ပေါများနေသောကြောင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရခြင်းဖြစ်သည်။ အရည်အချင်းရှိသူများနှင့် ဟန်ဆောင်ကောင်းသူများကိုခွဲခြားဖော်ထုတ်ရန်အချိန်တန်နေပြီဖြစ်သည်။ ထိုသို့ မဆောင်ရွက်ဘဲ အရည်အချင်းမရှိသူများနှင့်သာ ဆက်သွားနေမည်ဆိုပါကခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ဖို့ရန်သည် ရွှေပြည်တော်မျှော်တိုင်းဝေးနေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

### တိုးတက်မှုကိုအမီလိုက်

မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် အရှိန်အဟုန်ဖြင့်ပြောင်းလဲတိုးတက်မှုဖြစ်စဉ်များသည် နေ့စဉ်နှင့်အမျှဖြစ်ပေါ်လျက်ရှိသည်။ လူသားတို့သည်ထိုပြောင်းလဲတိုးတက်မှုများကိုအမီလိုက်နိုင်ရန်အတွက် အသိပညာဗဟုသုတကိုစဉ်ဆက်မပြတ် ရှာဖွေနေရန်လိုအပ်ပေသည်။ ထို့အတူကမ္ဘာပေါ်ရှိနိုင်ငံအားလုံးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံတည်းသီးခြားရပ်တည်နိုင်သည့်ခေတ်ကုန်ဆုံးသွားပြီ ဖြစ်သည်။ နိုင်ငံကြီးခြင်း၊ငယ်ခြင်းသည်အဓိကမကျတော့ချေ။

နိုင်ငံတစ်နိုင်ငံ၏ပထဝီအနေအထား၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ခေတ်မီနည်းပညာနှင့် စစ်လက်နက်ပစ္စည်းပိုင်ဆိုင်မှုစသည့်ဘက်ပေါင်းစုံကို ချိန်ထိုးပြီးမှသာ ထိုနိုင်ငံ၏အဆင့်အတန်းကို ဆုံးဖြတ်နိုင်ပေသည်။ အလားတူ လူတစ်ဦးချင်းစီတွင်လည်း ရာထူးအဆင့်အတန်း ကြီးခြင်း၊ နိမ့်ခြင်း၊ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုသည့် သတ်မှတ်ချက်တစ်ခုတည်းပေါ်တွင်ရှုမြင်ပြီး အသိပညာဗဟုသုတနှင့် ကျွမ်းကျင်ပိုင်နိုင်မှုအဆင့်ကိုယတိပြတ်မသတ်မှတ်နိုင်ချေ။ ဗဟုသုတကိုစဉ်ဆက်မပြတ်လေ့လာသင်ယူပြီး အပတ်တကုတ်လေ့ကျင့်နေသူသာလျှင်ကျွမ်းကျင်ပိုင်နိုင်သူဖြစ်နိုင်ပေသည်။ ထိုအချက်သည် မည်သူမျှ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။

### အပတ်တကုတ်ကြိုးပမ်း

ခြုံ၍တင်ပြရလျှင် အခြေခံအသိပညာဗဟုသုတနှင့်ကျွမ်းကျင်ပိုင်နိုင်မှုတို့သည် ဆက်စပ်လျက်ရှိသည်။ အသိပညာဗဟုသုတကိုစဉ်ဆက်မပြတ်ရှာဖွေလေ့လာပြီးအပတ်တကုတ်လေ့ကျင့်သွားမည်ဆိုလျှင် ကျွမ်းကျင်မှုရှိလာမည်ဖြစ်သည်။ အသိပညာဗဟုသုတကြွယ်ဝပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိသောလူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များဖြင့်သာလျှင် ရုံး၊ ဌာန၊ အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းတာဝန်များကို အမှားယွင်းနည်းစွာဖြင့် အချိန်မီအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်မည်ဆိုလျှင် အချိန်နှင့် ငွေကြေးကုန်ကျမှု လျော့နည်းလာမည့်အပြင် ကုန်ထုတ်လုပ်မှုတန်ဖိုးလည်း မြင့်မားလာမည်ဖြစ်သည်။ ထိုသို့ ကုန်ထုတ်လုပ်မှုတန်ဖိုးမြင့်မားလာလျှင် “ရေမြင့်ကြာတင့်” ဆိုသလိုတိုင်းပြည်၏ စီးပွားရေးလည်း တိုးတက်လာမည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ကြောင့်ပြည်သူအားလုံးသည် ကိုယ်စီထမ်းဆောင်နေသောတာဝန်များကို အမှားအယွင်း နည်းနည်းဖြင့် အချိန်မီလုပ်ဆောင်နိုင်ရေးအတွက် အသိပညာ ဗဟုသုတကိုစဉ်ဆက်မပြတ်လေ့လာသင်ယူပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

## ချောင်းဦးမြို့နယ်ဆူးလေကုန်းကျေးရွာ အောင်ဆုထူးလှည်းကူးတံတားဖွင့်လှစ်

**ချောင်းဦး နိုဝင်ဘာ ၁၀**

ကိုရီးယား - မြန်မာ ဆယ်မားအူလ်အွန်ဒို စီမံကိန်းဖြင့် ဆောက်လုပ်သော စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာ အောင်ဆုထူးလှည်းကူးတံတားဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီ က ကျင်းပခဲ့ကြောင်း သိရသည်။

အောင်ဆုထူးလှည်းကူးတံတားကို ဆူးလေကုန်းကျေးရွာ တည်းတော်ရာကျောင်းတိုက် နာယက ဆရာတော် ဦးဇဋိလ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာ အထူးကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်၊ မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးကြည်နှင့် Korea Volunteer ဦးရဲရင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာအထူးကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်တို့က အမှာစကားပြောကြားပြီး မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးကြည်က ဆယ်မားအူလ်အွန်ဒို စီမံကိန်းဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းတင်ပြဆွေးနွေးပြီး Korea Voluntter ဦးရဲရင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူအသီးသီးမှ ဆူးလေကုန်းကျေးရွာ အောင်ဆုထူးလှည်းကူးတံတား တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဆူးလေကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သော ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာ အောင်ဆုထူးလှည်းကူးတံတားမှာ အရှည် ၂၂ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိပြီး တံတားအမျိုးအစားမှာ ကွန်ကရစ်တံတားဖြစ်ကာ အဆိုပါတံတားကို ကိုရီးယား-မြန်မာ ဆယ်မားအူလ်အွန်ဒိုစီမံကိန်းမှ ငွေကျပ် ၄၄၆၀၀၀၀ နှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ ၂၂၀၆၀၀၀ စုစုပေါင်း ငွေကျပ် ၆၆၆၆၀၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်(ချောင်းဦး)**

# ဖိုးအင်ကျေးရွာတွင်တောင်ကျချောင်းရေကိုအသုံးပြုကာ ကိုယ်ပိုင်အိမ်သုံးလျှပ်စစ်မီးများသွယ်တန်းယူ

**မြစ်သား နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဖိုးအင်တောင်ပေါ်ရွာကလေးမှာ တောင်ကျချောင်းရေကို အသုံးပြုကာ ကိုယ်ပိုင် အိမ်သုံးလျှပ်စစ်များကို သွယ်တန်းယူကြသည်။ ဖိုးအင်ရွာပတ်လည်တွင် ကျောက်တစ်လုံးတောင်၊ ရေထွက်ဦးတောင်၊ နွှန်းနားကုန်းတောင်၊ ငှက်ကြီးတောက် တောင်များက ဝန်းရံထားသောကျေးရွာပင်ဖြစ်သည်။ ကျေးရွာတွင် အိမ်ခြေ ၁၀၄ အိမ်ရှိပြီး တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။



ဖိုးအင်ကျေးရွာမှာ ဖိုးအင်ရေထွက်မှထွက်လာသော တောင်ကျချောင်းရေကိုအသုံးပြုကာ ကိုယ်ပိုင်အိမ်သုံး လျှပ်စစ်များကို သွယ်တန်းယူကြသည်။ လျှပ်စစ်သွယ်တန်းယူရာတွင် ဒေသအခေါ် (တာဘိုင်) လျှပ်စစ်ထုတ်ကိရိယာ အသေးများကို ဝယ်ယူကာ ရွာအနီးရှိ တောင်ကျချောင်းများ စီးဆင်းရာနေရာတွင် တပ်ဆင်ကာ ရေအားဖြင့် တစ်ပိုင်တစ်နိုင် လျှပ်စစ်ကိုထုတ်ယူကြသည်။ တာဘိုင်အသေးစားတစ်ခုလျှင် ငွေကျပ် ၁၅၀၀၀၀ ကျော်ရှိသည်။ တောင်ကျချောင်းကျသည့်နေရာတွင် တာဘိုင်များတပ်ဆင်ကာ ရွာထဲသို့သွယ်တန်းယူကြသည်။ ရွာ အရောက်အထိ ကိုယ်ပိုင်လျှပ်စစ်သွယ်တန်းရန်အတွက် တာဘိုင်တန်ဖိုးအပါအဝင် ငွေကျပ် ၃၅၀၀၀၀ ကျော်ကုန်ကျသည်။

ဖိုးအင်ရွာတွင် ကိုယ်ပိုင်လျှပ်စစ်သွယ်တန်းယူသည့် တာဘိုင် ခုနစ်လုံးရှိပြီး အနီးအနားအိမ်များကို မီးတစ်ပွင့်လျှင် တစ်လငွေကျပ် ၁၀၀၀ နှုန်းဖြင့် သွယ်တန်းပေးသည်။ မီးကို ၂၄ နာရီပေးထားသည်။ မီးရပ်လိုပါက တောင်ကျချောင်းကို ရေလွှဲပေးရုံသာလျှင်ဖြစ်သည်။ လက်ရှိကာလ ဖိုးအင်ကျေးရွာတွင် တာဘိုင်အသေးစားများကို အသုံးပြုကာ ကိုယ်ပိုင်အိမ်သုံးလျှပ်စစ်များကို ထုတ်ယူအသုံးပြုပြီး ရွာလုံးကျွတ် မီးလင်းရေးအတွက် ပြုလုပ်လျက်ရှိကြသည်။ တောင်ကျချောင်းရေကို အသုံးချကာ တာဘိုင်အသေးစားဖြင့် အိမ်သုံးလျှပ်စစ်ထုတ်ယူသည့်အတွက် ရွာလုံးကျွတ် မီးလင်းလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## ကတ္တရာလမ်းချဲ့ခြင်းနှင့် မြေသားလမ်းပခုံးတင်ခြင်းဆောင်ရွက်

**ချောင်းဆုံ နိုဝင်ဘာ ၁၀**

ပြည်သူများ သွားရေးလာရေးအဆင်ပြေမှုရှိစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ချောင်းဆုံမြို့နယ် လမ်းဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဘီလူးကျွန်း(ချောင်းဆုံ) ကျွန်းပတ်လမ်းတွင် ပါဝင်သော ကလို့-ရွာလွတ်-ချောင်းဆုံ-နတ်မော်လမ်းအား ကတ္တရာလမ်းချဲ့ခင်းခြင်းနှင့် မြေသားလမ်းပခုံးတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်က ချောင်းဆုံအနောက်ရပ်ကွက်ရှိ ကန်တော်ကြီးလမ်းအား လမ်းဘေးဝဲ/ယာ ကတ္တရာခင်းခြင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၈၄၆ ဒသမ ၂ သန်း ဖြင့် ကတ္တရာလမ်းချဲ့ခင်းခြင်းဖြစ်ပြီး လမ်းအကျယ် ၁၂ ပေအား ၁၈ ပေအကျယ်ဖြင့် တစ်ဖက်သုံးပေချဲ့ထွင်ခြင်း၊ ကမနင်း-မုခနီးကွင်းကူးလမ်းအား ၃၄ ပေ အကျယ် မြေသားလမ်း အသစ်ချဲ့ထွင်ခြင်း လုပ်ငန်းများကို လမ်းလုပ်သားအဖွဲ့နှစ်ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**

## ဆယ်သိမ်းကျေးရွာတွင်သွားရေးလာရေး လွယ်ကူစေရန် ရိုစာလမ်းခင်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် တောင်ညိုကျေးရွာအုပ်စု ဆယ်သိမ်းကျေးရွာတွင်းလမ်း မြေသားနှစ်ပေဒုနှင့် ရိုစာလမ်း ရှစ်လက်မဒုခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်းစိုး၊ ဥတ္တရသီရိမြို့နယ် တာဝန်ခံ အင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်နှင့် ကျေးလက်ဝန်ထမ်းများမှ နိုဝင်ဘာ ၈ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အလေးထားဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားခဲ့သည်။

အဆိုပါ ဆယ်သိမ်းကျေးရွာတွင်းလမ်း (မြေသား+ရိုစာလမ်းလုပ်ငန်း)မှာ သုည မိုင် /၂ ဒသမ ၁၁ ဖာလုံဖြစ်ပြီး ခွင့်ပြုငွေ ကျပ်သန်း ၁၀ ဒသမ ၂၉၃ သန်းဖြင့် ဆက်ထွန်းတောက်ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ၏ ပြောပြချက်အရ သိရသည်။

**ရွှေရဲရင့်**

## ဝေးလံခေါင်ပါးသောကျေးရွာများသို့ အခမဲ့ဆေးကုသမှုလုပ်ငန်း ဆောင်ရွက်

**မောက်မယ် နိုဝင်ဘာ ၁၀**

ကျေးရွာနေ တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးကာ ကျန်းမာစေရေး ရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းဦးဆောင်၍ နိုဝင်ဘာ ၈ ရက်တွင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု နောင်ဗိုကျေးရွာငယ်လေးသို့ ပအိုဝ်းတိုင်းရင်းသားပြည်သူများ ၂၀၀ ကျော်အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုရာဌာနသို့ မလာနိုင်သော သက်ကြီးရွယ်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ မွေးရာပါ ဦးနှောက်ငယ်ရောဂါနှင့် ဆက်စပ်နေသည့် ဇီကာဗိုင်းရပ်စ်အန္တရာယ်ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ နေ့အချိန် ခြင်ကိုက်ခြင်းမှ ကာကွယ်ကြရန် ဆွေးနွေးကာ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေးဆရာ၊ ဆရာမများ၊ အာအိုင် (Relief International) လူမှုရေးအသင်းအဖွဲ့များ၊ လူထုကျန်းမာရေးလုပ်သားများ၊ အရန်သားဖွားများလိုက်ပါ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**



## ကြက်ရင်း-ခေါင်းပွာ-လက်ပံကျေးရွာချင်းဆက်မြေသားလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းနှင့် လက်ပံချောင်းကူး တံတားတည်ဆောက်မည်

**ပုလဲ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀၀ ကျော်ဖြင့် ကြက်ရင်း-ခေါင်းပွာ-လက်ပံကျေးရွာချင်းဆက်မြေသားလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၈၀၀ ကျော်ဖြင့် ချောင်းကူးတံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က "ကျွန်တော်တို့ ဌာနအနေနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမှသည် ကျေးလက်လူမှုစီးပွားဘဝမြင့်မား တိုးတက်လာစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀၀ ကျော်ဖြင့် ကြက်ရင်း-ခေါင်းပွာ-လက်ပံကျေးရွာချင်းဆက် မြေသားလမ်းအရှည် ခြောက်မိုင်ခွဲ၊ အကျယ် ၁၂ ပေအား ကျောက်ချောလမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၈၀၀ ကျော်ဖြင့် လက်ပံချောင်းကူး သံပေါင်ရက်မ သစ်သားတံတား အရှည် ပေ ၁၂၀၊ အမြင့် ၁၂ ပေ၊ အကျယ် ၁၄ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ် ကြက်ရင်းကျေးရွာနေ ရပ်မိရပ်ဖဦးကျော်သန်းက "၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀၀ ကျော်ဖြင့် ကြက်ရင်း-ခေါင်းပွာ- လက်ပံကျေးရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၈၀၀ ကျော်ဖြင့် လက်ပံချောင်းကူး တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်မယ်လို့ကြားသိရတဲ့အတွက်ကြောင့် အလွန်ကို ဝမ်းသာမိပါတယ်။ ဒီလမ်းက မိုးတွင်းဆိုရင် ဆိုင်ကယ်၊ မော်တော်ကားသွားလာလို့မရဘဲ ခြေကျင်သာ သွားလာရပါတယ်။ လက်ပံကျေးရွာသူ၊ ကျေးရွာသားတွေကလည်း မိုးတွင်း ချောင်းရေကျရင် အသက်အန္တရာယ် စိုးရိမ်ရလို့ ချောင်းကို ဖြတ်မကူးဘဲ ချောင်းရေကျချိန်မှသာလျှင် သွားလာကြရတဲ့ ဒုက္ခတွေရှိခဲ့ပါတယ်။

အခုတော့ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက လက်ပံချောင်းကူးတံတားနဲ့ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်"ဟု ပြောသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | | | | |
|---|---|---|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၄ | ၈ | တိုက်-A ၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၂၃၂၂ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၀၂၊ ၀၁-၅၄၃၂၀၆ | ၉ | ၁၂၅၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကဟရွတ်၊ စရိုပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၃ | အမှတ်-၂၃/ ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၇ | ၁၀ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၃၂ | ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၅ |
| ၅ | အမှတ်-၁၂၅၊ သံဈေးရွှေ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ | ၁၂ | ၂/ ၈၃၊နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ဆင်ရတနာအနီးယောက်သွားအင်းရပ်၊နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၄၇၇၃ |
| ၆ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ | ၁၃ | အမှတ် (၁၆၉)၊ မင်းဘကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်၊ စစ်တွေမြို့။ | ၀၄၃-၂၁၄၁၂ |
| ၇ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၈၃၀၈၅ | | | |

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်



## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက် (တနင်္လာနေ့) "တန်ဆောင်မုန်းလပြည့်နေ့"သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

jrefmEÅNatvmf [ MPf

**FULLY LIGHT** ခရီးသွားကုမ္ပဏီ

လူကြီးမင်းတို့ သွားလိုရာ ခရီးအား အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...

လိပ်စာ - ဗဂိုစင်တာ(၁)၊ဘီဆောင်-၈၀၁၊မြေနီကုန်း၊စမ်းချောင်း၊

01-503815 ,09-333 777 82,09-42 101 3085

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ အဌမတန်း(D)မှ မောင်ဂွမ်ဆန်နော်၏ အမည်မှန်မှာ မောင်ဆာ မြူရယ်ဂွမ်ဆန်နော် ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးအိုက်စိုင်း(ခ) ဦးမိုးလွင်၏ သား မောင်ဇော်ဇော်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၁၉၉၉ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မာယာ[၁/မကန (နိုင်)၀၈၁၁၁၄]၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

zkf-09-786205715








## "ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

**ALTECO CHEMICAL PTE LTD. No.19, Tuas Avenue 11, Singapore. 639084** သည် အောက်တွင်ဖော်ပြထားသော **ALTECO** ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများပါ မူပိုင်ခွင့်တံဆိပ်များကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီး ကော်နှင့်ဆက်စပ်သောကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




အထက်ပါ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ပါကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းတရားဝင်ဖြန့်ဖြူးရောင်းချရန်အတွက် **Peninsula Enterprises Ltd.** အား တစ်ဦးတည်းဖြန့်ချိရေး အရောင်းကိုယ်စားလှယ်အဖြစ်ခန့်အပ်ပြီး၊ အဆိုပါအမှတ်တံဆိပ်မူပိုင်ခွင့်ပါ ကော်နှင့်ဆက်စပ်သည့်ပစ္စည်းများကို ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်းနှင့်ဗိုလ်မင်းရောင်လမ်းထောင့်၊ တော်ဝင်ပလာဇာရှိ **Sale Center** မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ **ALTECO** ကုန်အမှတ်တံဆိပ်ပါကုန်ပစ္စည်းများ၏ ကောင်းသော ဂုဏ်သတင်းကိုအခွင့်ကောင်းယူ၍ လုပ်ငန်းရှင်အချို့သည် အဆိုပါကုန်အမှတ်တံဆိပ်များကို ဆင်တူယိုးမှားပြုလုပ်၍ အရည်အသွေးမမှီသော ကော်နှင့်ဆက်စပ်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ ဤကြော်ငြာပါရှိသည့် ယနေ့မှစ၍ **ALTECO** အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသော ကော်နှင့်ဆက်စပ်ပစ္စည်းများကို ဈေးကွက်အတွင်းမှ အမြန်ဆုံးရုပ်သိမ်းပေးပါရန်နှင့် **ALTECO** ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားအတုပြုလုပ်၍ ကော်နှင့်ဆက်စပ်ပစ္စည်းများ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း လုံး၀(လုံး၀)မပြုလုပ်ပါရန် သတိပေးအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့်တရားမကြောင်းတို့ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ALTECO CHEMICAL PTE LTD.** ၏ တရားလွှတ်တော်ရှေ့နေ ဦးအီနုစ်(LL.B)(စဉ်-၅၃၄၁)

**YE NOOS & ASSOCIATES (Law Firm)**

**gmail : ye.noos1@gmail.com**

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## အထက(၂)ပုဇွန်တောင် ဒွါဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက(၂) ပုဇွန်တောင်၌ ၁၉၆၆ခုနှစ်မှ ၁၉၉၂ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသော အသက်(၆၀)နှစ်ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ဒွါဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အထက(၂) ပုဇွန်တောင်(တေဇ)ခန်းမတွင် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အဝေးရောက် ဆရာ၊ ဆရာမကြီးများ ကျောင်းသူ၊ ကျောင်းသားဟောင်းများ ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုပါက ဆရာဦးလှဖေ ဖုန်း-၀၉-၇၉၉၂၃၅၆၉၉၊ ဆရာမဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမဒေါ်ခင်အေးမြ ဖုန်း-၂၉၇၁၆၇၊ ဆရာမဒေါ်ရီရီရှိန် ဖုန်း-၂၉၀၅၃၄၊ ဦးကြည်စိန်- ၀၉-၇၃၁၆၉၃၉၉၊ ဦးအောင်ခင် ဖုန်း-၀၉-၅၀၀၀၇၅၀၊ ဦးတင်စိုး ဖုန်း-၀၉-၅၁၅၂၂၃၃၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၀၄၃၇၇၊ မမြတ်ဆု ဖုန်း-၀၉-၇၃၀၈၃၃၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Since 1985
ရွှေမန္တလာ
ကျိုက်ထီးရိုး • မြဝတီ
ချောင်းသာ • ပေလီ
01-392704, 09 73017110
09795066657, 09785066657

## ရန်ကုန်စက်မှုတက္ကသိုလ်(1984-1993) ဘာသာရပ်ပေါင်းစုံ ၁၅နှစ်မြောက် သူငယ်ချင်းမိသားစုများတွေ့ဆုံပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

၁၉၈၄ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကို ဝင်ရောက်လာသော၊ ၁၉၉၃ခုနှစ်တွင် ဘွဲ့ရသော၊ ၁၉၈၄ ထက်စော၍ ဝင်ရောက်လာသော်လည်း ကျောင်းပျော်ကာ ၁၉၈၄အတန်း(Intake) နှင့် ကံဆုံခဲ့သော သူငယ်ချင်းများသို့ . . . . ၁၉၈၄-၁၉၉၃ ရန်ကုန်စက်မှုတက္ကသိုလ် သူငယ်ချင်း မိသားစုများ တွေ့ဆုံပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- **နေရာကြိုတင်စီစဉ်ရပါသဖြင့် ကြိုတင်လက်မှတ်များ ဝယ်ယူပေးပါရန်။**
- **နေ့ရက်** ၂၀၁၆ ဒီဇင်ဘာ ၃ရက် (စနေနေ့)၊ ညနေ (၅)နာရီ အရောက်လာပါရန်
- **နေရာ** Western Park Royal(KanDawGyi), ကမ္ဘာ့အေးဘုရားလမ်းမှဝင်ပါရန်။

**ဆက်သွယ်ရန်**
အေးကိုကို(Ec) (095181133), မြင့်သူ(Ec) (095124577), သန့်ဇော်(Chem)(09450011680)
ညဏ်စိုး(Ec) (09254106277), တေဇာအောင် (EP)(09799666724), မိုးဇော်ဦး(Mech) (092002924)
ဇော်မိုး(Mech) (0973060117), ကျော်စိုး(Mech)(098627852), အောင်မြင့်မော်(Mining)(095187854)

## လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တန်ဆောင်တိုင်မီးထွန်းပွဲတော်

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) အား ၁၄-၁၁-၂၀၁၆ တန်ဆောင်မုန်းလပြည့်နေ့ နံနက် အရုဏ် တွင် ဆွမ်းပန်းရေချမ်းများ ကပ်လှူပါမည်။ ဘုရားဖူးပြည်သူအများကို ဘာသာရေးအဖွဲ့များက စတုဒိသာကျွေးမွေးပြီး ညနေ(၆:၀၀)နာရီမှ စတင်၍ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ ဆီမီးများ ထွန်းညှိပူဇော်ခြင်းများဖြင့် **တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီး** ကို ကျင်းပမည်ဖြစ်ပါ၍ စတုဒိသာ ကျွေးမွေးဒါနပြုလိုသူများ ဆီမီးထွန်းပူဇော်လိုသူများ ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အဖွဲ့ခေါင်းဆောင် ♦ ဖုန်း-၀၉၅၀၆၇၈၇၇၊ ဘဏ္ဍာရေးမှူး ♦ ဖုန်း-၀၉ ၄၂၀၁၉၅၁၀၊
ရုံးအဖွဲ့မှူး ♦ ဖုန်း-၀၉ ၇၃၁၃၀၆၀၅

(ဂေါပကအဖွဲ့)

## အိမ်မဲမြို့၊ အ.ထ.က(၂၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အိမ်မဲမြို့ အ.ထ.က(၂၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို (၂၅.၁၂.၂၀၁၆)နေ့ မွန်းလွဲ (၁း၀၀)နာရီ တွင် ရွှေညီလာခန်းမ၌ ကျင်းပမည်ဖြစ် ပြီး ည (၆း၀၀)နာရီတွင် မိတ်ဆုံစားပွဲကို ကျင်းပမည်။ (၂၄.၁၂.၂၀၁၆)နေ့ နံနက်(၁၁း၀၀)နာရီတွင် ဂက်တောင်းပတ်(၆)ရွှေ မှ အိမ်မဲမြို့သို့ ယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်ရာ ရပ်ဝေးဆရာကြီး ဆရာမကြီးများသည် ဦးခင်ညွန့် (၀၉ ၉၅၂၀၇၃၈၂၃) ထံ ကြိုတင်ဆက်သွယ်နိုင်ပါသည်။ ရပ်ဝေးသူငယ်ချင်းများထံ (၂၄.၁၁.၂၀၁၆)နေ့ မှ (၂၈.၁၁.၂၀၁၆)နေ့တွင် အလှူငွေများ၊ လာရောက်ကောက်ခံမည်ဖြစ်သည်။ အလှူငွေများကို ဆရာဦးထိန်ဝင်း (၀၉ ၄၂၂၄၅၅၆၈) ၊ ဆရာ ဦးကျော်မြင့် (၀၉ ၂၅၀၄၄၀၀၄၄)၊ ဆရာမ ဒေါ်ထွေးရီ (၀၉ ၄၉၇၄၀၇၁၈) သို့ လှူဒါန်းနိုင်သည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ
အိမ်မဲမြို့






## နှစ်(၄၀)ပြောက် မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

ဖေဖေ ဦးတင်ဝင်းနှင့် မေမေ ဒေါ်ခင်ဆွေဝင်းတို့၏ ၁၁-၁၁-၂၀၁၆ရက်တွင် ပြည့်မြောက်သော "နှစ်(၄၀)မြောက် မင်္ဂလာနှစ်ပတ်လည်"ရက်မြတ်မှသည် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးလမ်းကို ကျန်းမာချမ်းသာစွာ ဆက်လက်လျှောက်လှမ်းနိုင်ပြီး ဘာသာ၊ သာသနာ၊ လူမှုရေးအကျိုးများကို ယခုထက်မက ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

cpfom; -ukumbeMrfzdkef cpforDrwifwifNukdifwkef
cpfajr;rm; -citifpfc)*ifef;pf cpfajr;-a&Tnifa&Tjrdif(c)a&TOrf
-cefYel(c)*Ifezd
-jrjrxuf(c)cpfaTjrom

## နှစ်(၄၀)ပြောက် မင်္ဂလာနှစ်ပတ်လည် ဆုတောင်း

ဦးတင်ဝင်း(CHAIRMAN, TIN WIN TUN GROUP OF COMPANIES)-ဒေါ်ခင်ဆွေဝင်းတို့၏ ၁၁-၁၁-၂၀၁၆ရက်တွင် ကျရောက်သော "နှစ်(၄၀)မြောက် မင်္ဂလာနှစ်ပတ်လည်"ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးတို့ကိုဆောင်ရွက်လျက် ယခုထက်ပို၍ အလျှုဒါန ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

cpfomnDpfuarmifESrm;-
a'ukifa'wifvSDwifif-a'jzjzOifa'wifwifX;
OD;eDOifatmifa'oEmÅ[HDwifarmifpa'EDkif

## နှစ်(၄၀)ပြောက် မင်္ဂလာနှစ်ပတ်လည် ဆုတောင်း

ဦးတင်ဝင်း (CHAIRMAN, TIN WIN TUN GROUP OF COMPANIES)-ဒေါ်ခင်ဆွေဝင်း တို့၏ ၁၁-၁၁-၂၀၁၆ ရက်တွင် ကျရောက်သော "နှစ်(၄၀)မြောက် မင်္ဂလာနှစ်ပတ်လည်"ရက်မြတ်မှသည် နောင် နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို ဆောင်ရွက်လျက် ယခုထက်ပို၍ အလှုဒါနပြု နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

wifufxefukÜDS
Oefkrfrm;















ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# Congratulations

The Grand Opening Ceremony of E.SUN Commercial Bank (Yangon Branch)

on November 9th, 2016.

M.O.B
Chairman & Board of Directors
Myanmar Oriental Bank

---

သမားတော်ကြီး ဆရာမြင့်(စကြာမင်း) ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါဝေဒနာရှင်များကို လက်တွေ့ကုသမှုပေးရာမှ ထိရောက်အစွမ်းထက်၍ စနစ်တကျ ထုတ်လုပ်ပြန့်ချိလိုက်သော...

**စကြာမင်း** အရိုးကျိုးပေါင်းရောဂါ သောက်ဆေး

**စကြာမင်း** အရိုးကျိုးပေါင်းရောဂါ လိမ်းဆေး

**စကြာမင်း** အရိုးကျိုးပေါင်းရောဂါ စည်းဆေး(အုံဆေး)

ဖက်ကြေတက်၊ ဒူးနာ၊ ခါးနာ၊ အရိုးအဆစ် ကျိုးပေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - စကြာမင်းအရိုးကျိုးပေါင်းရောဂါကုဆေးခန်း - အမှတ်(စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။ ဖုန်း - ၆၉၁၀၉၁၊ ၀၉ ၇၃၀ ၉၇၅၂၄

---

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ် များလိုသူများအတွက်

**ဂုဏ်ထူး ဦးအောင်ဒိုင်**

2017 English Question 5 Sets

၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

---



Home Since 1996

နံရံကပ် အလှဆင်

Wall Leather

Special Promotion ! *Terms & Condition Applied !

Buy 1 လိပ် Korean Wall Leather → Get FREE 2 လိပ် Vinyl Wall Covering

အမှတ်-(၁၁)၊ ပင်လုံလမ်း၊ ... ရန်ကုန်။ ☎ 09 79 700 70 74, 09 79 700 70 84

---




ဆိုင်ကယ် ပျောက်မှာပူစရာမလို

DPS ရဲ့ GPS ခြေရာခံစက်ဟာ ဆိုင်ကယ်ရဲ့ အောက်ခြေပိုင်းအတွက်အဖြစ်လည်းကောင်း၊ နောက်မီးသီးအဖြစ်လည်းကောင်း၊ ဆားကစ်ဘုတ်တစ်ခုအဖြစ်လည်းကောင်း ဖုက်တပ်ထားလို့ရပြီဖြစ်၍ လေ့လာမေးမြန်း စမ်းသုံးကြည့်ပါ။

No.165, 35th Street, KTDA, Yangon Tel : 204020, 09 774 204020, 775 204020, 455 204020, 5030177

---

ဂုဏ်သိက္ခာရှိစွာ တည်းခိုလိုသူတိုင်းအတွက်

**NEW TIGER HOTEL**

ဟိုတယ်အသစ်ကြီးတွင် လာရောက်တည်းခိုကြပါ

---

### အိမ်နှင့်ခြံ ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ စိတ်ရတနာလမ်း၊ အကျယ်ပေ (၄၀×၆၀)ရှိ အုတ်ခံပျဉ်ထောင်နှစ်ထပ် အိမ်သုံးမီတာ (၂)လုံး၊ ကားဂိုဒေါင်၊ ဂရန်အမည်ပေါက်နှင့် အကျယ် ပေ(၂၀×၆၀)ရှိ အုတ်ခံပျဉ်ထောင်နှစ်ထပ်အိမ် ရေ၊ မီးအစုံ၊ လန-၃၉ကျပြီး အသင့်လူနေထိုင်နိုင်သည့် အိမ်(၂)လုံးအား ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

